# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဉပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 October 2017 (၉၀၇၈)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ထောက်ခံကြောင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချသည့်အခမ်းအနား ရန်ကုန်မြို့၌ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ထောက်ခံကြောင်းနှင့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချသည့် အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ပြုလုပ်သည်။ **(ယာပုံ)**




"ဒီပွဲကတော့ ရခိုင်ပြည်နယ်မှာ အကြမ်းဖက်သမားတွေရဲ့အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က နိုင်ငံ့လုံခြုံရေး၊ ကာကွယ်ရေးအတွက် ဆောင်ရွက်နေရတာ ရှိတယ်။ အဲဒီအပေါ်မှာ နိုင်ငံတော်အစိုးရအဖွဲ့ ခေါင်းဆောင်တွေနဲ့ တပ်မတော်ခေါင်းဆောင်တွေကို ကျွန်တော်တို့က ထောက်ခံကြောင်းပြသတာပါ။ ဒါ့အပြင် ARSA အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကန့်ကွက်ရှုတ်ချတာပါ"ဟု အဆိုပါပွဲတွင် ပါဝင်သူ စာရေးဆရာ ဦးအောင်မြိုင်က ပြောသည်။

အခမ်းအနားတွင် နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုကြပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**


## ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ အကြံပြုချက်များသည် ရေရှည်ငြိမ်းချမ်းရေးရရှိရေးအတွက် အသင့်လျော်ဆုံး လမ်းပြမြေပုံအဖြစ်ယုံကြည်

### ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ Arria-Formula အစည်းအဝေးတွင် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည့် မိန့်ခွန်း (၁၃- ၁၀-၂၀၁၇)

**သဘာပတိကြီးခင်ဗျား**

ရှင်းလင်းပြောကြားပေးသည့်အတွက် ဒေါက်တာကိုဖီအာနန်အား ကျေးဇူးတင်ရှိပါတယ်။

ရခိုင်ပြည်နယ်ရဲ့ လွန်စွာခက်ခဲသည့် ပြဿနာတစ်ခုအား ဖြေရှင်းရန် ပြီးခဲ့သည့် ၁၂ လကျော်ကာလအတွင်း ဒေါက်တာကိုဖီအာနန်အနေဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် ရေရှည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးနည်းလမ်းကိုရှာဖွေရန် ဒေါက်တာကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်သူများ၊ ဒေသတွင်းနှင့် ဒေသပြင်ပရှိ သက်ဆိုင်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။

ဒေါက်တာကိုဖီအာနန်ရဲ့ ယနေ့ရှင်းလင်းပြောကြားမှုဟာ ကိုယ်တိုင်မြင်တွေ့ရသည့် အရင်းအမြစ်ကရရှိသော သတင်းအချက်အလက်များနှင့် သေချာစွာ သုတေသနပြုထားသည့် အချက်အလက်များကို အခြေခံ၍ ပြောကြားခြင်းဖြစ်ပါတယ်။ ၎င်း၏ရှင်းလင်းပြောကြားမှုဟာ မိမိတို့ အကြိမ်ကြိမ်ကြားနေရသည့် ယထာဘူတကျမှုမရှိသည့် ရှင်းလင်းပြောကြားမှုများနှင့် လွန်စွာကွာခြားပါတယ်။

ဒေါက်တာကိုဖီအာနန်အနေဖြင့် ရခိုင်ပြည်နယ်ကိစ္စသည် မည်မျှရှုပ်ထွေးပြီး စိန်ခေါ်မှုများရှိသည့်ကိစ္စ၊ နိုင်ငံတကာ၏ အာရုံစိုက်မှုဖြစ်လာရသည့် အကြောင်းအရင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အကောင်းဆုံးဖြစ်နိုင်သည့် နည်းလမ်းများအပေါ်


**စာမျက်နှာ ၆ ကော်လံ ၁ သို့ ▼**



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

# ကြေးမုံ

## လုံခြုံမှုသည် ပထမ

လုပ်ငန်းခွင်နယ်ပယ် အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တို့တွင် "လုံခြုံမှုသည် ပထမ Safety First" ဟူသော သတိပေးနှိုးဆော်ချက်များ ထားလေ့ရှိသည်။ လုပ်ငန်းခွင်ဝင်သောလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ရည်ရွယ်သည်။ အလားတူ အများပြည်သူသုံးစွဲသော အရာမှန်သမျှတို့တွင် အသုံးပြုသူ ပြည်သူများလုံခြုံစိတ်ချမှု၊ အရည်အသွေးကောင်းမွန်မှု၊ ဘေးအန္တရာယ်ကင်းမှုတို့အတွက် "Guaranty အာမခံ" သတ်မှတ်ချက်များ ပါလေ့ရှိသည်။

ယင်းအစဉ်အလာကို များသောအားဖြင့် နိုင်ငံတကာရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အလေးအနက်ထား၍ ဆောင်ရွက်သူရော၊ ပတ်သက်သူတို့ပါ တိကျစွာလိုက်နာကျင့်သုံးကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်မဖွံ့ဖြိုးသေးသော နိုင်ငံတို့တွင် ယင်းကိစ္စကို ဆောင်ရွက်သူရော၊ ပတ်သက်သူတို့ပါ များသောအားဖြင့် အလေးမထားနိုင်သေးချေ။ ထို့ကြောင့် အလေးမထားသောနိုင်ငံများတွင် ဘေးအန္တရာယ်များ ပိုမိုကျရောက်တတ်သည်ကို မြင်တွေ့နိုင်သည်။

"လုံခြုံမှုသည်ပထမ Safety First"နှင့် "Safety Guaranty လုံခြုံမှုအာမခံ" တို့သည် မည်သည့်နယ်ပယ်၊ မည်သည့်ကိစ္စရပ်တွင်မဆို အလွန်အရေးကြီးသော သတ်မှတ်ချက်ဖြစ်သည်။ ယင်းတို့ကို လိုက်နာပါက ဘေးအန္တရာယ်လျော့ပါးပြီး မလိုက်နာပါက ဘေးအန္တရာယ်တို့နှင့် မကြာခဏ ကြုံတွေ့ကြရသဖြင့် ထိုစနစ်ကို လိုက်နာဆောင်ရွက်သော အလေ့အထကောင်းများ ထွန်းကားလာအောင် ကြိုးပမ်းအားထုတ်သင့်သည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းနယ်ပယ်အမျိုးမျိုးတို့တွင် အန္တရာယ်အနည်းနှင့်အများရှိတတ်သည်။ ထိုသို့ ရှိတတ်သည်တို့အနက် မြန်မာနိုင်ငံ၌ အစဉ်အလာအားဖြင့် ထိပ်တန်းမှရပ်တည်နေသောနယ်ပယ်မှာ ယာဉ်နှင့် ယာဉ်အသုံးပြုသူများအတွက် အန္တရာယ်ဖြစ်သည်။ အသုံးပြုသူများအနေဖြင့် လုံခြုံမှုပထမကို လိုက်နာခြင်းမရှိသလို ယာဉ်နှင့်ပတ်သက်၍လည်း လုံခြုံမှုအာမခံချက်ကို အလေးထားခြင်းလည်းမရှိချေ။ ထို့ကြောင့် ယာဉ်အန္တရာယ်မှာ အစဉ်အဆက် ထိပ်ဆုံးမှ ရပ်တည်နေသည်ဟု ဆိုချင်သည်။

ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ သက်ဆိုင်ရာတို့က သတိပေးချက်နှင့် သေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏထုတ်ပြန်ပေးလျက်ရှိရာ ယခင်ထက်စာလျှင် လျော့ကျသွားသည်ဟုဆိုသော်လည်း မြင့်မားတိုးတက်နေဆဲဟုပင် ထင်မှတ်ရသည်။ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မော်တော်ယာဉ် မတော်တဆမှုများကြောင့် သေဆုံးသူ ၃၅၅၆ ဦးရှိခဲ့သဖြင့် တစ်ရက်လျှင် လူ ၁၅ ဦးနှုန်းခန့် သေဆုံးလျက်ရှိကြောင်းနှင့် ဒဏ်ရာရသူ ၁၉၈၁၇ ဦးရှိခဲ့သဖြင့် တစ်ရက်လျှင် ၈၂ ဦးကျော် ဒဏ်ရာရရှိနေကြောင်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက အသိပေးထားသည်။

သို့ဖြစ်ရာ ယာဉ်အန္တရာယ်အမျိုးမျိုးကြောင့် တစ်ရက်လျှင် သေဆုံးသူ ၁၅ ဦးနှုန်းခန့်နှင့် ဒဏ်ရာရသူ ၈၂ ဦးကျော်နှုန်းတို့သည် စစ်ပွဲများကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုနှုန်းထက်ပင် ကျော်လွန်နေသည်ဟုပင် ထင်မှတ်ရမလိုဖြစ်နေသည်။ တစ်နှစ်အတွင်း လူပေါင်း ၅၄၀၀ သေဆုံးကြပြီး လူပေါင်း သုံးသောင်းနီးပါးဒဏ်ရာရရှိနေသည့် ယာဉ်စစ်ပွဲကြီးဟုပင် ကင်ပွန်းတပ်ရမလိုဖြစ်နေသည်။

ထိုသို့ဖြစ်ပွားနေရခြင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေသည်ဟု ဆိုရမည်ဖြစ်သလို အထက်ဖော်ပြပါ ယာဉ်ပိုင်းဆိုင်ရာ "Safety Guaranty လုံခြုံမှုအာမခံ" အားနည်းခြင်းနှင့် လူပိုင်းဆိုင်ရာ "လုံခြုံမှုသည် ပထမ Safety First" ကျင့်သုံးမှုအားနည်းခြင်းတို့လည်း ပါဝင်မည်ဖြစ်သည်။ ယင်းတို့ကို လိုက်နာကျင့်သုံးနိုင်မည်ဆိုပါက မော်တော်ယာဉ်ကြောင့် လူသေဆုံး၊ ဒဏ်ရာရမှုများ ထက်ဝက်ခန့်လျှော့ချပေးနိုင်မည်ဟု သုံးသပ်မိပါသည်။

သို့ဖြစ်ပါ၍ "လုံခြုံမှုသည် ပထမ Safety First"၊ "Safety Guaranty လုံခြုံမှုအာမခံ" စနစ်တို့သည် မော်တော်ယာဉ်ပိုင်းဆိုင်ရာတွင်သာမက အခြားသောလုံခြုံမှုဆိုင်ရာ နယ်ပယ်အသီးသီးတွင် လူ့အသက်ဆုံးရှုံးမှုနှင့် ဒဏ်ရာရရှိမှုတို့ကို လျှော့ချနိုင်သော စနစ်များဖြစ်ပါ၍ ထိုစနစ်များ လွှမ်းခြုံဖြစ်ထွန်းလာစေရေး မြော်တွေးအားထုတ်နိုင်ကြစေရန် အကြံပြုအပ်ပါသည်။ ။

## လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ဒုတိယဝန်ကြီး သွားရောက်စစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေး၊ ဗို့အားကျဆင်းမှုမရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၃ ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၃၃/၁၁ ကေဗွီ ၂×၁၀ အမ်ဗွီအေ (၆၅)လမ်း ခွဲရုံသို့ ရောက်ရှိခဲ့သည်။

အဆိုပါခွဲရုံတွင် လက်ရှိ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ဓာတ်အားပေးလျက်ရှိပြီး ပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လက်ရှိတပ်ဆင်ထားသည့် ၃၃/၁၁ ကေဗွီ ၂×၁၀ အမ်ဗွီအေ ထရန်စဖော်မာကို ဗို့အားအတက်အကျ ထိန်းညှိဆောင်ရွက်နိုင်သည့် (Voltage Tapping) ကို လက်ရှိအခြေအနေမှ ပြောင်းလဲဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ **(ကြေးမုံ)**



## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၁၄**

ပဲခူးမြို့ ဥဿာမြို့သစ် (၅)ရပ်ကွက် ဓမ္မစေတီလမ်းနှင့် သစ်တောရိပ်သာလမ်းထောင့်ရှိ ရုံးအဆောက်အအုံမြေနေရာ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနများဖြစ်သော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်လ်တူးမိန်းဂေါင်က ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းနှင့် အင်ဂျင်နီယာချုပ် (အဆောက်အအုံဦးစီးဌာန)ဦးသန်းနိုင်အောင်တို့က သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်တင်ပေးကြကာ မင်္ဂလာပန်းစည်းများ ချည်နှောင်ပြီး ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးခဲ့ကြသည်။

ယခုတည်ဆောက်မည့် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသည် ပေ(၆၀×၈၀)အကျယ် သံကူကွန်ကရစ် နှစ်ထပ် အာရ်စီအဆောက်အအုံအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဒသမ ၅ သန်းဖြင့် ဆောက်လုပ်ရန်လျာထားပြီး ယခုငွေကျပ် ၁၇၅ ဒသမ ၁၀၄ သန်းရရှိထားရာ လာမည့် ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇၅ ဒသမ ၃၇၆ သန်း ထပ်မံတင်ပြတောင်းခံသွားမည်ဖြစ်သည်။ အဆိုပါအဆောက်အအုံအား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) အဆောက်အအုံ အထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဝက်လက်မြို့နယ်တွင် ကျေးလက်ဒေသမီးလင်းရေး ဖွင့်ပွဲကျင်းပ

**ဝက်လက် အောက်တိုဘာ ၁၄**။ ။ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသမီးလင်းရေးအတွက် တစ်အိမ်သုံးဆိုလာစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက်က အုန္နဲဘုတ်(တ)ကျေးရွာ၌ ကျင်းပခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၄၂၂ လုံးအတွက် ဝပ် ၃၀ (၁၈၁)လုံး၊ ၄၅ ဝပ်(၃၁)လုံး၊ ဝပ် ၆၀ (၂၁၀)လုံး စုစုပေါင်း ၄၂၂ ယူနစ်တပ်ဆင်ပေးပြီး စာသင်ကျောင်း ခြောက်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း သုံးခန်း၊ ဘာသာရေးကျောင်း ကိုးကျောင်း၊ လမ်းမီးတိုင် ၃၀ တို့ကို အခမဲ့တပ်ဆင်ပေးခဲ့သည်။ **နန်းမြင့်(ဝက်လက်)**



## ဟင်္သာတကျောင်းတိုက်၌ (၄၂)ကြိမ်မြောက် သံဃာ့ဒါနသပိတ်လုံးဆွမ်းလောင်းလှူပွဲ ကျင်းပ

**သာစည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ ဟင်္သာတကျောင်းတိုက်၌ တည်ထားကိုးကွယ်တော်မူသော ပြည်လုံးရန်အေးစေတီတော်မြတ်ကြီးအား (၅၅)ကြိမ်မြောက် သီတင်းကျွတ်လ ဆီမီးပူဇော်ပွဲနှင့် (၄၂)ကြိမ်မြောက် သံဃာ့ဒါနသပိတ်လုံးဆွမ်းလောင်းလှူပွဲကြီးကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

သံဃာ့ဒါနသပိတ်လုံးဆွမ်းလောင်းလှူရာတွင် သပိတ်လုံးဆွမ်းလောင်းလှူကြမည့် ကုသိုလ်ရှင်များက သပိတ်လုံးများဝယ်ယူ၍ သပိတ်အတွင်း၌ ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများကို လှူဒါန်းခြင်းဖြစ်သည်။ ထို့ပြင် ကုသိုလ်ရှင်များလှူဒါန်းထားသော ငွေပဒေသာမဲများကို ကြွရောက်တော်မူသော ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ယခုနှစ် သံဃာ့ဒါနသပိတ်လုံးဆွမ်းလောင်းလှူပွဲကြီးတွင် ပင့်ဖိတ်ထားသော ဘုန်းတော်ကြီးကျောင်းပေါင်း ၁၀၁ ကျောင်းမှ ဆရာတော် သံဃာတော် ၁၈၅ ပါးတို့အား လောင်းလှူနိုင်ခဲ့ပြီး ဟင်္သာတကျောင်းတိုက် ဆရာတော် ဦးကဝိန္ဒထံမှ ရေစက်ချတရားနာယူခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်မိုးဦး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဇေယျ၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မွန်ပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင်တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားတက်ရောက်

**မော်လမြိုင် အောက်တိုဘာ ၁၄**

မွန်ပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ပြည်နယ်တရားလွှတ်တော်လမ်း(မွန်ပြည်နယ်)ရှိ အဆိုပါ အဆောက်အအုံတည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံ၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်တရားသူကြီးချုပ်၊ မွန်ပြည်နယ်စည်ပင်/ဆောက်လုပ်ရေးဝန်ကြီးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်နွယ်နွယ်အောင်တို့က ပန္နက်တော်တင် တွင်းတော်ဝန်းပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပန္နက်တော်တင်တွင်းတော်ဝန်း အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ပြည်နယ်တရားလွှတ်တော်အဆောက်အအုံသည် အလျားပေ ၂၄၀၊ အနံ ပေ ၂၄၀ ရှိ RC သုံးထပ် အဆောက်အအုံဖြစ်ပြီး ငါးဧကကျယ်ဝန်းသော မြေပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) အဆောက်အအုံအထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




❖ **ရှေ့ဖုံးမှ**

များကြောင့် သေဆုံးခဲ့ရသည့် တိုင်းရင်းသားများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေမှုကို ထောက်ခံကြောင်း၊ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏လုပ်ရပ်များနှင့်ပတ်သက်၍ ရှုတ်ချကြောင်း ဟောပြောမှုများပြုလုပ်ကြသည်။

"ရခိုင်တိုင်းရင်းသားတွေနဲ့ ဟိန္ဒူဘာသာဝင်တွေ အသတ်ခံရတဲ့အပေါ် စိတ်မကောင်းဘူး။ ကိုယ့်နိုင်ငံမှာနေတဲ့ပြည်သူတွေ အခုလိုဖြစ်တဲ့အတွက် ဝမ်းနည်းတယ်။ ဒီလိုအကြမ်းဖက်မှုတွေဟာ မရှိသင့်ပါဘူး။ လက်ရှိနိုင်ငံတော်အစိုးရဆောင်ရွက်နေတဲ့အပေါ်ကို ထောက်ခံတယ်။ ဒါကြောင့် အခုလိုပါဝင်ဖြစ်တာပါ။ ကျွန်တော့်အနေနဲ့ အကြမ်းဖက်မှုကို လုံးဝမလိုလားပါဘူး။ ငြိမ်းချမ်းရေးကို တကယ်ဖြစ်စေချင်တယ်ဆိုရင် လူမျိုးဘာသာမခွဲခြားဘဲ လူကို လူလို့ပဲ မြင်ဖို့လိုပါတယ်"ဟု အဆိုပါပွဲတွင်ပါဝင်သူ လူ့ရှင်တော်(သရုပ်ဆောင်) ဦးထက်ထက်က ပြောသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြောင်းနှင့် အမှန်တရားအတွက် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသော ရုရှား၊ အိန္ဒိယ၊ တရုတ်နိုင်ငံအကြီးအကဲများကို ကျေးဇူးတင်ကြောင်း၊ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကို ရှုတ်ချကြောင်းရေးသားထားသည့် ဗီနိုင်း(ပိုစတာ)များကိုကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ကြသည်။

အဆိုပါ အခမ်းအနားနှင့်ပတ်သက်၍ ဟာသလူ့ရှင်တော် ကိုရဲထက်က "ကောင်းတဲ့လူကို ကောင်းသလိုထောက်ခံပြီး မကောင်းတဲ့သူတွေကို မကောင်းသလိုရှုတ်ချပေးဖို့လိုပါတယ်။ ဒီလိုပွဲတွေလုပ်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံကို ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီး ပြည်ပနိုင်ငံတချို့က ဖိအားပေးနေမှုတွေ လျော့ကျသွားမယ်လို့မြင်ပါတယ်"ဟု ဆိုသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေမှုအပေါ် ပြည်သူများက ထောက်ခံကြောင်းပြသသည့်အနေဖြင့် ဆန္ဒဖော်ထုတ်မှုများ၊ ဟောပြောမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံပွဲ တောင်ငူ၌ကျင်းပ

**တောင်ငူ အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်းရှိ ပြည်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများစုပေါင်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီခန့်က တောင်ငူမြို့ မိုင်ဒါကွင်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်အတွင်းရှိမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ NLDပါတီဝင်များ တက်ရောက်အားပေးထောက်ခံခဲ့ကြသည်။ ရှေးဦးစွာ မြန်မာ့ဂီတဇာတိမာန်သီချင်းများဖြင့် ဧည့်ခံဖျော်ဖြေပြီး နိုင်ငံတော်အလံ အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းအားသံပြိုင်သီဆိုခဲ့ကြပြီး စုရပ်နေရာဖြစ်သော မိုင်ဒါကွင်းအတွင်းမှ စနစ်တကျစီတန်းကာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား "အပြည့်အဝထောက်ခံပါသည်" စသည့် ကြွေးကြော်သံများ ကြွေးကြော်ကာ တောင်ငူမြို့အတွင်း လှည့်လည်ကြသည်။ ထို့နောက် စုရပ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အားပေးထောက်ခံကြောင်း သီချင်းများသံပြိုင်သီဆိုခဲ့ကြပြီး စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ဆည်တော်ကြီးရေလှောင်တမံနှင့် မာလဲနတ်တောင်ရေလှောင်တမံ ရေကျော်သော်လည်း နေ့/ည မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မိုးကုတ်မြို့နယ်တို့မှ ရွာသွန်းသောမိုးရေများ စီးဝင်မှုများသဖြင့် အောက်တိုဘာ ၁၃ ရက် နံနက် ၆ နာရီတွင် တမံရေမှတ် မြင့်တက်လာရာ နံနက် ၁၁ နာရီမှစ၍ ရေပိုလွှဲရေတံခါးများကို ချိန်ညှိစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီခန့်တွင် မိုးကုတ်-မတ္တရာကားလမ်း မိုင်တိုင်(၂၅/၅) အနီးတွင် ခြောက်လက်မခန့် ရေကျော်နေသော်လည်း ယာဉ်အသွား၊ အလာမှာ ပုံမှန်အခြေအနေဖြစ်သည်။ ထို့အတူ စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင် ရေလှောင်တမံတွင်လည်း အောက်တိုဘာ ၁၄ ရက်အထိ ရေပိုလွှဲမှ ရေကျော်လျက်ရှိသည်။

သို့ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်မှုနှင့်အတူ အရာထမ်း၊ အမှုထမ်းများက မတ္တရာမြို့နယ် တံငါချောင်းတစ်လျှောက်ရှိ ရေဝင်နိုင်သော ကျေးရွာများနှင့် စဉ့်ကူးမြို့နယ် မာလဲချောင်းတစ်လျှောက်ရှိ ရေဝင်နိုင်သော ကျေးရွာများသို့ ကြိုတင်အသိပေးခြင်းနှင့် တမံရေကင်းတာဝန်များ နေ့/ညမပြတ် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# အမေရိကန်၏ မူဝါဒအပြောင်းအလဲတစ်ရပ်အဖြစ် အီရန်ကို သမ္မတထရန့် ဝေဖန်တိုက်ခိုက်

**ဝါရှင်တန် အောက်တိုဘာ ၁၄**
၂၀၁၅ ခုနှစ် အီရန် နျူကလီးယားသဘောတူညီချက်အတိုင်း ယင်းနိုင်ငံက လိုက်နာဆောင်ရွက်လျက်ရှိသည်ဟု ထောက်ခံချက်ပေးရန် ငြင်းဆန်ခြင်းဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော အခြားကမ္ဘာ့နိုင်ငံများကို အာခံလိုက်ကြောင်း၊ ယင်းသဘောတူညီချက်ကို အဆုံးတစ်နေ့တွင် ဖျက်ပစ်ရဖွယ်ရှိသည်ဟုလည်း သမ္မတထရန့်က ခြိမ်းခြောက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတထရန့်က မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် အီရန်နှင့်ပတ်သက်၍ ၎င်း၏မူဝါဒအပြောင်းအလဲကို ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ ယင်းနိုင်ငံအား ထိုးနှက်ရာရောက်သည့်အပြင် သဘောတူညီချက်တွင် ပါဝင်သော အခြားနိုင်ငံများ၏ဆန္ဒကိုလည်း ချေဖျက်ရာရောက်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။ နျူကလီးယားနှင့် ပဲ့ထိန်းဒုံးအစီအစဉ်များကို အကောင်အထည်ဖော်ခြင်းအတွက် အီရန်နိုင်ငံအပေါ် ပိုမိုတင်းမာသည့် သဘောထားရပ်တည်ချက်ဖြင့် ချဉ်းကပ်သွားရန်၊ အရှေ့အလယ်ပိုင်းဒေသရှိ အစွန်းရောက်အုပ်စုများကို ထောက်ခံသွားရန် သမ္မတထရန့်က ၎င်း၏မိန့်ခွန်းတွင် အသေးစိတ်ဖော်ပြခဲ့သည်။

အီရန်သည် နျူကလီးယားသဘောတူညီချက်၏ ကောင်းမြတ်သော ရည်ရွယ်ချက်ကို ရှင်သန်စေရန် လုပ်ဆောင်ခြင်းမရှိဟု သမ္မတထရန့်က စွပ်စွဲလိုက်ပြီး နျူကလီးယားလက်နက်ကို အီရန်က မည်သည့်အခါတွင်မျှ ပိုင်ဆိုင်မှုမရှိစေရန် ရည်ရွယ်သော ယင်းသဘောတူညီချက်ကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ခြင်းမရှိဟုလည်း ၎င်းက ပြစ်တင်ဝေဖန်သည်။



အီရန်၏ အစ္စလာမ့်စ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို အရေးယူဒဏ်ခတ်မည်ဟု သမ္မတထရန့်က ခြိမ်းခြောက်ခဲ့ပြီး ဆီးရီးယား၊ ယီမင်နှင့် အီရတ်နိုင်ငံတို့ မတည်မငြိမ်ဖြစ်စေရန် ယင်းနိုင်ငံက ပြုလုပ်နေသည်ဟုလည်း စွပ်စွဲခဲ့သည်။

သမ္မတထရန့်၏ သဘောထားတင်းမာသော ပြောဆိုချက်များကို အီရန်၏မဟာရန်သူတော်နိုင်ငံဖြစ်သော အစ္စရေးက ချီးကျူးစကားဆိုသည်။ သို့ရာတွင် အမေရိကန်၏ ဥရောပမဟာမိတ်နိုင်ငံများက ထရန့်၏ရပ်တည်ချက်ကို ဝေဖန်ပြောဆိုခဲ့ကြသည်။

နိုင်ငံတကာ သဘောတူညီချက်များနှင့်ပတ်သက်၍ သမ္မတထရန့်က "အမေရိကန် အကျိုးစီးပွားသည် ပထမ" ဟူသော ၎င်း၏မူဝါဒကို ထင်ဟပ်စေကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။ **ရိုက်တာ။**


## ကမ္ဘောဒီးယားတွင် ယခုနှစ် ပထမကိုးလအတွင်း မိုးကြိုးပစ်ခံရမှုကြောင့် လူ ၇၂ ဦးသေဆုံး

**ဖနောင်ပင် အောက်တိုဘာ ၁၄**
၂၀၁၇ ခုနှစ် ပထမကိုးလတာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးပစ်ခံရမှုကြောင့် လူ ၇၂ ဦး သေဆုံးခဲ့ရကြောင်း၊ ယမန်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်ပါက မိုးကြိုးပစ်ခံရ၍ သေဆုံးသူ ဦးရေ ၂၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေးအထက်တန်းတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း မိုးကြိုးပစ်ခံရ၍ လူသေဆုံးမှုများအပြင် ရုတ်တရက် ရေကြီးခြင်းနှင့် မုန်တိုင်းများတိုက်ခတ်ခြင်းတို့ကြောင့် လူ ၃၃ ဦးသေဆုံးရကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ နင်းဗန်ဒါက ပြောကြားသည်။

မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးရသူဦးရေ လျော့ကျသွားသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် လူသေဆုံးမှုဖြစ်ပွားရသည့် အကြောင်းရင်းများထဲတွင် မိုးကြိုးပစ်ခံရမှုမှာ အဓိကအကြောင်းတရားဖြစ်နေဆဲဖြစ်ကြောင်း ဖနောင်ပင်မြို့တွင် ကျင်းပသည့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနေ့အခမ်းအနားတွင် ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးပစ်မှုများမှာ မိုးရာသီဖြစ်သော မေလမှ အောက်တိုဘာလအတွင်းတွင် ဖြစ်လေ့ရှိကြောင်း၊ ပြည်သူများအနေဖြင့် မိုးကြိုးအန္တရာယ်မှကင်းဝေးစေရန် မိုးရွာသွန်းနေစဉ်အတွင်း နေအိမ်များသို့မဟုတ် အကာအကွယ်ရှိသော အဆောက်အအုံအတွင်း နေသင့်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**





## ကွန်ဂရက်ပါတီဥက္ကဋ္ဌရာထူး ရာဟူးဂန္ဒီလွှဲပြောင်းရယူမည်

**နယူးဒေလီ အောက်တိုဘာ ၁၄**
အိန္ဒိယနိုင်ငံ၏အဓိက အတိုက်အခံပါတီဖြစ်သော ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီက ၎င်း၏သားဖြစ်သူ ရာဟူးဂန္ဒီသည် ပါတီအကြီးအကဲရာထူးကို မကြာမီတွင် ရယူမည်ဟု အောက်တိုဘာ ၁၃ ရက်တွင် သတင်းမီဒီယာများသို့ ပြောကြားလိုက်သည်။

နယူးဒေလီမြို့တွင် အိန္ဒိယသမ္မတဟောင်း ပရာနတ်မူကာဂျီ၏စာအုပ်ဖြန့်ချိသည့် အခမ်းအနားကျင်းပစဉ်အတွင်း ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီက သတင်းထောက်များကို ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

တန်ခိုးသြဇာကြီးမားခဲ့သော နေရူးဂန္ဒီ မျိုးဆက်၏ စတုတ္ထမျိုးဆက် ရာဟူးဂန္ဒီက ၎င်း၏မိခင်ထံမှ ကွန်ဂရက်ပါတီ၏ခေါင်းဆောင်ရာထူးကို ရိုးရာပွဲတော်ဖြစ်သည့် ဒီပါဝလီပွဲတော်အပြီးတွင် လွှဲပြောင်းရယူဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်နေသည်။

ရာဟူးဂန္ဒီသည် လက်ရှိတွင် ကွန်ဂရက်ပါတီ၏ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသည်။
**ဆင်ဟွာ။**

## ဂျပန်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်အာဘေး၏ ညွန့်ပေါင်းအဖွဲ့အမတ်အများစု ရနိုင်ဖွယ်ရှိ

**တိုကျို အောက်တိုဘာ ၁၄**
ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ညွန့်ပေါင်းအဖွဲ့က ပါလီမန်တွင် လွှမ်းမိုးနိုင်မည့် အနေအထားကို ဆက်လက်ထိန်းချုပ်ထားနိုင်မည်ဟု မျှော်လင့်ရကြောင်း ပြည်တွင်းသတင်းဌာနများက ပြုလုပ်သော လူထုသဘောထားဆန္ဒစစ်တမ်းများ၌ ဖော်ပြသည်။

အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် အမတ်နေရာ ၂၈၉ နေရာခန့်ကို ရရှိနိုင်ဖွယ်ရှိကြောင်း ကျိုဒိုသတင်းဌာန၏ စစ်တမ်းတွင် ဖော်ပြထားသည်။ ကျိုဒိုသတင်းဌာနသည် အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ပြည်သူ ၉၀၂၆၁ ဦးကို တွေ့ဆုံကာ စစ်တမ်းကောက်ယူခဲ့သည်။

အာဘေး၏ ညွန့်ပေါင်းအဖွဲ့ မဟာမိတ်ပါတီဖြစ်သော ကိုမေတိုပါတီက အမတ်နေရာ ၃၀ ရရှိနိုင်သဖြင့် အာဏာရညွန့်ပေါင်း အဖွဲ့အနေဖြင့် စုစုပေါင်း အမတ်နေရာ ၃၁၉ နေရာ ရရှိနိုင်ကြောင်း၊ ယင်းမှာအမတ်နေရာ ၄၆၅ နေရာရှိ အောက်လွှတ်တော်၌ အမတ် နေရာ သုံးပုံနှစ်ပုံကို ကျော်လွန်သည့် အနေအထားဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြသည်။
**ကျိုဒို။**

# အိုင်ဗရီကို့စ်မြို့တော်၌ ကုန်တင်လေယာဉ်တစ်စင်းပျက်ကျ၊ လူလေးဦးထက်မနည်း သေဆုံး



**အဘစ်ဂျန် အောက်တိုဘာ ၁၄**
အိုင်ဗရီကို့စ်နိုင်ငံ မြို့တော်အဘစ်ဂျန်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး၌ တည်ရှိသော ပင်လယ်ပြင်အတွင်းသို့ အောက်တိုဘာ ၁၄ ရက်က တွန်းကန်အားသုံး အင်ဂျင်တပ် ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူလေးဦးထက်မနည်း သေဆုံးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပျက်ကျသွားသည့် ကုန်တင်လေယာဉ်မှာ အပိုင်းပိုင်းပြိုကွဲသွားခဲ့ပြီး ပင်လယ်ကမ်းခြေအနီးတွင် ရပ်တန့်သွားခဲ့သည်။ မီးသတ်သမားများနှင့် ရေငုပ်ကယ်ဆယ်ရေးသမားများက လေယာဉ်အတွင်းမှ ရုပ်အလောင်းနှစ်လောင်းကို ဖယ်ရှားပေးခဲ့ရသည်။ အခြားသေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းများကို လေယာဉ်ပျက်၏အပျက်အစီးများအတွင်း တွေ့မြင်ခဲ့ရသည်။

လေယာဉ်ပျက်ကျရာတွင် အသက်မသေဘဲ ဒဏ်ရာရရှိသူနှစ်ဦးရှိကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။ မိုးသက်လေပြင်းများတိုက်ခတ်ပြီး လျှပ်စီးများလက်နေချိန်တွင် အဆိုပါလေယာဉ် ပျက်ကျခြင်းဖြစ်ပြီး ပင်လယ်ပြင်အတွင်း လှိုင်းထန်နေသဖြင့် ရှာဖွေကယ်ဆယ်ရေးသမားများအတွက် အဟန့်အတားဖြစ်စေခဲ့သည်။ အဘစ်ဂျန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် မြို့တော်၏ လူနေသိပ်သည်းရာဒေသတွင် တည်ရှိပြီး အဆိုပါ လေယာဉ်ပျက်ကျမှုကြောင့် မြေပြင်တွင် ထိခိုက်ဒဏ်ရာရသူ မရှိပေ။

အဆိုပါ ကုန်တင်လေယာဉ်အား ကိုင်တွယ်လုပ်ဆောင်နေသည့် ကုမ္ပဏီ၏ အမည်ကို လတ်တလောတွင် မသိရပေ။ လူဦးရေ ငါးသန်းနီးပါးရှိ အဘစ်ဂျန်မြို့၏ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဒေသအတွင်း၌ ခရီးသွားဦးရေများပြားသည့် ပို့ဆောင်ရေးဆိုင်ရာ စခန်းဖြစ်သည်။ အဘစ်ဂျန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား ပြင်သစ်စစ်ဘက်မှ အနောက်အာဖရိက ဆာဟဲဒေသမှ အစ္စလာမ့်စ်စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် ထောက်ပံ့ရေးအခြေစိုက်စခန်းအဖြစ် အသုံးပြုလျက်ရှိသည်။ **ရိုက်တာ။**

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်နှင့် အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို "မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)တွင်ပါရှိသော "ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာန"ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ည)၏ နောက်တွင် ပုဒ်မခွဲ(ဋ) နှင့် (ဌ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) မတော်တဆဖြစ်မှုများ၊ အကြမ်းဖက်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကြုံတွေ့ရသည့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဌ) ရှေးဦးပြုစုခြင်းပညာရပ် ပြန့်ပွားရေးအတွက် အမျိုးသားအဆင့်အစီအမံများ ဆောင်ရွက်ရန်။"

၄။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကောင်စီသည် ကောင်စီဝင်များထဲမှ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၅ ဦးနှင့် အချိန်ပိုင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ၆ ဦး၊ စုစုပေါင်းအဖွဲ့ဝင် ၁၁ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ၅ ဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ရမည်။"

၅။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ထ)၏ နောက်တွင် ပုဒ်မခွဲ(ဒ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဒ) အသင်း၏စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည်။"

## နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်နှင့် အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါရန် ဖော်ပြခြင်း ဖြစ်ပါသည်။**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ)၏နောက်တွင် ပုဒ်မခွဲ(ည)ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) ပြည်သူ့ဝန်ထမ်းဆိုသည်မှာ အစိုးရက ခန့်ထားသည်ဖြစ်စေ၊ မခန့်ထားသည် ဖြစ်စေ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည်-

(၁) နိုင်ငံ့ဝန်ထမ်း၊

(၂) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခံရသူများ၊

(၃) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ခန့်အပ်ထားခြင်းခံရသူများ၊

(၄) အစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့်တရားရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်းမဟုတ်သောသူများ၊

(၅) ရွေးကောက်တင်မြှောက်ခြင်းဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ရွေးချယ်တာဝန်ပေးခံရသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ရှိသူ ပြည်သူ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ၎င်းက ဖွဲ့စည်းပေးသော အဖွဲ့အစည်းတွင် ပါဝင်သူများ၊ ၎င်းတို့၏ကိုယ်စား လွှဲအပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့် တာဝန်ပေးအပ်ခြင်းခံရသူများ၊

(၆) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်ဟု သတ်မှတ်ခြင်းခံရသူများ၊

(၇) တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးချုပ်နှောင်ရန် အခွင့်အာဏာရှိသူများ၊

(၈) လွှတ်တော် သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏ အဖွဲ့ဝင်လူကြီးကို ရွေးချယ်ရန်အလို့ငှာ ရွေးကောက်ပွဲစာရင်းကို ရေးသားပြုစုရန်ဖြစ်စေ၊ ထုတ်ပြန်ကြေညာရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ အခွင့်အာဏာအရ ရာထူးလက်ရှိဖြစ်သူများ၊

(၉) အစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့်တရားရုံးများတွင် လုပ်ငန်းသဘောသဘာဝအရ သီးခြား ခန့်အပ်တာဝန်ပေးထားသူများ။"

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၄ ၏နောက်တွင် ပုဒ်မ ၇၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

" ၇၄-က။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပြည်သူ့ဝန်ထမ်းများ၏ ခံစားခွင့်များကို သတ်မှတ်နိုင်သည်။ ယင်းသို့သတ်မှတ်ရာတွင် မိမိဘဏ္ဍာရန်ပုံငွေဖြင့် ရပ်တည်ဆောင်ရွက်ပါက မိမိဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။"

### ○ ရန်ကုန်ပြည်သူ့ဆေးရုံမှ

ရန်ကုန်မြို့တွင် ရှေးဟောင်းအမွေအနှစ်ခြောက်ထောင်ခန့်ရှိပြီး လက်ရှိအချိန်အထိ စာရင်းကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တစ်မြို့လုံးမှာ အမွေအနှစ်အဆောက်အအုံ ခြောက်ထောင်လောက်ရှိမယ်လို့ ခန့်မှန်းထားတယ်။ မြို့လယ်ကောင်မှာ တော်တော်များများစုဝေးရှိကြတယ်။ အမွေအနှစ်အဆောက်အအုံလို့ ပြောတဲ့အခါ သမိုင်းဝင်အထင်ကရ လူနေအိမ်တွေလည်းပါတယ်။ ရှေးဟောင်းတိုင်းမတပ်ပါဘူး။ သမိုင်းဝင်အထင်ကရ အဆောက်အအုံတွေကိုပဲ တပ်တာပါ။ ကမ္ပည်းပြားတစ်ရာကနေ နှစ်ရာအထိ တပ်ဖို့မှန်းထားတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်မည့်ကမ္ပည်းပြားတွင် ဆေးရုံ၏ တည်ဆောက်ခဲ့သည့် ခုနှစ်နှင့် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ သမိုင်းဝင်စာသားများ ရေးထိုးထားမည်ဖြစ်သည်။

ယခုတပ်ဆင်သည့် ကမ္ပည်းပြားများကို ဩစတြီးယားနိုင်ငံမှ မှာယူခြင်းဖြစ်ပြီး ကမ္ပည်းပြားများမှာ မိုးဒဏ်လေဒဏ် ခံနိုင်ကြောင်း၊ ထိုကဲ့သို့ ကမ္ပည်းပြားများမြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ပါက တစ်နိုင်ငံလုံးရှိ သမိုင်းဝင်အထင်ကရအဆောက်အအုံများကို တပ်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း ကိုသူရိန်အောင်က ပြောသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ဇာဏီ**


## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန စာအုပ်များ ထုတ်ဝေဖြန့်ချိ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အကြိုသမိုင်းမှအစပြု၍ ၁၉၈၈ ခုနှစ်ကာလအထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကို ပြုစုရေးသားပြီး စဉ်ဆက်မပြတ် စာအုပ်များကို ပုံနှိပ်ထုတ်ဝေလျက်ရှိသည့်အပြင် သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ ပြင်ပသုတေသီများ၊ သမိုင်းပညာရပ်နှင့် ရှေးဟောင်းသုတေသနပညာရပ်များကို လေ့လာလိုက်စားသူများအတွက် အသုံးဝင်၊ အသုံးတည့်သည့် အောက်ဖော်ပြပါစာအုပ်များကို ထုတ်ဝေထားပါကြောင်း အသိပေးအပ်ပါသည် -

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ဆက်သွယ်ဝယ်ယူနိုင်မည့်နေရာ |
|---|---|---|---|---|
| ၁။ | Miscellancy of Inscriptions | ဒေါက်တာသန်းထွန်းနှင့် ဘာသာပြန်သူဦးထွန်းအောင်ချိန် အချိန်ပိုင်းအဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၃၅၀၀ | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း- ၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၄၂၃၊ |
| ၂။ | အတုလဖြတ်ထုံး | ဦးကျော် အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၂၅၀၀ | |
| ၃။ | ပုဂံခေတ်အခြေအနေ (အေဒီ ၁၀၄၄-၁၃၆၈) | ဒေါက်တာဒေါ်အေးလှ ညွှန်ကြားရေးမှူး(ငြိမ်း) သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | ၃၅၀၀ | အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း- ၄၁၈၄၂၆၊ |
| ၄။ | မန္တလေးမဟာမုနိ ကျောက်စာ (အဋ္ဌမတွဲ) | ဒေါ်အုန်းကြည် အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၃၅၀၀ | ရန်ကုန်မြို့၊ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း- ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ |
| ၅။ | မြန်မာသမိုင်းသုတေသန စာစောင်အမှတ်(၃၁) | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန | ၂၆၀၀ | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၄၂၃၊ |
| ၆။ | မြန်မာသမိုင်းသုတေသန စာစောင်အမှတ်(၃၂) | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန | ၂၅၀၀ | |
| ၇။ | အရပ်ရပ်လေ့တော်ပုံစုနှင့် တက်ရေးတက်ချင်းစုဘုရား | အမျိုးသားစာကြည့်တိုက် (ရန်ကုန်) | ၅၀၀၀ | အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း-၄၁၈၄၂၆ |
| ၈။ | မြန်မာနိုင်ငံအမျိုးသားစာစုစာရင်း (၂၀၁၃) | ဦးမြင့်ကြိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)မှ ဝန်ထမ်းများ | ၅၀၀၀ | ရန်ကုန်မြို့၊ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၁ ၃၉၅၁၉၀၊ ၃၉၅၁၉၂ |
| ၉။ | ဦးကျော်၏ လက်ရွေးစင်စာတမ်းများ | ဦးကျော် အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၃၀၀၀ | |







# ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက Arria-Formula အစည်းအဝေးကျင်းပ

## မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်ပြီး ရေတို/ရေရှည် အစီအမံများချမှတ်ဆောင်ရွက်နေကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ရှင်းလင်းပြောကြား

**နယူးယောက် အောက်တိုဘာ ၁၄**
မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် လက်ရှိလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ ပူးပေါင်း၍ Arria-Formula အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ပူးတွဲကျင်းပသည့်နိုင်ငံများ၏ ဖိတ်ကြားချက်အရ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် ယခင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒေါက်တာကိုဖီအာနန် တက်ရောက်၍ ရခိုင်ပြည်နယ် အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ အစည်းအဝေးတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများဖြစ်သည့် UNHCR, OHCHR, OCHA တို့မှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်သည့် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ ဒုက္ခသည်များ လက်ခံထားရမှုနှင့် သက်ဆိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အရှေ့တောင်အာရှဒေသတွင်းမှ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံ၊ အိုအိုင်စီနှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်များ တက်ရောက်၍ ပါဝင်ဆွေးနွေးပြောကြားကြသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏အထူးကိုယ်စားလှယ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း တက်ရောက်ခဲ့သည်။

ဦးသောင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များမှာ ကျယ်ပြန့်စွာ ဆွေးနွေးသုတေသနပြုလုပ်မှုများမှ ရရှိလာသည့်အချက်များဖြစ်ပြီး ရခိုင်ဒေသ ရေရှည်ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင့်လျော်ဆုံး လမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း၊ ယနေ့ မစ္စတာကိုဖီအာနန်ရှင်းလင်း ပြောကြားချက်များမှာ မိမိတို့ အကြိမ်ကြိမ်ကြားနေရသည့် ယထာဘူတကျမှုမရှိသည့် ပြောကြားချက်များနှင့် လွန်စွာကွာခြားပါကြောင်း၊ လက်ရှိတွင်လည်း မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားသူများအား ၎င်းတို့ဆန္ဒအရ ပြန်လာလိုပါက ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးအပ်နိုင်ရေး၊ နေရပ်စွန့်ခွာထွက်ပြေးရသည့် အသိုက်အဝန်းအားလုံးမှ ထိခိုက်နစ်နာသူများအား ပြန်လည်နေရာချထားရေးနှင့် ရေရှည် လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ရန် ရေတို/ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းသာမက နိုင်ငံတကာ အသိုက်အဝန်းနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ (အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

Arria-Formula ဆိုသည်မှာ ဗင်နီဇွဲလားနိုင်ငံသည် ၁၉၉၂-၁၉၉၃ ခုနှစ် သက်တမ်းအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်နိုင်ငံအဖြစ် အရွေးချယ်ခံရစဉ်က တာဝန်ထမ်းဆောင်ခဲ့သည့် သံအမတ်ကြီး Mr. Diego Arria မှ ၁၉၉၂ ခုနှစ်တွင် စတင်အကြံပြု ကျင့်သုံးခဲ့သည့် ကျင့်ထုံးသစ်တစ်ရပ်ဖြစ်သည်။ ယင်းသို့သော အစည်းအဝေးမှာ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်ရာ ဖိတ်ကြားခံရသည့် နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအကြား ကိစ္စရပ်တစ်ခုအပေါ် လွတ်လပ်ပွင့်လင်းစွာဖြင့် သီးသန့်ဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ရေးအတွက် အလွတ်သဘော ကျင်းပသည့် ပုံစံတစ်ရပ်ဖြစ်သည်။ သတင်းမီဒီယာများ သတင်းယူခွင့်မပြုသည့်အပြင် မှတ်တမ်းပြုစုခြင်းလည်းမရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




**▼ ရခိုင်ပြည်နယ်မှ**

ကောင်းစွာသိရှိနားလည်သည်ကို ၎င်း၏ ရှင်းလင်းပြောကြားမှုက ထင်ဟပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုက လွန်စွာကြီးမားပါတယ်။ မကြာမီက ဖြစ်ပျက်ခဲ့မှုများက ဤအခြေအနေကို ပိုမိုရှုပ်ထွေးစေပါတယ်။

ဒေါက်တာကိုဖီအာနန် ပြောကြားခဲ့သကဲ့သို့ ဒီစိန်ခေါ်မှုများဟာ နေ့ချင်းညချင်း ဖြေရှင်း၍ မရနိုင်သကဲ့သို့ မြန်မာတစ်နိုင်ငံတည်းဖြင့်လည်း ဖြေရှင်း၍ မရနိုင်ပါ။ နိုင်ငံတကာအသိုက်အဝန်း၏ နားလည်ပေးမှု၊ ပံ့ပိုးပေးမှုများဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် ပိုမို အားကောင်းအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

အကြံပေးကော်မရှင်၏ အကြံပြုချက်များသည် ရခိုင်ပြည်နယ်တွင် ရေရှည်ငြိမ်းချမ်းရေး ရရှိရေးအတွက် အသင့်လျော်ဆုံး လမ်းပြမြေပုံတစ်ခုအဖြစ် မြန်မာနိုင်ငံအစိုးရအနေဖြင့် ခိုင်မာစွာယုံကြည်ပါတယ်။

မိမိတို့အနေဖြင့် ကော်မရှင်၏အစီရင်ခံစာကို လက်ခံကြိုဆိုခဲ့ပြီး ဖြစ်ပါတယ်။

အကြံပြုချက်များကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ကိုဖွဲ့စည်းထားပြီး လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကော်မတီကို လိုအပ်သော အကြံများပေးနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ ထင်ပေါ်ကျော်ကြားပြီး လေးစားရသူများ၊ ကျွမ်းကျင်သူများ ပါဝင်သည့် အကြံပေးဘုတ်အဖွဲ့ကို ဖွဲ့စည်းသွားရန်ရှိပါတယ်။ ပြည်ပမှ ကျွမ်းကျင်သူများ ထည့်သွင်းဖွဲ့စည်းခြင်းဖြင့် ရှေ့ဆက်သွားရမည့်နည်းလမ်းရှာဖွေရာမှာ အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါတယ်။

ရခိုင်ပြည်နယ်ကိစ္စကို အလေးထား ဆောင်ရွက်နေသည့် တစ်ချိန်တည်း နိုင်ငံတွင်း အခြားဒေသများတွင် မိမိတို့ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်လိုအပ်သည်ကိုလည်း ကောင်းစွာသိရှိနားလည်ပါတယ်။

ဒီတာဝန်ဟာ လွန်စွာမှ ကြီးမားလှပါတယ်။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မိမိတို့အခြေအနေအပေါ် သဘောပေါက်နားလည်ပြီး မိမိတို့၏ ဒီမိုကရေစီလုပ်ငန်းစဉ် တည်တံ့ခိုင်မြဲရေးအတွက် အားပေးထောက်ခံကြရန်လိုအပ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဆက်ဆံရေးသည် အရေးကြီးသည်ဟု ခံယူထားပြီး ကုလသမဂ္ဂနှင့် ဆက်ဆံရေးကို ပိုမိုတိုးတက်အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားပါမယ်။ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲ့လ်မန်သည် ယခုအခါ မြန်မာနိုင်ငံသို့ သွားရောက်လျက်ရှိပါတယ်။ ၎င်းအနေဖြင့် ရခိုင်ပြည်နယ်သို့သွားရောက်၍ မြေပြင်အခြေအနေများကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုခွင့်ရရှိမှာဖြစ်ပါတယ်။ မိမိတို့အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုလည်း မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားပါတယ်။ မကြာမီအချိန်အတွင်း မြန်မာနိုင်ငံသို့ လာရောက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါတယ်။

နိုင်ငံတကာ အသိုက်အဝန်း၏ တာဝန်ရှိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် မိမိတို့ ကတိကဝတ်ပြုထားမှုများအားလုံးကို မပျက်မကွက် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယမန်နေ့က ပြည်သူများသို့ ပြောကြားခဲ့သည့် တင်ပြချက်တွင်လည်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည်ကို အတည်ပြုပြောကြားခဲ့ပါတယ်။

အစိုးရအနေဖြင့် ချက်ချင်းဆောင်ရွက်သွားမည့် အဓိက လုပ်ငန်းသုံးခုကို ချမှတ်ခဲ့ပါတယ်-

(၁) ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေး၊

(၂) တိမ်းရှောင်နေသည့် အသိုက်အဝန်းများအားလုံးအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊

(၃) ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဟုခေါ်သည့် ယန္တရားသစ်တစ်ခုကိုလည်း တည်ထောင်ခဲ့ပါတယ်။

ဒီယန္တရားအရ အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်များ၊ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ယင်းလုပ်ငန်းအစီအစဉ်ကို အောက်တိုဘာ ၁၅ ရက်တွင် စတင်မှာဖြစ်ပါတယ်။

ဒီနေရာမှာ ယမန်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အလေးထားပြောကြားခဲ့သည်များကို ထပ်လောင်းပြောကြားလိုပါတယ်။ နိုင်ငံတကာ အသိုက်အဝန်း၏ တိုက်တွန်းပြောကြားမှုများကို အပြောထက် လက်တွေ့လုပ်ဆောင်ချက်များ၊ တိုးတက်မှုရလဒ်များ ပြသကာ တုံ့ပြန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား**

နိဂုံးမချုပ်မီ ပြီးခဲ့သည့် အစည်းအဝေး၌ မိမိတို့ တွေ့ဆုံခဲ့စဉ် ကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ထုတ်ဖော်ပြောကြားခဲ့သည့် စိုးရိမ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားလိုပါတယ်။

**ပထမ**အချက်အနေဖြင့် အကြမ်းဖက်မှုများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လျော့ကျသွားပြီဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် စက်တင်ဘာ ၅ ရက်မှစ၍ နယ်မြေရှင်းလင်းမှုများကို ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ လုံခြုံရေးအခြေအနေ ကောင်းမွန်လာသည့်အလျောက် ရန်ကုန်မြို့ရှိ သံတမန်များသည် သတင်းမီဒီယာများနှင့်အတူ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အောက်တိုဘာ ၂ ရက်က သွားရောက်နိုင်ခဲ့ပါတယ်။ ထို့နောက် ဝန်ကြီးများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအို၊ ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများသည်လည်း မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ဒေသသို့ အောက်တိုဘာ ၁၀ ရက်က သွားရောက်ခဲ့ပါတယ်။

**ဒုတိယ**အချက်အနေဖြင့် လူသားချင်းစာနာမှုအကူအညီများကို ခွဲခြားမှုမရှိဘဲ အထိခိုက်ခံရသည့်သူအားလုံးသို့ ပေးအပ်လျက်ရှိပါတယ်။ အစိုးရအနေဖြင့် ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့နှင့်ပူးပေါင်း၍ အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေပေးလျက်ရှိပါတယ်။ WFP၊ FAO၊ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management နှင့် ပုဂ္ဂလိက အလှူရှင်များ ပါဝင်မှုဖြင့် လာမည့်နေ့ရက်များတွင် လူသားချင်းစာနာမှု အကူအညီများ လိုအပ်သည့်သူများထံသို့ ပိုမိုရောက်ရှိတော့မည်ဟု မျှော်လင့်ပါတယ်။

**တတိယ**အချက်အနေဖြင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ဒါကာမြို့သို့ သွားရောက်ခဲ့ပြီး ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ ပူးတွဲလုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်းသွားရန် နှစ်ဖက်သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့အား နေပြည်တော်သို့လာရောက်ရန် ဖိတ်ကြားထားပါတယ်။

**စတုတ္ထ**အချက်အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များသည် အသင့်လျော်ဆုံး လမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း နိုင်ငံတကာအသိုက်အဝန်းနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ရှုမြင်ပါတယ်။

**ပဉ္စမ**အချက်အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးရေးကို အလေးထားရပ်တည်ပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ တရားဥပဒေ၏အထက်တွင် မည်သူမျှမရှိပါ။ ခိုင်လုံသော အထောက်အထားရှိပါက ဥပဒေချိုးဖောက်သူများကို အရေးယူသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား**

ရခိုင်ပြည်နယ်ရှိ လူအများ၏ ဒုက္ခရောက်နေမှုများအပေါ် မြန်မာနိုင်ငံအစိုးရအနေဖြင့် အလေးထားမှုမရှိဟူသော စွပ်စွဲမှုများရှိနေပါတယ်။ မိမိတို့အစိုးရအနေဖြင့် ယင်းအခြေအနေအား လျစ်လျူရှုထားခြင်း လုံးဝမရှိသည့်အပြင် ဆယ်စုနှစ်ပေါင်းများစွာ ရှိနေခဲ့သည့် ယင်းပြဿနာများအား ရေရှည်တည်တံ့မည့် အဖြေရရှိရေးအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ အိုးအိမ်များ စွန့်ခွာတိမ်းရှောင်နေရသည့် အပြစ်မဲ့သူများ ဒုက္ခရောက်ခံစားနေရမှုများအပေါ် မိမိတို့အနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါတယ်။

မိမိတို့အနေဖြင့် နေအိမ်များအားစွန့်ခွာ၍ အခြားဒေသများသို့ သွားရောက်ခိုလှုံနေကြရသူများအပေါ် စိတ်မကောင်းဖြစ်ရသကဲ့သို့ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေမှုများနှင့်ပတ်သက်၍ မတူညီသည့် သဘောထားအမြင်များ ရှိနေသည်ကိုလည်းလျစ်လျူမရှုနိုင်ပါ။ ကောင်းသူနှင့် ဆိုးသူကို ခွဲထုတ်ရပါမည်။

ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို မြန်မာနိုင်ငံအနေဖြင့် ရှာဖွေသွားမှာဖြစ်ပါတယ်။ နုနယ်သေးသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် ရှေ့ဆက်ရမည့် ခရီးလမ်းရှည်လျားသည်ကို သိရှိပါတယ်။ မိမိတို့သည်မလျှော့သော ဇွဲလုံ့လဖြင့် နည်းလမ်းရှာဖွေရန်နှင့် ကြိုးပမ်းဆောင်ရွက်သွားရန် ခိုင်မာစွာ ဆုံးဖြတ်ထားပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# သင်၏ အရိုးကို ချစ်မြတ်နိုးပါ

## ဒေါက်တာသင်းသင်းလှိုင်

**အရိုးဖွဲ့စည်းပုံနှင့် အရိုးပွရောဂါ**

ခန္ဓာကိုယ်ကို အဓိက သယ်ဆောင်ထားသော အစိတ်အပိုင်းဖြစ်သည့် အရိုးများသည် အမြဲပြောင်းလဲ ရှင်သန်နေသော ကလာပ်ဆဲလ်များဖြစ်ပြီး ကိုလဂျင်(collagen)နှင့် သတ္တုဓာတ်များဖြစ်သည့် ကယ်လ်ဆီယမ်၊ ဖော့စဖိတ်တို့ဖြင့် အဓိကဖွဲ့စည်းထားပါသည်။

ဖော်ပြထားသည့်ပုံအတိုင်း အရိုးများအတွင်းတွင် ပျက်စီးသွားသောဆဲလ်များကို ဖယ်ရှားခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ဆဲလ်အသစ်များပြုလုပ်ခြင်းဖြင့် အရိုးပြုပြင်ခြင်း သံသရာသည် နာရီနှင့်အမျှ ဆက်တိုက်လည်ပတ်လျက်ရှိပါသည်။ ဤဖြစ်စဉ်သည် ငယ်ရွယ်စဉ်ကလေးဘဝ တစ်လျှောက် ကြီးထွားချိန်တွင် အရိုးတည်ဆောက်မှုနှုန်းမှာ အရိုးပျက်စီးနှုန်းထက် ပိုမိုများပြား၍ အရိုးသိပ်သည်းမှု အများဆုံးမှာ အမျိုးသားများတွင် အသက် (၂၀) ဝန်းကျင်နှင့် အမျိုးသမီးများတွင် အသက် (၁၈)နှစ်ဝန်းကျင်တွင် ရရှိတတ်ကြပါသည်။ အသက် (၃၅) နှစ် နောက်ပိုင်းမှစ၍ အရိုးပျက်စီးမှုသည် အရိုးတည်ဆောက်မှုထက် ပိုမိုများလာပြီး အသက်ကြီးသည်နှင့်အမျှ အရိုးသိပ်သည်းမှု ဆုံးရှုံးလာကြပါသည်။ အရိုးသိပ်သည်းဆ ဆုံးရှုံးမှု ပမာဏနှင့် နှုန်းများသည် တစ်ဦးနှင့်တစ်ဦး မတူညီကြဘဲ ဆုံးရှုံးမှုအလွန်များသောသူများတွင် အရိုးမှာ သိပ်သည်းကျစ်လျစ်မှုမရှိဘဲ တဖြည်းဖြည်း အရိုးပါး၊ အရိုးပွကာ မပြောပလောက်သော ထိခိုက်ဒဏ်ရာ ရရုံ၊ မတ်တတ်ရပ်အနေအထားမှ လဲကျရုံဖြင့် အရိုးကျိုးနိုင်သည့် အနေအထားသို့ ရောက်ရှိပါသည်။

**အရိုးကျိုး၊အရိုးပွရောဂါဖြစ်ပွားမှုနှုန်း**

ကမ္ဘာ့အရိုးပွရောဂါဖောင်ဒေးရှင်း (International Osteoporosis Foundation - IOF) ၏ ဖော်ပြချက်အရ

၁။ တစ်ကမ္ဘာလုံးတွင် အရိုးပွရောဂါဖြစ်ပွားသူ အမျိုးသမီးစုစုပေါင်း သန်း၂၀၀ ကျော်ရှိသည်ဟု ခန့်မှန်းရသည်။ ထိုအထဲတွင် အသက် (၆၀) ကျော်တွင် ၁၀ ယောက်လျှင် တစ်ယောက်၊ အသက် (၇၀) ကျော်တွင် ၁၀ ယောက်လျှင် နှစ်ယောက်နှင့် အသက် (၈၀) ကျော်တွင် ၁၀ ယောက်လျှင် လေးယောက် ဖြစ်ပွားနှုန်းရှိပါသည်။

၂။ တစ်ကမ္ဘာလုံးတွင် အရိုးပွရောဂါဖြစ်ပွားပြီး အရိုးကျိုးသောသူ ၈ ဒသမ ၉ သန်းနှင့်အထက် ရှိသည့်အတွက် သုံးစက္ကန့်လျှင် အရိုးကျိုးမှုတစ်ခု ဖြစ်နေပါသည်။

၃။ တစ်ကမ္ဘာလုံးတွင် အသက် (၅၀)နှင့်အထက် အမျိုးသမီး သုံးဦးလျှင် တစ်ဦးနှင့် အမျိုးသား ငါးဦးလျှင် တစ်ဦးသည် အရိုးပွရောဂါကြောင့် အရိုးကျိုးခြင်း ခံစားနေရပါသည်။

၄။ မြန်မာနိုင်ငံတွင် အရိုးပွရောဂါဖြစ်ပွားနှုန်း တိတိကျကျ သုတေသနပြုထားခြင်း မရှိသေးပါ။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ သုတေသနပြုချက်အရ ၎င်းနိုင်ငံရှိ အသက် (၇၀)နှင့်အထက် အမျိုးသမီးများတွင် ၅၀ ရာခိုင်နှုန်း အရိုးပွရှိသည်ဟု တွေ့ရှိရပါသည်။

၅။ အရိုးပွ၊အရိုးကျိုးရောဂါသည် လူမှုရေး၊ စီးပွားရေး၊ ဘဝအရည်အသွေးများ ကျဆင်းစေသောရောဂါဖြစ်ပါသည်။ ဥရောပရှိ သုတေသနပြုချက်များအရ အခြားနာတာရှည် မကူးစက်ရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါများ နည်းတူသော်လည်းကောင်း၊ ပိုမို၍သော်လည်းကောင်း ကိုယ်ခန္ဓာမသန်မစွမ်းခြင်း ဆင်းရဲဒုက္ခကို ဖြစ်စေပါသည်။ ထိုသို့ မသန်စွမ်းခြင်း များစွာဖြစ်စေသော်လည်း အရိုးပွ၊ အရိုးကျိုးရောဂါအကြောင်း ဗဟုသုတပြန့်ပွားမှု နည်းပါးနေသေး၍ အရိုးပွရောဂါနှင့် ဆက်နွှယ်အရိုးကျိုးမှုနှုန်းမှာ ကမ္ဘာတစ်ဝန်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသည်ကို တွေ့ရှိရပါသည်။

**မှောင်ရိပ်ထဲကအရိုးပွရောဂါ**

အရိုးသိပ်သည်းဆ ဆုံးရှုံးခြင်းနှင့် အရိုးပါး၊ အရိုးပွခြင်းသည် ဖြစ်ပွားသူအများစုတွင် ထူးခြားသော ရောဂါလက္ခဏာ ပြလေ့မရှိပေ။ အရိုးအဆစ်အမြစ်နာကျင်ကိုက်ခဲခြင်းများသည် အခြားရောဂါများကြောင့်ဖြစ်ပြီး အရိုးပွနှင့်ဆက်နွှယ်အရိုးကျိုးရောဂါသည် အရိုးကျိုးသော အချိန်တွင် နာကျင်သည်မှလွဲ၍ အခြားမည်သည့် ဝေဒနာမှမရှိပါ။

သို့သော် အောက်ပါ လက္ခဏာများရှိပါက အရိုးပွခြင်း ရှိမရှိ စစ်ဆေးပြီး အရိုးကျိုးခြင်းကို ကာကွယ်နိုင်ပါသည်။

**၁။ အရပ်ပုသွားခြင်း၊ ခါးပြင်းထန်စွာနာခြင်း၊ ခါးကိုင်းလာခြင်း။**

ခါးနောက်ရိုးရှိ အဆစ်များကျိုး၍ ပိသွားသည့်အခါ အထက်ပါ လက္ခဏာများ ဖြစ်ပေါ်လေ့ရှိပါသည်။ ထိုအခါ အလွန်နာကျင်သော ဝေဒနာခံစားရ၍ မိမိပုံမှန်လုပ်ဆောင်နေသောအလုပ်များ မလုပ်နိုင်ဘဲ အိပ်ရာထဲလဲသည်အထိ ဖြစ်နိုင်ပါသည်။

**၂။ မတ်တတ်ရပ်အနေအထားမှ ချော်လဲရုံနှင့် အရိုးကျိုးခြင်း**

ဤအချက်သည် အရိုးပွရောဂါဖြစ်နိုင်သည်ဟု စတင်တွေးတောရန်လိုသော ပထမဦးဆုံး အချက်ပြလက္ခဏာဖြစ်ပါသည်။ အများဆုံးကျိုးသော အရိုးမှာ တင်ပါးဆုံရိုး၊ ခါးရိုးနှင့် လက်ဖျံရိုးတို့ ဖြစ်ပါသည်။

**အရိုးပွရောဂါဖြစ်နိုင်ခြေရှိသူများ**

အမျိုးသားနှင့် အမျိုးသမီးများအားလုံး အသက်ကြီးလာသည်နှင့်အမျှ [အထူးသဖြင့် အသက် (၅၀) ကျော်သူများ] အရိုးဆဲလ်များ ဆုံးရှုံးသည့်အတွက် အရိုးပွရောဂါဖြစ်နိုင်သည်။ အောက်ပါအကြောင်းအရာများသည် အရိုးသိပ်သည်းဆ လျင်မြန်စွာနှင့် ပိုမိုဆုံးရှုံးစေနိုင်သော အချက်များဖြစ်၍ အရိုးပွရောဂါနှင့် ဆက်စပ်လျက်ရှိပါသည်။

- ◆ အသက် - အသက်ကြီးလာသည်နှင့်အမျှ အရိုးပွရောဂါ ပိုဖြစ်နိုင်ပါသည်။
- ◆ သွေးဆုံးပြီး အမျိုးသမီးများ - အထူးသဖြင့် အသက် (၄၅) နှစ်ထက်စော၍ သွေးဆုံးသော အမျိုးသမီးများတွင် အရိုးပွရောဂါပိုဖြစ်နိုင်ပါသည်။
- ◆ ဆွေမျိုးသားချင်း (မိဘ၊ အဘိုးအဘွား) များထဲတွင် အရိုးပွသောသူ၊ ပေါင်ရိုးကျိုးဖူးသူရှိခြင်း။
- ◆ ယခင်က အရိုး (ခါးရိုး၊ တင်ပါးဆုံရိုး၊ လက်ဖျံရိုး) ကျိုးဖူးသူများ။
- ◆ ကိုယ်ခန္ဓာအလေးချိန် အလွန်နည်း၍ ပိန်သူများ။
- ◆ ဆေးလိပ်သောက်သုံးသူများ။
- ◆ အရက်အလွန်အကျွံသောက်သုံးသူများ။(ဥပမာ- နေ့စဉ် ဘီယာနှစ်ဘူး၊ အရက်ပြင်းနှစ်ပက်ထက် ပိုမိုသောက်သုံးသူများ)
- ◆ ကိုယ်ခန္ဓာမသန်စွမ်း၍ အိပ်ရာထဲလဲနေသူများ။ ( ဥပမာ လေဖြတ်ထားသူများ)
- ◆ အချို့ဆေးဝါးများ - အထူးသဖြင့် ကော်တီဇုန်း (prednisolone, dexamethasone, cortisteroid) ပါဝင်သောဆေးများ ရက်၊ လကြာရှည် (သုံးလနှင့်အထက်) စွဲသောက်နေသူများ၊ ရင်သားကင်ဆာအတွက် ဟော်မုန်းဆေး၊ ဝက်ရူးပြန် အတက်ရောဂါဆေး၊ စိတ်ကျန်းမာရေးဆေးများ၊ လည်ပင်းဟော်မုန်းဆေးများနှင့် အစာအိမ်ဆေး သောက်သုံးနေသူများ။
- ◆ အချို့ဝေဒနာ ရောဂါရှိသူများ - ဥပမာ လည်ပင်းကြီးရောဂါကြောင့် သိုင်းရွိုက်ဟော်မုန်းများနေသူများ၊ ဆီးချိုရောဂါ၊ လေးဖက်နာအဆစ်အမြစ်ကိုက်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ နာတာရှည် အူရောင်ရောဂါ၊ အသည်းရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ၊ ကျားမ ဟော်မုန်းနည်းသောရောဂါ၊ အချို့သောမွေးရာပါ ရောဂါများနှင့် အာဟာရချို့တဲ့ရောဂါရှိသူများ။
- ◆ မကြာခဏလဲကျသူများ။

အထက်ပါ အခြေအနေ (သို့မဟုတ်) ရောဂါရှိသူများသည် အရိုးပွရောဂါနှင့် အရိုးကျိုးခြင်းကို ကာကွယ်နိုင်ရန် မှန်ကန်သော ကြိုတင်စစ်ဆေးမှုများကို ခံယူသင့်ပါသည်။

**အရိုးပွရောဂါကို ဘယ်လိုသိနိုင်ပါမည်လဲ**

အထက်မှာ ရေးသားခဲ့သည့်အတိုင်း အရိုးပွရောဂါသည် အရိုးကျိုးမှုမရှိပါက မည်သည့်လက္ခဏာ နာကျင်မှုမျိုးကိုမျှ ပေးလေ့မရှိသည့်အတွက် အရိုးမကျိုးခင် လက်ဦးမှုရရှိစေရန် ကြိုတင်ကာကွယ် စစ်ဆေးသင့်ပါသည်။ နှစ်ပေါင်းများစွာ သုတေသနတွေ့ရှိချက်များအရ (Dual X-ray Absorptiometry) DXA ဟုခေါ်သောစက်ဖြင့် တိုင်းတာ၍ရရှိသည့် ခါးရိုးနှင့် တင်ပါးဆုံရိုးတို့၏ အရိုးသိပ်သည်းဆအဖြေသည် ထိုသူ၏အနာဂတ်တွင် အရိုးကျိုးနိုင်ခြေရှိမရှိ နှုန်းနှင့် တိုက်ရိုက်အချိုးကျသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လမ်းညွှန်ချက်အရ ဤDXA စက်ဖြင့် အရိုးသိပ်သည်းဆ တိုင်းတာခြင်းသည် အရိုးပွရောဂါ၊ အရိုးကျိုးနှုန်းကို အတိကျဆုံး သိရှိနိုင်သည့် စစ်ဆေးမှုဖြစ်ပါသည်။DXA စက်ဖြင့် တိုင်းတာရရှိသော အရိုးသိပ်သည်းမှုအဖြေနှင့် လူတစ်ဦးတစ်ယောက်ချင်း သက်ဆိုင်သော အကြောင်းအရာများ အားလုံးပေါင်းစပ်တွက်ချက်လိုက်ခြင်းအားဖြင့် တစ်ယောက်ချင်းစီ၏ ၁၀ နှစ်အတွင်း အရိုးကျိုးနိုင်ခြေနှုန်းရရှိလာပါသည်။ ဤ ၁၀ နှစ်အတွင်း အရိုးကျိုးနိုင်ခြေ ရလဒ်အပေါ်မူတည်၍ ဆေးကုသမှု စတင်ခံယူသင့်၊မသင့်ကို ကြိုတင်သိရှိနိုင်ပါသည်။

**အရိုးပွရောဂါနှင့် အရိုးပွဆက်နွှယ်အရိုးကျိုးခြင်းကို ကာကွယ်နိုင်ပါသလား**

ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်ဟု ဆိုသည့်အတိုင်း အောက်ဖော်ပြပါအချက်များကို ငယ်ရွယ်စဉ် ကလေးဘဝအစမှ စတင်လိုက်နာပြီး လုပ်ဆောင်မည်ဆိုပါက အရိုးကျန်းမာရေးကို များစွာအထောက်အကူဖြစ်နိုင်ပါသည်။

၁။ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း၊ တစ်ပတ်လျှင်အနည်းဆုံး ငါးရက်၊ တစ်ရက်လျှင် မိနစ် ၃၀ခန့် လမ်းလျှောက်ခြင်း၊ လှေကားတက်ခြင်း၊ ကိုယ်နေဟန်ထားထိန်းနိုင်သောလေ့ကျင့်ခန်းနှင့် ခန္ဓာကိုယ်ကြွက်သားများကို သန်မာစေသော လေ့ကျင့်ခန်းများ၊ ယောဂလေ့ကျင့်ခန်းများ လုပ်သင့်ပါသည်။ ဤသို့ လေ့ကျင့်ခန်းများပြုလုပ်ခြင်းအားဖြင့် ကြွက်သားများသန်မာစေပြီး အရိုးသိပ်သည်းမှုကို အားပေးပါသည်။

၂။ ကျန်းမာစွာ စားသောက်မှု - အရိုး၏ ပင်မတည်ဆောက်သော သတ္တုဓာတ်ဖြစ်သည့် ကယ်လ်စီယမ်နှင့် ဗီတာမင်ဒီ၊ အသားဓာတ်များကို ပြည့်ဝစွာစားသုံးခြင်းဖြင့် ကျန်းမာသော အရိုးကို တည်ဆောက်နိုင်ပါသည်။

(က)**ကယ်လ်စီယမ်**

တစ်နေ့တာ ကယ်လ်စီယမ်လိုအပ်ချက်သည် အသက်အရွယ်အလိုက် ပြောင်းလဲမှုရှိပြီး ပျမ်းမျှအားဖြင့် တစ်နေ့လျှင် မီလီဂရမ် ၁၀၀၀ လိုအပ်ပါသည်။ ဤလိုအပ်ချက်ကို နို့နှင့် နို့ထွက်ပစ္စည်းများ (နွားနို့ ၂၀၀ စီစီ သောက်လျှင် ကယ်လစီယမ် မီလီဂရမ် ၂၄၀ ရရှိပါသည်)၊ အစိမ်းရောင်ရှိသော ဟင်းရွက်များ၊ အရိုးပါ စားနိုင်သော ငါးကလေးများ (ဥပမာ - ငါးသေတ္တာငါး)၊ အခွံမာအစေ့များ (ဥပမာ - အယ်မွန်စေ့)၊ နှင့် အခြားကယ်လ်စီယမ်ဖြည့်စွက်ထားသော အစာများမှ ရရှိနိုင်ပါသည်။

(ခ) **ဗီတာမင်ဒီ**

ဗီတာမင်ဒီသည် ကိုယ်ခန္ဓာမှ လိုအပ်သော ကယ်လ်စီယမ်များကို အစာအိမ်လမ်းကြောင်းမှ စုပ်ယူနိုင်အောင် လုပ်ဆောင်ပေးပြီး အရိုးတည်ဆောက်မှုကို အားပေးပါသည်။ ဗီတာမင်ဒီကို နေရောင်ခြည်နှင့် အရေပြား ထိတွေ့ခြင်းမှ အဓိကရရှိသည့်အတွက် တစ်နေ့လျှင် နံနက်နေရောင်ခြည် (၁၀ နာရီမထိုးမီ)ကို အနည်းဆုံး ၁၀ မိနစ်ခန့် ထိတွေ့သင့်ပါသည်။ နေရောင်ခြည်မှအပ ဗီတာမင်ဒီပါဝင်သော သဘာဝအစားအစာများမှာ ငါးသေတ္တာငါး၊ ဂျပန်မှိုအစို/အခြောက်၊ ကြက်ဥအနှစ်၊ အဆီများသောငါးများနှင့် အချို့သောနိုင်ငံများတွင် အများစားသုံးသော နွားနို့၊ ထောပတ်များကို ဗီတာမင်ဒီ ထပ်မံအားဖြည့်ပေးစွက်ထားသော အစာများဖြစ်ပါသည်။ တစ်နေ့လျှင် ဗီတာမင်ဒီ ပျမ်းမျှ ၆၀၀ ယူနစ် စားသောက်ခြင်းဖြင့် အရိုးကျန်းမာရေးကို ကောင်းမွန်စေပါသည်။

၃။ ဆေးလိပ်သောက်ခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။

၄။ ကိုယ်အလေးချိန် သင့်တင့်မျှတအောင် ထိန်းပါ။

၅။ ချော်မလဲစေရန် မိမိကိုယ်ကို လေ့ကျင့်သတိထားခြင်း (မကြာခဏ ချော်လဲနေပါက ဆရာဝန်နှင့် စစ်ဆေးမှုခံယူပါ)။

**အရိုးပွရောဂါနှင့် ဆက်နွှယ်အရိုးကျိုးခြင်းကို ကုသခြင်း**

အရိုးကျိုး၊ အရိုးပွရောဂါဖြစ်သည်ဟု သိရှိရပါက ကျွမ်းကျင်သော သမားတော်ကြီးများဖြင့် တိုင်ပင်ဆွေးနွေးပြီး မှန်ကန်သော ကုသမှုကို ခံယူရပါမည်။ ၁၀ နှစ်အတွင်း အရိုးကျိုးနိုင်ခြေ မြင့်မားသောသူများသည် အထက်ဖော်ပြပါ ကောင်းမွန်သော နေထိုင်စားသောက်မှုပြုသည့်အပြင် အရိုးများ ပြန်လည်သိပ်သည်းသန်မာရန် ဆရာဝန်မှ ညွှန်ကြားပေးသည့် သင့်တော်သောသောက်ဆေး၊ ထိုးဆေးကို မှန်ကန်စွာ သောက်သုံးရန် လိုအပ်ပါသည်။


DXA scan စစ်ဆေးခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ပုဂ္ဂလိကဆေးရုံကြီးများတွင် ပြုလုပ်နိုင်ပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနတွင် သောကြာနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း အရိုးပွ၊ အရိုးကျိုးရောဂါရှိ၊ မရှိ စစ်ဆေးမှု၊ ကုသမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

**ကမ္ဘာ့အရိုးပွရောဂါနေ့**

အရိုးပွရောဂါသည် ကမ္ဘာတစ်ဝန်း တစ်နှစ်ထက်တစ်နှစ် ဖြစ်ပွားမှုနှုန်းအလွန်တိုးတက် များပြားနေသော်လည်း အရိုးပွရောဂါနှင့်ပတ်သက်၍ ဗဟုသုတရှိသူများ နည်းပါးလျက်ရှိနေပါသေးသည်။ ဤရောဂါအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ကမ္ဘာ့အရိုးပွရောဂါဖောင်ဒေးရှင်းမှ ဦးစီးပြီး "ကမ္ဘာ့အရိုးပွရောဂါနေ့" ကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းလုံးကျင်းပရန် သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်မူ ကမ္ဘာ့အရိုးပွရောဂါနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပပြီး ကျန်းမာရေး ဗဟုသုတဟောပြောပွဲများ၊ အရိုးပွရောဂါ ရှိ၊ မရှိ ဆန်းစစ်မှုများ ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

အရိုးပွရောဂါကို သိရှိထားခြင်းမရှိမှုကြောင့်လည်းကောင်း၊ ကာကွယ်ရန် ၁၀ နှစ်တာမျှ ကြိုတင်သိရှိနိုင်ပါလျက်နှင့် ကြိုတင်စစ်ဆေးမှုများ မပြုလုပ်ထားမှုကြောင့်လည်းကောင်း၊ ထိရောက်လွယ်ကူသော ကုထုံးများရှိပါလျက်နှင့် အချိန်မီ ကုသမှုမရှိခြင်းကြောင့်လည်းကောင်း မွေးဖွားစဉ်ကတည်းက သန်မာစွာ တည်ဆောက်ထားခဲ့သည့် မိမိခန္ဓာအိမ်မှ အရိုးတစ်ချောင်း မဆုံးရှုံးသင့်ဘဲ ကျိုးအက်ပျက်စီးသွားခဲ့လျှင် မိမိတစ်ယောက်တည်းသာမက မိမိ၏ မိသားစုပတ်ဝန်းကျင်ဘဝများပါ စီးပွားရေး၊ လူမှုရေး ပျက်စီးဆုံးရှုံးမှုများစွာ ရှိနိုင်ပါသဖြင့် ရခဲသည့်အချိန်အတွင်း အမြန်ဆုံးသွားရောက်စစ်ဆေးပြီး ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာကာ အရိုးပွရောဂါကို ကာကွယ်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

အရိုးပြန်လည်တည်ဆောက်ပုံအဆင့်ဆင့်



# အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအပေါ် နားလည်မှု၊ ယုံကြည်မှု၊ ခိုင်မြဲသောလက်တွဲမှုနှင့် ညီညွတ်ပေါင်းစည်းမှုကို ပြသ

**ရန်ကုန် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိပြည်သူများအတွက် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေး ဗဟိုဌာန(AHA Centre)မှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(ရန်ကုန်ရုံးခွဲ)တွင် ကျင်းပသည်။



အခမ်းအနားတွင် အာဆီယံလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန၏ အမှုဆောင် ညွှန်ကြားရေးမှူး Ms. Adelina Kanal က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားရာတွင် ဤထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသည် အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း နားလည်မှု၊ အပြန် အလှန်ယုံကြည်မှု၊ ခိုင်မြဲသောလက်တွဲမှုနှင့် ညီညွတ် ပေါင်းစည်းမှုကို ပြသခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ဒုက္ခခံစားရသောပြည်သူများ မျှတစွာခံစားရရှိစေရန် ကြက်ခြေနီလှုပ်ရှားမှုကို စက်တင်ဘာ ပထမပတ်တွင် စတင်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများသည် မိသားစုတစ်ခု ဖြစ်သည်ဟုယူဆ၍ သွေးသားရင်းချာနိုင်ငံများကဲ့သို့ မည်သည့်အဖွဲ့ဝင်နိုင်ငံ၏ အခက်အခဲကိုမဆို တစ်သားတည်း ရပ်တည်ကာ စုပေါင်းဖြေရှင်းကြမည်ဟု ယုံကြည်ပါ ကြောင်း၊ ယခုကဲ့သို့ လာရောက်ကူညီထောက်ပံ့ခြင်းသည် လည်း ယင်းအချက်ကို သက်သေပြရာရောက်ကြောင်း။

ယနေ့ကူညီထောက်ပံ့သော လူသားချင်းစာနာ ကူညီမှုဆိုင်ရာ အကူအညီပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ လေးသိန်းကျော် တန်ဖိုးရှိကြောင်း၊ ယခုအထောက်အပံ့အစီအစဉ်တွင်ပါဝင်သော Japan ASEAN Integration Fund (JAIF)အတွက် ဂျပန် အစိုးရကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဤအကူအညီ များကို ရခိုင်ပြည်နယ်ရှိ ဒုက္ခခံစားနေရသူများထံ ခွဲခြားမှု မရှိဘဲ ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် ဤအကူအညီ ထောက်ပံ့မှုသည် အာဆီယံမိသားစုဝင်နိုင်ငံအားလုံး၏ ညီညွတ်မှုနှင့် မိတ်ဆွေကောင်းပီသမှုပေါ်လွင်ပြီး အရေးပေါ်အခြေအနေတွင် အာဆီယံ၏ ONE ASEAN ONE RESPONSE စိတ်ဓာတ်ကို ဖော်ပြခြင်းပင်ဖြစ် ကြောင်း ပြောကြားသည်။

ယနေ့အခမ်းအနားတွင် AHA Centre က လှူဒါန်း သော လူသားချင်းစာနာကူညီမှု အထောက်အပံ့ပစ္စည်းများ မှာ မိသားစုသုံး ရွက်ဖျင်တဲ အလုံး ၅၈၀၊ မိသားစုသုံးပစ္စည်းစုံ ဖာ ၁၂၀၀၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းစုံ ဖာ ၆၀၀၀၊ မီးဖိုချောင်သုံးပစ္စည်းစုံ ဖာ ၁၂၀၀၊ မီးစက်(16KVA) နှစ်လုံး၊ လျှပ်စစ်ဖြန့်ဖြူးရေးပစ္စည်းအစုံ တစ်စုံ၊ မီးစက် (5KVA) ဆက်စပ်ပစ္စည်း နှစ်လုံးတို့ဖြစ်သည်။

လှူဒါန်းပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ၊ ဘရူနိုင်း နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗြိတိန်နိုင်ငံများမှ သံအမတ်ကြီးများ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဥရောပ သမဂ္ဂနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များ(AHA Centre) မှ အမှုဆောင်ဒါရိုက်တာနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များနှင့်တာဝန်ရှိသူများ တက်ရောက် ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အလှူငွေများ လာရောက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ARSA အစွန်းရောက်အကြမ်းဖက် သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်များ ကြောင့် ဒုက္ခခံစားနေကြရသည့် ရခိုင် ပြည်နယ်ရှိ ပြည်သူများ၏ အရေးပေါ် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် ဒေါက်တာ ကောင်းမြတ်ကွယ်လွန်ခြင်း (၆)နှစ်ပြည့် အဖြစ် လှူဒါန်းငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ Future Green ပရဟိတလူငယ်များအသင်းက လှူဒါန်း ငွေကျပ် ၁၀ သိန်းကို လည်းကောင်း ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဗဟိုဌာန (ရန်ကုန်ရုံးခွဲ) ၌ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်သည်။

အောက်တိုဘာ ၁၃ ရက်ကလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်ဌေးဌေးအေး သားသမီး မြေးမြစ်တစ်စု၏ ထောက်ပံ့ကူညီမှု ငွေကျပ်ငါးသိန်းကို လက်ခံရရှိခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်းဦးစီးဌာနက နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက စစ်တွေမြို့ရှိ ယာယီ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံလျက်ရှိသည့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှ နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် ထောက်ပံ့ပစ္စည်း များကို ယနေ့နံနက်ပိုင်းတွင် ယာယီကယ်ဆယ်ရေးစခန်းများ သို့ သွားရောက်ကူညီ ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ စစ်တွေမြို့ ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းနှင့် ကျောင်းတက်လမ်းရှိ ဟိန္ဒူဘုရားကျောင်း ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ထောက်ပံ့ငွေများ၊ အိမ်အသုံးအဆောင် ပစ္စည်းများနှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်း များတွင် ခေတ္တခိုလှုံလျက်ရှိသည် အသက် ၆၀ နှင့်အထက် ဘိုးဘွားလေးဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်း နှုန်းဖြင့် ငွေကျပ်ရှစ်သောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူ သုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအတွက် ငွေကျပ် နှစ်သောင်း၊ နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအတွက် ငွေကျပ်တစ်သောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူ နေသော လူနာလေးဦးအတွက် တစ်ဦးလျှင် ငါးသောင်းနှုန်း ဖြင့် ငွေကျပ်နှစ်သိန်း၊ ထိခိုက်ဒဏ်ရာရ လူနာတစ်ဦး အတွက် ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် နေရပ်စွန့်ခွာတိုင်းရင်းသား ကလေးငယ်များ အတွက် ကစားစရာများ ထောက်ပံ့ပေးအပ်သည့်အပြင် စိတ်ပိုင်းဆိုင်ရာ လူမှုပံ့ပိုးကူညီပေးခြင်းနှင့် ကလေးပျော် နေရာများ ဖန်တီးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



# ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ ပတ္တမြား FM က ပူးပေါင်းပါဝင်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ယခုလာမည့် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့တွင် ပတ္တမြား FM က နှစ်စဉ် ပါဝင်ကူညီဆင်နွှဲနေကျအတိုင်း မြန်မာ နိုင်ငံတစ်ဝန်းလုံးရှိ မျက်မမြင်လမ်းလျှောက်သူများနှင့် အတူလက်တွဲ ကူညီလမ်းလျှောက် ကြမည်ဖြစ်ပြီး အဆိုပါနေ့တွင် ပါဝင်လမ်းလျှောက် သူများအတွက် ပတ္တမြား FM မိသားစုက ငွေကျပ် ၂၈ သိန်း တန်ဖိုးရှိ တီရှပ် ၁၇၀၀ လှူဒါန်းသွားမည်ဖြစ်သည်။

နှစ်စဉ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် ပတ္တမြား FM နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ယခုနှစ် (၈)နှစ်ပြည့်တွင်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျက်မမြင်ကျောင်း ၁၂ ကျောင်းသို့ Audio Books နှင့် အလှူငွေများ၊ စားသောက်ကုန်နှင့် ဆေးဝါးများလှူဒါန်း ခြင်း၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်နှင့် ခဝဲခြံမျက်မမြင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၅၂၀ အားနေ့လယ်စာနှင့် ညစာကျွေးမွေး ခြင်း၊ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ အလှူငွေလှူဒါန်းခြင်းတို့အတွက် စုစုပေါင်းငွေကျပ် ၄၈ သိန်းကျော် လှူဒါန်းခဲ့သည်။ ပတ္တမြား FM က မျက်မမြင်ကျောင်း များသို့ အလှူငွေလှူဒါန်းခြင်း ၊ မျက်မမြင်လမ်းလျှောက်တုတ်နေ့များ တွင် ပါဝင်ကူညီဆင်နွှဲခြင်းများကို နှစ်စဉ်မပျက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုပိုင်(ပတ္တမြား)**

◆ **ကျောဖုံးမှ**

လောင်းဒုံကျေးရွာတွင် အလုံး ၄၀၊ အောင်သာယာကျေးရွာတွင် ၄၃ လုံး၊ အောင်မင်္ဂလာကျေးရွာတွင် လေးလုံး၊ ဂေါ်ရခါးကျေးရွာတွင် ငါးလုံးအပါအဝင် စုစုပေါင်း ၅၀၄ လုံး တည်ဆောက်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားများကို နေရာချထားပေးနိုင်ခဲ့ကြောင်း သိရသည်။

"နတလစံပြကျေးရွာတွေထူထောင်ပေးတဲ့အပြင် လူနေအိမ်တွေကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆောက်လုပ်ပေးခဲ့တယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အစိုးရက လယ်ယာမြေနှစ်ဧကစီ ခွဲဝေပေးပြီး စားဝတ်နေရေးအဆင်ပြေစေဖို့အတွက် ဆောင်ရွက်ပေးခဲ့တယ်။ ဘူးသီးတောင်မြို့နယ်မှာတော့ စုစုပေါင်း အိမ်အလုံး ၆၀ ဆောက်လုပ်ပေးခဲ့တယ်။ ရသေ့တောင်မြို့နယ်မှာတော့ စုစုပေါင်း ၁၀၉ လုံး တည်ဆောက်ပေးခဲ့တယ်"ဟု ဦးခင်မောင်ထွေးက ဆက်လက်ပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဘူးသီးတောင် နှင့် မောင်တောမြို့နယ်တို့တွင် ၁၉၉၀-၉၁ ခုနှစ်မှစတင်၍ နတလစံပြကျေးရွာများ ထူထောင်ပေးခဲ့ရာ မောင်တောမြို့နယ်တွင် ၂၈ ရွာ၊ ဘူးသီးတောင်မြို့နယ်တွင် ကိုးရွာနှင့် ရသေ့တောင်မြို့နယ်တွင် နှစ်ရွာ စုစုပေါင်း ၃၉ ရွာ တည်ထောင်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ **နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

## အသိပေးကြေညာချက်

၁။ (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-I)၌ ကျင်းပမည်ဖြစ်သည်။

၂။ အဆိုပါအခမ်းအနားကို တက်ရောက်သတင်းရယူလိုသော ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် 13th ASEM Foreign Ministers' Meeting (ASEM FMM13)နှိပ်ကာ MEDIAR EGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Submit ပြုလုပ်မှတ်ပုံတင်ခြင်းကို နိုဝင်ဘာ ၇ ရက် ညနေ ၄ နာရီအထိ နောက်ဆုံးထား ဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၌ ထုတ်ပေးသွားမည်ဖြစ်သည်။

၃။ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၈၇၊ ၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆၊ ၀၉-၄၂၀၇၂၃၂၄၄၊ ၀၉-၅၀၅၅၀၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# (၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့်နည်းပညာဝန်ကြီးအဆင့်အစည်းအဝေး၊ (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

(၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၇၃)ကြိမ်မြောက်အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ အစည်းအဝေးများကျင်းပသည့် ရက်သတ္တပတ်ကို အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် သတ်မှတ်ပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်ထိ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ပြပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်ထိ အာဆီယံသိပ္ပံ၊ နည်းပညာနှင့်




တီထွင်ဆန်းသစ်မှု ညီလာခံကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆုချီးမြှင့်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ ကြိတ်ကြိတ်တိုးစည်ကား

**မုံရွာ အောက်တိုဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မုံရွာတက္ကသိုလ်(ဘက်စုံ)ခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကလေးငယ်များ၊ မိဘပြည်သူများသည် စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ပိတ်သိမ်းချိန်အထိ အဖွဲ့လိုက်၊ မိသားစုအလိုက် အဆက်မပြတ် လာရောက်လေ့လာကာ စာအုပ်စာပေအရောင်းဆိုင်များမှ စာအုပ်များကို ဝယ်ယူအားပေးလျက်ရှိကြသည်။

ပြပွဲမြေညီထပ်တွင် ဆရာကြီးမင်းသုဝဏ်ရေးသားခဲ့သည့် ကဗျာနှင့် ကလေးစာပေများပြခန်း၊ 3D ပြခန်း၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ Team Building Game၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်တည်ဆောက်မှု ကစားနည်း၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့၌ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအပြင် ပွဲတော်လာကလေးငယ်များကလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ထို့နောက် ပွဲတော်သို့လာရောက်သည့် ပရိသတ်များအား စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၅၀၊ မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းမှ ရုပ်သေးအက၊ မျက်လှည့်နှင့် ကျောက်ဆည်မြို့ ရိုးရာဆင်အကအဖွဲ့(ဉာဏ်လင်းထက်)တို့က ဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာသူများက တစ်ခဲနက်အားပေးခဲ့ကြသည်။

နံနက်ပိုင်း စာပေဟောပြောပွဲ၌ စာရေးဆရာ ဦးရဲလွင်(ရဲသျှမ်း)က "လာရာနှင့် လားရာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဦးဇော်နောင်ဟိန်း(ဇော်နောင်ဟိန်း-Guitar)က "အလုပ်နှင့်ရည်ရွယ်ချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ "စာဖတ်ခြင်းအကျိုးကျေးဇူး"ခေါင်းစဉ်ဖြင့် ဦးရဲလွင်(ရဲသျှမ်း)၊ ဦးဇော်နောင်ဟိန်း(ဇော်နောင်ဟိန်း-Guitar)၊ ဒေါက်တာနိုင်လင်းအောင်(အမောင်-ပုဂံ)၊ ဦးသက်နိုင်ထွန်း(သက်နိုင်ထွန်း M.Ed)၊ ဦးသန့်စင်ထွန်း(သစ်ဝေခ)တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများ၊ စာပေဝါသနာရှင်များ၊ စာရေးဆရာများကလည်း ပါဝင်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်မင်းဟန်**

❐





✪ **ထိပ်ဆုံးမှ**

တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အဗ္ဗဒူလာကို ရှမ်းနောက်တန်းခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ ၇၃ မိနစ်တွင် တိုက်စစ်မှူး အဗ္ဗဒူလာ ရှမ်းနောက်ခံ လူများကိုကျော်ဖြတ်ပြီး အပိုင်ကန်သွင်းခဲ့သော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးထပ်ရရေးထက် ဂိုးမပေးရရေးကို ပိုမိုအာရုံစိုက်ကစားခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အမာခံကစားသမားအချို့ကို အနားပေးထားသည့် ရတနာပုံအသင်းသည် အဝေးကွင်း၌ ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းတွင် ဂိုးများ အပြန်အလှန်သွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် နောက်ဆုံးမိနစ်တွင် ချေပဂိုးပြန်ရခဲ့သော်လည်း ပွဲပြီးခါနီး စက္ကန့်ပိုင်းအလိုတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို တိုက်စစ်မှူး ပက်ထရစ်က ၆၈၊ ၇၉၊ ၉၀+၅ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး ဟံသာဝတီအတွက်ဂိုးများကို ၅၈ မိနစ်တွင် မာစီယို၊ ၉၀+၄ မိနစ်တွင် ဂျူနီယာတို့က သွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် GFA အသင်းက ရခိုင်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ GFA အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် တန်းဆင်းဇုန်မှ လွတ်ရန် အခြေအနေကောင်းသွားခဲ့ပြီး အီမန်နျူရယ်က ၃၈၊ ၄၀၊ ၇၁ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးကို ၆၅ မိနစ်တွင် အီဖာက သွင်းယူပေးခဲ့သည်။ သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအတွက်ဂိုးများကို တိုက်စစ်မှူး မာတူနာက ၂၀၊ ၈၅ မိနစ်တွင် နှစ်ဂိုး၊ သီဟဇော်က ၃၇ မိနစ်တွင် တစ်ဂိုး သွင်းယူခဲ့သည်။ ချင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၄၄ မိနစ်တွင် သန်းပိုင်ကသွင်းယူခဲ့သည်။

ဒုတိယနေ့ကို အောက်တိုဘာ ၁၅ ရက်တွင် YUSC ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**

# ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇလောင်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအား ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု၊ GAP တောင်သူများနှင့် နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က ဒေသအလိုက်၊ ရာသီအလိုက် ဈေးကွက်ပေါ်မူတည်၍ ရေရှည်တည်တံ့သော သီးနှံပုံစံ၊ စိုက်စနစ်နှင့် နည်းပညာများအကြောင်း၊ ဥတ္တရခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်စန္ဒာထွန်းတို့က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) လိုက်နာကျင့်သုံးခြင်းနှင့် ယခုနှစ် ရာသီအလိုက် သီးနှံတို့တွင် GAP စနစ်များ လိုက်နာကျင့်သုံးစိုက်ပျိုးထုတ်လုပ်ခြင်းများအကြောင်းကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသော KC မန်နေဂျာနှင့် တောင်သူများအားတာဝန်ရှိသူများက သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ပဲမျိုးစုံဖြင့်ချက်ပြုတ်ထားသော ဟင်းလျာများဖြင့် တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျန်ရှိနေသေးသည့် ကျေးရွာအုပ်စုများတွင်လည်း အလားတူ ဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

# သက်သေခံဥပဒေနှင့်စပ်လျဉ်းသည့်ဆွေးနွေးပွဲ ပထမဆုံးအကြိမ်ပြုလုပ်

**စစ်ကိုင်း အောက်တိုဘာ ၁၄**
သက်သေခံဥပဒေနှင့်စပ်လျဉ်းသည့် Digital-evidence IP Law နှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများ ဆွေးနွေးပွဲတစ်ရပ်ကို JICA က စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်သို့ ပထမဆုံး လာရောက်ပြု လုပ်ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ထံမှ သိရသည်။

"ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၃/၂၀၁၅ အရ သက်သေခံဥပဒေကိုပြင်ဆင်တဲ့ဥပဒေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ပြဋ္ဌာန်းခဲ့ပါတယ်။ ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၃(က)မှာ Document ဆိုတဲ့စကားရပ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နောက်မှာ In This Expression; Electronic Record And Information Are Included ဆိုတဲ့စကားရပ် ဖြည့်စွက်ထားတာကို တွေ့ရပါတယ်။ IP Law နဲ့စပ်လျဉ်းပြီး မြန်မာနိုင်ငံမှာ ဥပဒေပြဋ္ဌာန်းဖို့ဆောင်ရွက်နေတယ်လို့သိရတဲ့အတွက် ရလဒ်ကောင်းတွေအများကြီးရမယ်လို့ ယုံကြည်ပါတယ်"ဟု တရားသူကြီးချုပ် ဦးဝင်းမြင့်က ပြောသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့ ပူးပေါင်းဖွင့်လှစ်သည့်``Seminar On How To Handle New Types Of Evidence´´ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်က မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ကျင်းပရာ တရားသူကြီးချုပ် ဦးဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ချယ်ရီကြည်၊တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ စစ်ကိုင်းခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်တို့မှ ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများ၊ အဆိုပါခရိုင်များအတွင်းရှိ မြို့နယ်တရားသူကြီးများနှင့် တွဲဖက်တရားသူကြီးများ စုစုပေါင်း ၄၀ တက်ရောက်ကြောင်း သိရသည်။

"ဆွေးနွေးပွဲက ရရှိလာတဲ့အတွေ့အကြုံကောင်းတွေဟာ အမှုစစ်ဆေးရာမှာ အများကြီးအထောက်အကူဖြစ်တဲ့အပြင် တရားစီရင်ရေးကဏ္ဍမှာ တန်ဖိုးမဖြတ်နိုင်တဲ့ဗဟုသုတတွေကို ရရှိစေပါတယ်"ဟု ဆွေးနွေးပွဲသို့တက်ရောက်လာသူတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❖



# မြို့ပတ်လမ်းဖောက်လုပ်မည့်နေရာအား လိုက်လံကြည့်ရှု

**ဂွ အောက်တိုဘာ ၁၄**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်နှင့် သံတွဲခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မင်းတို့သည် အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ဂွမြို့သို့ရောက်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဂွမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပတ်လမ်းဖောက်လုပ်ရေးဆွေးနွေးခဲ့ကြပြီး ရဟိုင်ကူးတို့ကမ်းခြေနှင့် မြို့ပတ်လမ်းဖောက်လုပ်မည့် နေရာများသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးနောက် ဂွကျွန်းသာယာလှပရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု ဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**
ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီမှ ကျင်းပမည့် အားကစားဆပ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု ဖိတ်ခေါ်ပြိုင်ပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒေါပုံမြို့နယ် ယမုံနာလမ်း Yangon Waterboom ရှိ Lobby Hall Area တွင် ပြုလုပ်သည်။

ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အသက်(၁၆)နှစ်ပြည့်ပြီး အနည်းဆုံး အရပ် ၅ ပေ ၃ လက်မနှင့်အထက်ရှိသူများ၊ ခန္ဓာကိုယ်ကျစ်လျစ်ကာ အဆီကင်းပြီး (ကြွက်သား)ရှိရမည်။ ပြိုင်ပွဲအတွင်း လက်ပြတ်အင်္ကျီနှင့်ဘောင်းဘီတို ဝတ်ဆင်ရမည်ဖြစ်ပြီး ဖိနပ်အမြင့်မှာ သုံးလက်မထက်မနိမ့် ငါးလက်မထက်မမြင့်စေရ (နောက်ပိတ်မဖြစ်စေရ)၊ နားကပ်၊ ဆွဲကြိုး၊ လက်စွပ် အလှဆင်ခွင့်ရှိမည်ဖြစ်ကာ ဆံပင်ကို ပုံသဏ္ဌာန်အမျိုးမျိုးပြင်ဆင်၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထားကာ လျှောက်လွှာတင်နိုင်ကြောင်းနှင့် လျှောက်လွှာပုံစံများကို Junction Square (Diamond & Me စိန်ရွှေရတနာဆိုင်)၊ Yangon Waterboom နှင့် ပဒေသာကွင်းတို့တွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆုကျပ် နှစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်သူများ အားလုံးကိုလည်း တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ကာ တေးဂီတဖျော်ဖြေပွဲနှင့်အတူ ဈေးပွဲတော်ကိုပါ တစ်ပါတည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကာယကြံ့ခိုင်မှုမယ်များအား နိုဝင်ဘာ ၁၈ ရက်တွင် ပြုလုပ်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အပြင် နိုင်ငံတကာပြိုင်ပွဲများတွင်ပါ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ဦးအမ်တင်အေးအမှတ်တရပန်းချီပြပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**
ပန်းချီဆရာကြီး ဦးအမ်တင်အေး ကွယ်လွန်ခြင်း(၁၉)နှစ်ပြည့် အမှတ်တရ ပန်းချီပြပွဲဖွင့်ပွဲကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွင်းရှိ နှင်းဆီမြိုင်ပန်းချီပြခန်း၌ကျင်းပရာ အခမ်းအနားသို့ ဆရာကြီး ဦးအမ်တင်အေး၏ မိသားစုဝင်များ၊ ပန်းချီဆရာကြီးများ၊ ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပန်းချီဆရာကြီးများ ဖြစ်ကြသော ဒေါက်တာ ဦးလွန်းကြွယ်၊ ဆရာမြဝင်း၊ ဆရာမောင်ကျော်ညွန့်နှင့် ပန်းချီဆရာကြီးဦးလှတင်ထွန်းတို့က မှဒိတာဂုဏ်ပြုစကားများ ပြောကြားကြသည်။



အဆိုပါ ပြပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ခင်း ကွင်းသရုပ်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၁၄**
ပခုက္ကူမြို့နယ် ဖောင်းကွဲအုပ်စု ထန်းတပင်ကျေးရွာတောင်သူဦးအောင်သန်း၏ ရွှေတောင်(၈)မိုးနှောင်းချည်မျှင် ရှည်ဝါစိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနနှင့်တောင်သူများပူးပေါင်း၍ ကွင်းဆင်းသရုပ်ပြပွဲနှင့်ဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ငွေအောင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပခုက္ကူမြို့နယ်ဦးစီးမှူး ဦးစန်းလွင်က စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းကောင်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့်ဈေးကွက်အခြေအနေ၊ တောင်သူများ၏အခက်အခဲများနှင့် မျှော်လင့်ချက်များကို ဟောပြောဆွေးနွေးသည်။ သိပ္ပံနည်းကျ ဝါစိုက်ပျိုးရေး(၁၀)ချက်နှင့် အခြားသီးနှံများ သိပ္ပံနည်းကျစိုက်ပျိုးနိုင်ရေးတို့အတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံ၊ သီးနှံတာဝန်ခံတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက မျိုးစေ့ကောင်းရရှိရေး မြေအချဉ်၊ အငန်ဓာတ်တိုင်းကိရိယာရယူလိုမှုနှင့် ဓာတုဓာတ်ကြွင်းဆိုင်ရာကိစ္စရပ်များ၊ မိုးနည်းရပ်ဝန်းဖြစ်သည့်အတွက် ရေရရှိရေးကိစ္စရပ်များကိုတောင်သူများက မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ဖြေကြားရှင်းလင်းကြသည်။

ရွှေတောင်(၈)မိုးနှောင်းချည်မျှင်ရှည်ဝါကို ပခုက္ကူမြို့နယ်တွင် ဧက ၆၀၃၀ စိုက်ပျိုးထားကြောင်းသိရပြီး အောင်မြင်ဖြစ်ထွန်းသော ဝါစိုက်ဧကတစ်ဧကလျှင် အမြတ်ငွေကျပ် သုံးသိန်းခွဲခန့်ရရှိနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ပခုက္ကူရုံးမှ သိရသည်။

**ကိုတမာ**

# သမဝါယမအသင်းစုဝင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၄**။ မြို့နယ်ကျေးရွာ သမဝါယမအသင်းစုဝင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိကိုယ်စား ဦးနိုင်ဝင်း၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က လုပ်ငန်းများညှိနှိုင်းဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များချပြဆွေးနွေးခြင်းနှင့် ကျေးရွာလုပ်ငန်းခွင်များတွင် အဆင်ပြေစေရေးတို့ကို ရှင်းလင်းပြောကြားသည်။ တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းရာ အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူး-သနပ်ပင်ကားလမ်း လေးလမ်းသွားတိုးချဲ့ရေး ကွင်းဆင်းကြည့်ရှု

**ပဲခူး အောက်တိုဘာ ၁၄**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီတွင် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် ကားလမ်းလေးလမ်းသွား တိုးချဲ့ဆောင်ရွက်မည့်အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သနပ်ပင်ကားလမ်းသည် နှစ်လမ်းသွားကားလမ်းဖြစ်ပြီး ယခုအခါ ယာဉ်ကြောရှုပ်ထွေးကျပ်တည်းနေသောကြောင့် ပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရာသီဥတုပွင့်လင်းချိန်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၈၆၀၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၂၉၀ တို့ဖြင့် ၄၈ ပေ အကျယ် လေးလမ်းသွား ကတ္တရာကွန်ကရစ်နှင့် ကွန်ကရစ်အမျိုးအစားတို့ဖြင့် ပဲခူးမြို့ နာရီစင်ရှေ့မိုင်(၀/၀) မှစတင်၍ ကမာနတ်ကျေးရွာထိပ် စိန်သာလျောင်းဘုရားလမ်းဆုံမိုင်(၁/၇)အထိ အဆင့်မြှင့်တင်ခင်းပေးသွားမည်ဖြစ်သည်။ ထို့ပြင် လမ်းအင်္ဂါရပ်နှင့်ညီညွတ်စေရန် ရေမြောင်းပလက်ဖောင်းများ၊ လမ်းစနစ်နှင့် ညီညွတ်သည့် အခင်းအကျင်းများကိုပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းက ရှင်းလင်းပြောကြားသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားဈေးသစ်ပြန်လည်တည်ဆောက်ခြင်းမပြုမီ ဈေးရောင်းချနေမှုနှင့် ဈေးအခြေအနေအား ဝင်ရောက်ကြည့်ရှုပြီး**(ယာပုံ)** ဈေးသစ်ပြန်လည်တည်ဆောက်မည့်ကိစ္စရပ်အတွက် ဆန္ဒကိုမေးမြန်းခြင်းများအပြင် တာဝန်ရှိသူများအား ဈေးအတွင်း၊ အပြင်အမြဲသန့်ရှင်းအောင်ပြုလုပ်ကြရန် မှာကြားခဲ့သည်။ ဘုရားဈေးသစ်အား ဈေးသည်များ၏သဘောဆန္ဒကိုခံယူပြီး အများဆန္ဒအတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ပြန်လည်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# တိုက်ကြီးတွင် တောဆင်ရိုင်းများဖျက်ဆီးမှုကြောင့် ကြံစိုက်ဧက ၄၀ ကျော်နှင့် နေအိမ်တစ်လုံးပျက်စီး

**တိုက်ကြီး အောက်တိုဘာ ၁၄**
တိုက်ကြီးမြို့နယ် ဖလုံဘူတာကျေးရွာအုပ်စု ကွမ်းသီးမြောင်ကျေးရွာတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၃ နာရီခန့်တွင် တောဆင်ရိုင်းအုပ်စုလိုက်ဖျက်ဆီးမှုကြောင့် ကြံစိုက်ဧက ၄၀ ကျော်နှင့် နေအိမ်တစ်လုံး ပျက်စီးသွားကြောင်း ကွမ်းသီးမြောင်ကျေးရွာဒေသခံများ၏ ပြောပြချက်အရ သိရသည်။

“ကျွန်တော့်မိသားစုတွေ မနည်းလွတ်အောင်ပြေးရတာ၊ အိမ်နောက်ဖေးမီးဖိုချောင်ထဲက ဆန်အိုးကို နှာမောင်းနဲ့ လှန်ယူတာ၊ သူ့ကိုယ်လုံးနဲ့တိုးမိတော့ အိမ်ပါပြိုသွားတယ်။ မိသားစုတွေ မပြေးရင် အနင်းခံရမှာကြိမ်းသေတယ်”ဟု ဦးသိန်းအောင်က ပြောသည်။

အဆိုပါ တောဆင်ရိုင်းများသည် နေ့စဉ် ညနေ ၄ နာရီတွင် အစာရှာထွက်လေ့ရှိပြီး အုပ်စုလိုက်သွားလာတတ်ကြကြောင်း၊ လူနေအိမ်များအတွင်း ဆန်စပါးနှင့် ဆားများအား ရှာဖွေစားတတ်ကြကြောင်း၊ ဒေသခံတောင်သူများနှင့် ထိပ်တိုက်တွေ့ရှိပါက ရန်မူတတ်ကြကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းကောင်ရေ ၄၀ ကျော် အုပ်စုဖွဲ့သွားလာတတ်ပြီး ဆောင်းရာသီ စပါးပေါ်ချိန်နှင့် နွေရာသီများတွင် တိုက်ကြီးမြို့နယ် အရှေ့ဘက်၊ ပဲခူးရိုးမ အနောက်ခြမ်းတို့ရှိ ကျေးရွာများတွင် သွားလာအစာရှာထွက်ကြကြောင်း၊ ဆောင်းဦးပေါက်ကြံရာသီပေါ်ချိန်များတွင် စပါး၊ကြံခင်းများတွင် တောဆင်ရိုင်းများဝင်ရောက်စားတတ်ကြကြောင်း မြိုင်ဟေဝန်ဆင်စခန်းမှ အသက် (၅၀) ခန့်ရှိ ဆင်ဦးစီးတစ်ဦးက ပြောသည်။

“ဆင်နဲ့တွေ့တဲ့အခါ မေတ္တာထားဖို့လိုတယ်။ ကျွန်မတို့တောထဲနေတာကြာပြီ၊ ဆင်နဲ့မကြာခဏတွေ့ပါတယ်။ အမြဲပဲမေတ္တာပို့တယ်။ တစ်ရက်မှာ ကျွန်မတို့လှမ်းထားတဲ့ စပါးတွေကို ဆင်လာစားတယ်။ ကျွန်မက သားကြီးစပါးတွေ အကုန်မစားနဲ့ ငါတို့စားဖို့ချန်ဦးလို့ပြောတော့ မော့ကြည့်ပြီးပြန်ထွက်သွားတယ်။ သူတို့လာရင် လူတွေက စက်ဘီးတာယာတွေကို မီးရှို့ပြီးပစ်တယ်၊ မီးတုတ်တွေနဲ့ပစ်တယ်၊ လေးခွနဲ့ချောင်းပစ်တယ်။ သူတို့က မှတ်ထားတာ ရန်သူဖြစ်သွားတာပေါ့။ ဆင်တွေဟာ အမှတ်အသားကြီးတယ်၊ အကင်းပါးတယ်” ဟု ချောင်းဆောက် ရွာတဲတိုက်တွင်နေသူ အသက် (၆၅)နှစ်ရှိ အဘွားက ပြောသည်။

ယခုအခါ ဆင်စားကျက်များတွင် လူများဝင်ရောက်လာကြပြီး စိုက်ပျိုးရေးများပြုလုပ်ခြင်း၊ သစ်တောများထူထောင်ခြင်း၊ လူနေအိမ်များနေထိုင်ခြင်းကြောင့် တောဆင်ရိုင်းများ စားကျက်ကျဉ်းလာကာ စပါး၊ ကြံခင်းများအား ဝင်ရောက်စားသောက်ခြင်း၊ လူနှင့်ထိပ်တိုက်တွေ့ဆုံလျှင် ပဋိပက္ခဖြစ်ခြင်းများ ကြုံတွေ့လျက်ရှိကြောင်း ဒေသခံများက ပြောသည်။



**ထွန်းလှိုင်(မြိုင်)**

# ပြည်သူများ ကျန်းမာရေးဝန်ဆောင်မှု ဈေးနှုန်းချိုသာစွာရရှိရေး ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၄**
နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူများ ကျန်းမာရေးဝန်ဆောင်မှုခံယူရာတွင် ဈေးနှုန်းချိုသာစွာရရှိနိုင်ရန် အမျိုးသားကျန်းမာရေးစီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ပုဂ္ဂလိကအထွေထွေရောဂါကုဆရာဝန်များ ပါဝင်ဆွေးနွေးကြသည်။

“ငါးနှစ် ငါးနှစ်ပိုင်းပြီးတော့ အမျိုးသားကျန်းမာရေးစီမံကိန်းဆိုတာဆွဲထားတယ်။ အဲတော့ ၂၀၁၇ ကနေ ၂၀၂၂ က ပထမငါးနှစ်၊ နောက် ဒုတိယငါးနှစ်၊ တတိယ ငါးနှစ်ဆိုတော့ လာမယ့်ပထမငါးနှစ်မှာ ဂျီပီဆရာဝန်တွေစပြီးတော့ ပါကြမယ်။ ဂျီပီဆိုတာက အစိုးရအလုပ် မလုပ်ဘဲနဲ့ အပြင်မှာကိုယ်တိုင်ဆေးခန်းဖွင့်တဲ့ဆရာဝန်တွေပါ။ အစိုးရစီမံကိန်းမှာ ပါဝင်မယ့်ဆေးခန်းတွေ ဘယ်လိုလုပ်ပေးမှာလဲ၊ လူနာတွေကို ဈေးနှုန်းချိုသာအောင်ဘယ်လိုစနစ်နဲ့လုပ်မှာလဲ၊ အစိုးရက ကျွန်တော်တို့ကို ငွေကြေးဘယ်လိုပံ့ပိုးမှာလဲ၊ ဆေးဝါးတွေ ဘယ်လိုပံ့ပိုးမှာလဲ အဲဒါတွေ ဆွေးနွေးမယ်။ ရလဒ်ကိုဒီနေ့ပဲ အစိုးရကိုတင်ပြမယ်”ဟု အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဦးက ပြောသည်။

လက်ရှိတွင် ပထမငါးနှစ်အပိုင်းထဲမှ ပထမနှစ်ဖြစ်သည့် ၂၀၁၇- ၂၀၁၈ ခုနှစ်၌ ပထမဆုံးပါဝင်သည့် မြို့နယ် ၇၈ မြို့နယ်တွင် အခြေခံလိုအပ်ချက်ဖြစ်သည့် အဆောက်အအုံ၊ လူအင်အား၊ ပစ္စည်းအင်အားများကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါမြို့နယ်များတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ ပါဝင်ကြောင်း သိရသည်။ ယနေ့ကျင်းပသည့် အထွေထွေရောဂါကုဆရာဝန်များနှင့် ဆွေးနွေးပွဲသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ၂၀၁၇- ၂၀၁၈ ခုနှစ်အတွင်း မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ် စသည့် မြို့ကြီးများတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။ အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှိ ကျန်းမာရေးအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြောင်း ဒေါက်တာမြင့်ဦးက ပြောသည်။

“အမျိုးသားကျန်းမာရေးအစီအစဉ်ကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကမကထလုပ်တာပါ။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေ အားလုံးပါဝင်နိုင်အောင် ကမကထလုပ်တယ်။ လိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာလုပ်သားအင်အားတွေကို ကျွန်တော်တို့ တတ်နိုင်သလောက် မွေးထုတ်ပေးမယ်။ ၂၀၂၀ ပြည့်နှစ်လောက်မှာ ပြည်သူလူထုအတွက် အရည်အသွေးကောင်းတွေ ပေးနိုင်အောင်လုပ်ပေးမယ်။ ဒီလိုလုပ်ပေးတဲ့အခါမှာ ဝန်ကြီးဌာနတစ်ခုထဲနဲ့မပြီးဘူး။ ဒါကြောင့်မို့လို့ ကျန်းမာရေးအဖွဲ့အစည်းတွေပါလာအောင် အခုလိုရှင်းပြ ဆွေးနွေးတာပါ”ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဒေါက်တာသန့်ဇင်ထူးက ပြောသည်။

**(ဇာနည်မောင်)**

## ကြေးမုံသတင်းတိုများ

### သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေး အခမ်းအနား ကျင်းပ

**မြန်အောင် အောက်တိုဘာ ၁၄**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၏ မြို့နယ်သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က မြန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များကို မြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြု၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ စုစုပေါင်း ၈၅ ဦးတက်ရောက်ကြပြီး အသိပညာပေးဆွေးပွဲကို နှစ်ရက်ကြာပြုလုပ်ခဲ့သည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

### ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ကြံခင်းမြို့နယ်မှ အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**
ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၁၅၇၀၀၀၀ ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရန်ကုန်တိုင်း)ရုံးသို့ အောက်တိုဘာ ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်နှင့် တာဝန်ရှိသူများက ကြံခင်းမြို့ ဒေသခံပြည်သူများကိုယ်စား ငွေကျပ် ၁၁၅၇၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းရွှေက လက်ခံရယူခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

### အိမ်မဲမြို့ အမက(လေးအိမ်တန်း)တွင် နယ်လှည့်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အိမ်မဲ အောက်တိုဘာ ၁၄**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အခြေခံပညာကျောင်းများတွင် နယ်လှည့်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းများဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက် နံနက် ၁၁ နာရီက အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာအုပ်စု အမက(လေးအိမ်တန်း)ကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ဦးစီးမှူး ဒေါ်ငွေငွေလှိုင်က စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများ၊ ငယ်စဉ်မှစ၍စာဖတ်ဝါသနာမွေးမြူသင့်ကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များအကြောင်းဟောပြောခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်းနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍ စာဖတ်ဝိုင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထို့နောက် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများပြပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြသည်။ **အိမ်မဲ(ပြန် /ဆက်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ





**နေပြည်တော် အောက်တိုဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၅ စီး၊ သွင်းကုန် ၃၆၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၅၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးဒိုက်ဘာ(1×6) ဖာ ၇၀ နှင့် ကိုယ်တိုက်ပလတ်စတစ်(1×100) ဖာ ၄၀ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၈၀သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကနီမြို့နယ်၌ တရားမဝင်ပိတောက်ခွဲသား ၂၂ ချောင်း သိမ်းဆည်းရမိ



**ကနီ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တောအုပ်ကြီး ဦးဝင်းဗိုလ် ဦးဆောင်သော သစ်တောဝန်ထမ်းလေးဦးပါဝင်သည့်အဖွဲ့သည် ကနီမြို့နယ်အတွင်း တရားမဝင်သစ်များခုတ်လှဲခြင်း၊ ခိုးထုတ်ခြင်း၊ ရောင်းချသယ်ယူခြင်းများကို အရှိန်အဟုန်မြှင့် ရှာဖွေဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရှာဖွေဖမ်းဆီးရာတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ကနီမြို့နယ် အောင်မင်္ဂလာကျေးရွာတောင်ဘက် သုံးဖာလုံခန့်အကွာ တောပြုတ်အတွင်း တရားမဝင်ပိတောက်ခွဲသား ၁၂ ချောင်း (၂ ဒသမ ၁၆၇၈ တန်)ကို လည်းကောင်း၊ ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် အောင်မင်္ဂလာကျေးရွာနှင့် ဇီးပင်တွင်းကျေးရွာ သွားလမ်း တောတိုက်အနောက်ဘက် နှစ်ဖာလုံခန့်အကွာတွင် တရားမဝင်ပိတောက်ခွဲသား ၁၀ ချောင်း (၁ ဒသမ ၃၁၆၂ တန်)ကို လည်းကောင်း ပိုင်ရှင်မဲ့ ရှာဖွေသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိသော တရားမဝင် ပိတောက်ခွဲသား စုစုပေါင်း ၂၂ ချောင်း(၃ ဒသမ ၄၈၄၀ တန်)ကို ကနီမြို့နယ် ချောင်းမသစ်တောပျိုးဥယျာဉ်စခန်း၌ သယ်ယူထိန်းသိမ်းထားကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# စစ်ကိုင်းမြို့၌ ကြက်ကင်ဆိုင် မီးလောင်မှုဖြစ်ပွား



**စစ်ကိုင်း အောက်တိုဘာ ၁၄**

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် မြို့မဈေးအနီး ကြက်ကင်ဆိုင်၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က ကြက်ကင်စက်မှ မီးခိုးထုတ်လွှတ်သည့် မီးခိုးခေါင်းတိုင် ပေါက်ကာ မီးပွားထွက်၍ အနီးရှိမျက်နှာကြက်နှင့် ကတ်ထူများသို့ ကူးစက်ကာ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်ရာသို့ စစ်ကိုင်းခရိုင် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဝင်းဇော်ဌေးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ စိန်ကုန်း နယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် တစ်စီးတို့ရောက်ရှိလာပြီး ပြည်သူများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# မြစ်ကြီးနား၌ သားအမိနှစ်ဦး အသတ်ခံရ

**မြစ်ကြီးနား အောက်တိုဘာ ၁၄**

မြစ်ကြီးနားမြို့၌ သားအမိနှစ်ဦးမှာ အိမ်တွင် အသတ်ခံခဲ့ရကြောင်း၊ ယင်းအသတ်ခံရမှုမှာ ပစ္စည်းရလိုမှုကြောင့် အသတ်ခံရခြင်းဖြစ်ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦးက ပြောသည်။

မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် နယ်မြေ (၄)တောင်သူကြီးလမ်း အမှတ်(၄၁၄)တွင် အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဒေါ်ခင်မြင့်(၇၅)နှစ်မှာ ထိုးသွင်းဒဏ်ရာ ၁၃ ချက်နှင့် ဒေါ်ခင်မြင့်၏သမီး ဒေါ်ခင်စန်းရီ(၅၁)နှစ်မှာ ထိုးသွင်းဒဏ်ရာ ခြောက်ချက်ဖြင့် ၎င်းတို့၏ နေအိမ်၌ အသတ်ခံခဲ့ရကြောင်း နယ်မြေရဲစခန်း၏ မှတ်တမ်းများအရ သိရသည်။

"ကျွန်တော်တို့ သုံးသပ်ချက်အရ ဒီအမှုက ပစ္စည်းလိုချင်လို့ လုပ်တာဖြစ်တယ်။ လူကိုလည်း အပြီးအတေးတော့ ရှိချင်ရှိနိုင်ပါတယ်။ ဒါပေမယ့် အထဲမှာ မွှေနှောက်ရှာဖွေထားတဲ့အနေအထားလည်း တွေ့ရတယ်။ ပစ္စည်းကို ရှာတော့ရှာတယ်။ မတွေ့သွားတဲ့သဘောပါ။ ဒီအိမ်က ခိုင်ခံ့လုံခြုံတဲ့အိမ်ပါ။ အိမ်ကိုဝင်၊ ထွက်နေကျ မသင်္ကာစရာ လူတစ်ယောက်တော့ရှိတယ်။ လောလောဆယ်တော့ ပြောလို့မရသေးဘူး" ဟု ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦးက ပြောသည်။

အခင်းဖြစ်ပွားချိန်သည် မိုးရွာနေပြီး ပတ်ဝန်းကျင်မှာတိတ်ဆိတ်နေကာ နေအိမ်၌ အစောင့်အရှောက်နည်းပါးခြင်းနှင့် အမျိုးသမီးများသာ ရှိနေသည်ကို အခွင့်ကောင်းယူ၍ ပြစ်မှုကျူးလွန်သူက ဓားဖြင့် အချက်ပေါင်းများစွာ ထိုးခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရသည်။

"အိမ်ရှေ့ကအဘွားက ကျွန်မအပြင်ကပြန်လာတော့ ပြောတယ်။ ဒီအိမ်ကို သူလာတော့ လူတွေမရှိဘဲ တီဗွီအကျယ်ကြီးဖွင့်ထားတယ်တဲ့။ အဲဒါနဲ့ ကျွန်မလည်း တံခါးဖွင့်ပြီး ဝင်ရှာကြည့်တော့ ရေချိုးခန်းအရှေ့မှာ အဘွားကို သေနေတာတွေ့တာပါ" ဟု အခင်းဖြစ်မှုကို စတင်တွေ့ရှိသူ မယဉ်မော်က ပြောသည်။

အဆိုပါ အခင်းဖြစ်ပွားရာနေအိမ်၌ သေဆုံးသူ နှစ်ဦးအပါအဝင် မိသားစုဝင် သုံးဦးနှင့် ၎င်းတို့အိမ်၏ နောက်ဖေးဘက်တွင် အိမ်ငှားနေထိုင်သူ မယဉ်မော်တို့သားအမိရှိ၍ စုစုပေါင်း ငါးဦး နေထိုင်ကြကြောင်း မယဉ်မော်၏ ပြောပြချက်အရ သိရသည်။

ယင်းဖြစ်စဉ်ကို နယ်မြေရဲစခန်း၌ ဦးမြင့်ဦးက တရားလိုပြုလုပ်၍ အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေးအတွက် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(မင်းမင်းဦး)**

# မူးယစ်ဆေးဖမ်းဆီးရာမှ သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား

**ထားဝယ် အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးခင်းအကူ ဒု-ရဲမှူးသန်းဇော်ဦး ဦးစီးသော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ တရားမဝင် လက်နက်ကိုင်ဆောင်ကာ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းများ ပြုလုပ်နေကြောင်း သတင်းအရ အောက်တိုဘာ ၁၃ ရက် နံနက် ၄ နာရီခန့်တွင် တောင်သုံးလုံးကျေးရွာနေ ကိုဦး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးခဲ့သည်။

ထိုစဉ် ကိုဦးက( ပွိုင့်-၂၂)ဟု ယူဆရသော သေနတ်ဖြင့် ပစ်ခတ်ခုခံခဲ့ရာ ဒု-ရဲမှူးသန်းဇော်ဦး၏ ယာလက်ကောက်ဝတ်တွင် ဒဏ်ရာ တစ်ချက်၊ ယာတံတောင်ဆစ်တွင် တစ်ချက်(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ဒု-ရဲမှူးနှင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ တရားခံကိုဦး၏ နေအိမ်မှာ ကျေးရွာအတွင်းတည်ရှိပြီး ၎င်း၏ဇနီးနှင့်ကလေးများ နေအိမ်အတွင်းရှိနေ၍ ပစ်ခတ်မှုကို ထိန်းသိမ်းကာ နေအိမ်အား ဝိုင်းဝန်းပိတ်ဆို့ထားပြီး သေနတ်ဒဏ်ရာရရှိသော ဒု-ရဲမှူးသန်းဇော်ဦးအား ထားဝယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထို့နောက် နေအိမ်အတွင်းသို့ မျက်ရည်ယိုဗုံး သုံးလုံးပစ်သွင်းခဲ့ရာ ကိုဦး၏ဇနီးမသဇင်နှင့် ကလေးနှစ်ဦးအပြင်သို့ ထွက်လာခဲ့ပြီး ကိုဦးက သေနတ်ကျည်ထိုးမောင်းတင်လျက်ထွက်လာသဖြင့် ၎င်းအား ပစ်ခတ်ရာ သေနတ်ဒဏ်ရာများဖြင့် ဖမ်းဆီးရမိပြီး ဆေးဝါးကုသနိုင်ရေးအတွက် ထားဝယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ရာ လူနာတင်ယာဉ်ပေါ်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကိုဦး၏နေအိမ်အား ဆက်လက်ရှာဖွေရာ(ပွိုင့်-၂၂)ပြောင်းရှည်သေနတ် ကျည်ထိုးလျက် တစ်လက်၊ ၎င်းကျည် ၃၁ တောင့်၊ ကျည်ခွံ နှစ်ခု၊ အသံတိတ်ကိရိယာ တစ်ခု၊ ပွိုင့်-၃၈ ကျည် ကိုးတောင့်၊ ပွိုင့်-၄၅ကျည် နှစ်တောင့်၊ ၉ မမ ကျည် သုံးတောင့်၊ ၅ ဒသမ ၅၆ ကျည် နှစ်တောင့်၊ ဓားမျိုးစုံ ကိုးချောင်း၊ ပုဆိန်(ကပ်ပါး) နှစ်လက်၊ ဂက်စ်သုံးပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခုတို့အား သိမ်းဆည်းရမိပြီး ၎င်း၏နေအိမ်အား ဝိုင်းထားစဉ် မူးယစ်ဆေးဝါးများကို မီးဖို၌ မီးရှို့ဖျက်ဆီးခဲ့သဖြင့် မူးယစ်ဆေးဝါးအနံ့များရကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှ**

# နေမာနှင့် ကာဗာနီ ဆက်ဆံရေး ပြေလည်မှုမရသေး




ပီအက်စ်ဂျီတိုက်စစ်အတွဲဖြစ်တဲ့ နေမာနဲ့ ကာဗာနီကြား ယခုထိ အလုံးစုံပြေလည်မှုမရသေးသလို သူတို့နှစ်ဦးကြား အချိန်မရွေး ပေါက်ကွဲနိုင်တဲ့ပဋိပက္ခအခြေအနေများကို အဝတ်လဲခန်းအတွင်း တွေ့နေရဆဲဖြစ်တယ်လို့ အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလား ခြေစစ်ပွဲအတွင်း ပီအက်စ်ဂျီ တောင်ပံတိုက်စစ်မှူး ဒီမာရီယာက မက်ဆီကို ဖောက်သည်ချခဲ့တယ်လို့ စပိန်သတင်းစာ ဒွန်ဘလွန်က ဖော်ပြပါတယ်။

နေမာက ဩဂုတ်လဆန်းပိုင်းက ဘာစီလိုနာကနေ ပီအက်စ်ဂျီကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် ရောက်ရှိလာခဲ့ပြီး ရာသီအစ ရှစ်ပွဲကစား ရှစ်ဂိုး သွင်းယူထားနိုင်သူဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လအတွင်း လိုင်ယွန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ ပွဲမှာရရှိတဲ့ ပင်နယ်တီကို သူကန်မယ်၊ ငါကန်မယ်ဖြစ်ကြရင်းနဲ့ သူတို့နှစ်ဦးကြား တင်းမာမှုဖြစ်ခဲ့တာဖြစ်ပါတယ်။

နေမာက ကာဗာနီကို ရောင်းချဖို့ ဥက္ကဋ္ဌ အယ်လ်ခီလိုင်ဖီကို သွားရောက်တောင်းဆိုခဲ့တယ်လို့ သတင်းထွက်ခဲ့သလို အယ်လ်ခီလိုင်ဖီက ပီအက်စ်ဂျီအသင်းရတဲ့ ပင်နယ်တီတိုင်းကို ကာဗာနီက နေမာကိုသာ ကန်ခွင့်ပေးမယ်ဆို အပိုဆုကြေး ပေါင် တစ်သန်း သီးသန့်ပေးမယ်ဆိုတဲ့ စကားနဲ့ စည်းရုံးခဲ့ပါတယ်။ ဒါပေမယ့် ဘိုင်ယန်ကို အနိုင်ရတဲ့ ချန်ပီယံလိဂ်ပွဲမှာတော့ သူတို့နှစ်ဦးကြား ပွေ့ဖက်နှုတ်ဆက်ခဲ့တာကို မြင်တွေ့ရသလို ကာဗာနီကလည်း ရည်မှန်းချက်တူတဲ့သူတွေဟာ မိတ်ဆွေပဲလို့ဆိုခဲ့တာကြောင့် သူတို့နှစ်ဦးကြား ပြေလည်မှုရသွားပြီလို့ ထင်မြင်ခဲ့ကြတာပါ။

ဒါပေမယ့် ခုတော့ ဒီမာရီယာက နေမာနဲ့ ကာဗာနီတို့ကြား တင်းမာမှုတွေကို အဝတ်လဲခန်းအတွင်း မြင်နေရဆဲဖြစ်ပြီး ပီအက်စ်ဂျီအသင်းသားတွေက နောက်ထပ် ပြဿနာထပ်ဖြစ်ဦးမယ်ဆိုတာ ကြိုပြီးမျှော်လင့်ထားတယ်လို့ မက်ဆီကို ဖွင့်ဟခဲ့တာပါ။ နေမာနဲ့ ကာဗာနီတို့ကြား ဆက်ဆံရေးက နေမာနဲ့ မက်ဆီကြား ဆက်ဆံရေးနဲ့ မတူညီပေမယ့် ပီအက်စ်ဂျီနည်းပြ အမ်မရီက ဘယ်သူပင်နယ်တီကန်ရမယ်ဆိုတာ ညွှန်ကြားပေးပြီးဖြစ်တယ်လို့ ဆိုပါတယ်။




မေလွဲ့သင်း ရေးသားသည်

## အိုဇေးလ် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိဆဲဟု ဝင်းဂါးကာကွယ်

ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပျောက်ဆုံးနေသည့် ကွင်းလယ်လူ အိုဇေးလ်မှာ ကမ္ဘာ့ထိပ်တန်း ခြေစွမ်းရှိဆဲဖြစ်ကြောင်း နည်းပြ ဝင်းဂါးက ကာကွယ်ပြောကြားခဲ့သည်။ အိုဇေးလ်သည် ပြီးခဲ့သည့် ရက်သတ္တပတ် ငါးပတ်အတွင်း အသေးစားဒူးဒဏ်ရာကြောင့် အာဆင်နယ်အတွက် ခုနစ်မိနစ်သာ ဝင်ရောက်ကစားပေးနိုင်ခဲ့သည်။ သို့သော် အိုဇေးလ် မပါဝင်ခဲ့သည့်ကာလအတွင်း အာဆင်နယ်အသင်း ရလဒ်ပိုင်းကောင်းမွန်ခဲ့ရာ အာဆင်နယ် ကစားသမားဟောင်း မာတင်ကီယွန်က ဝင်းဂါးမှာ အိုဇေးလ်ကို မယုံကြည်တော့သဖြင့် သူ့နေရာတွင် ကစားနိုင်သည့်နည်းဗျူဟာကို စမ်းသပ်သုံးစွဲနေခြင်းဖြစ်ကြောင်း ထင်မြင်ချက်ပေးခဲ့သည်။

သို့သော် ဝင်းဂါးက အိုဇေးလ်မပါဘဲ ရလဒ်ကောင်းနေသည်ဆိုသည်ကို လက်ခံသော်လည်း အိုဇေးလ် တစ်ပတ်အတွင်း လေ့ကျင့်ရေးပြန်လည်ဆင်းနိုင်မည် ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ဝင်းဂါးက အိုဇေးလ်နှင့် နေရာတူကစားနိုင်သည့် ကစားသမား အများအပြား အာဆင်နယ်တွင်ရှိသော်လည်း အိုဇေးလ်မှာ အာဆင်နယ်အတွက် အရေးပါဆဲဖြစ်သလို ကမ္ဘာ့အဆင့်ခြေစွမ်းကို ပိုင်ဆိုင်ထားဆဲဖြစ်ကြောင်း ဆိုခဲ့သည်။

## ဘက်ရှုအာရီကို သတိပေးစကားဆိုလိုက်တဲ့ ကွန်တီ

ချယ်လ်ဆီးနည်းပြ ကွန်တီက အဓိက တိုက်စစ်မှူး မိုရာတာ ဒဏ်ရာပြဿနာကြောင့် မပါဝင်သည့် အချိန်များတွင်လည်း ဘက်ရှုအာရီအနေဖြင့် ပွဲထွက်ခွင့် အာမခံချက်ရရှိမည်မဟုတ်ကြောင်း သတိပေးစကား ဆိုလိုက်ပြီဖြစ်သည်။ ကွန်တီက ဘက်ရှုအာရီ တိုးတက်မှုများရရှိနေတယ်ဆိုတာကို အသိအမှတ်ပြုသော်လည်း ဦးဆောင်တိုက်စစ်မှူးအဖြစ် ကစားနိုင်ရေး အလုံးစုံအာမခံချက် မပေးနိုင်ကြောင်း ဆိုခဲ့သည်။

ကွန်တီက မန်စီးတီးကို အရေးနိမ့်သည့် ပွဲစဉ်တွင်လည်း ကွင်းလယ်လူ ဝီလီယံကို အသုံးပြုခဲ့ပြီး ကွန်တီက ယင်းမှာ နည်းဗျူဟာပိုင်းအရသာ အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု အကြောင်းပြချက်ပေးခဲ့သည်။

မာဆေးလ်မှ ချယ်လ်ဆီးသို့ ပေါင် ၃၃ သန်းဖြင့် ရောက်ရှိလာသူ ဘက်ရှုအာရီသည် ပြီးခဲ့သည့် ဘောလုံးရာသီ ဝက်စ်ဘရွန်းနှင့် ပွဲစဉ်တွင် ချယ်လ်ဆီးကို ချန်ပီယံဆု ရရှိစေမည့် အနိုင်ဂိုး၊ ယခုနှစ် အက်သလက်နှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း နောက်ကျအနိုင်ဂိုးများ သွင်းယူပေးခဲ့သူဖြစ်သည်။ သို့သော် ကွန်တီက ဘက်ရှုအာရီမှာ ပြီးခဲ့သည့် ဘောလုံးရာသီကထက် များစွာတိုးတက်လာနေသော်လည်း ကွင်းအတွင်းခြေစွမ်းဖြင့် သက်သေပြမှသာ ပွဲထွက်ခွင့်ရမည်ဖြစ်ပြီး ဟာဇက်ကို တိုက်စစ်ကစားသမားအဖြစ် အသုံးပြုနိုင်သည်ကို မမေ့သင့်ဟု သတိပေးစကားဆိုခဲ့ခြင်းဖြစ်သည်။

ကွန်တီက ဒဏ်ရာရရှိသွားသည့် ကန်တီ၏ နေရာတွင် နောက်ခံလူ ဒေးဗစ်လုဇ်(သို့မဟုတ်) ခရစ္စတန်ဆန်တို့ကို ကွင်းလယ်ကစားသမားအဖြစ် အရေးပေါ်အသုံးပြုနိုင်သည်ဟုလည်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ကွန်တီ ခေါ်ခဲ့သည့် ကွင်းလယ်လူ ဒရင့်ဝေါ်တာမှာလည်း ဒဏ်ရာပြဿနာရှိနေပြီး လေးပတ်အထိ အနားယူရဖွယ်ရှိနေသည်။

## ဂျာမနီ၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ မက္ကဆီကိုနှင့် ရုရှားတို့ ကမ္ဘာ့ဖလားတွင်ဝတ်ဆင်မည့်ဂျာစီများကို ထုတ်ပြန်

ကမ္ဘာကျော်အက်ဒီးဒက်စ်ကုမ္ပဏီသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီဖြစ်သည့် ဂျာမနီ၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ မက္ကဆီကိုနှင့် ရုရှားအသင်းတို့ ၂၀၁၈ ကမ္ဘာ့ဖလားတွင် ဝတ်ဆင်ကြမည့် ဂျာစီများကို ထုတ်ဖော်ပြသလိုက်ပြီဖြစ်သည်။ ယင်းဂျာစီများအားလုံးကို လာမည့် နိုဝင်ဘာလအတွင်း ဈေးကွက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် အက်ဒီးဒက်စ်၏ ဒီဇိုင်းကို နှစ်သက်ခြင်း ရှိ၊ မရှိ ဆိုသည်ကို စောစောစီးစီး အကဲဖြတ်ခွင့်ရမည်ဖြစ်သည်။

အာဂျင်တီးနား၏ ယခုဒီဇိုင်းသည် ၁၉၉၃ ခုနှစ်က အိမ်ကွင်းဝတ်စုံအဖြစ် အသုံးပြုခဲ့သည့်ပုံစံကို အခြေခံကာ ထုတ်လုပ်ထားပြီး ဂျာမနီအသင်း၏ဝတ်စုံသည် ၁၉၉၀ ပြည့်နှစ် ဂျာမနီအသင်း ကမ္ဘာ့ဖလားတွင် ဗိုလ်စွဲခဲ့စဉ်က ဝတ်စုံကို အခြေခံထားသည်။ မက္ကဆီကိုအသင်း၏ဝတ်စုံက ၁၉၉၄ ကမ္ဘာ့ဖလားဝတ်စုံ၊ ကိုလံဘီယာအသင်းဝတ်စုံက ၁၉၉၀ ကမ္ဘာ့ဖလားတို့မှ ဒီဇိုင်းကို အတုယူထုတ်လုပ်ထားသော်လည်း ရုရှားအသင်းဂျာစီမှာမူ ဒီဇိုင်းသစ်ဖြစ်ပြီး အိမ်ရှင်အသင်းဖြစ်သည့်အတွက် အရေအတွက်များစွာ ထုတ်လုပ်ထားကြောင်း သိရသည်။ ၂၀၁၈ ကမ္ဘာ့ဖလားကို ဇူလိုင် ၁၅ ရက်တွင် ရုရှားနိုင်ငံတွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး ဂျာမနီ၊ ဘရာဇီးနှင့် ပြင်သစ်အသင်းတို့က ဗိုလ်စွဲရန် ထိပ်ဆုံးကရပ်တည်နေသည်။

## စပါးကစားသမားများက ဂွါဒီယိုလာကို ရယ်စရာလို့သာ သဘောထားဟု ပိုချက်တီနို တုံ့ပြန်

စပါးကစားသမားများက မန်စီးတီးနည်းပြ ဂွါဒီယိုလာကို ရယ်စရာဟုသာ သဘောထားသည်ဟု နည်းပြ ပိုချက်တီနိုက ပြန်လည်တိုက်ခိုက်ပြောကြားခဲ့သည်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာက ချယ်လ်ဆီးကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် စပါးအသင်းကို ဟယ်ရီကိန်းအသင်းဟု အမည်တပ်ခဲ့ပြီးနောက် ပိုချက်တီနိုက အထက်ပါအတိုင်း တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ပိုချက်တီနိုနှင့် ဂွါဒီယိုလာတို့သည် လာလီဂါတွင်လည်း ပြိုင်ဘက်များအဖြစ် ရင်ဆိုင်ခဲ့ဖူးသလို ယခု ပရီမီယာလိဂ်တွင်လည်း ဖလားလုဘက်များအဖြစ် ပြန်လည်ထိပ်တိုက်တွေ့ဆုံနေခြင်းဖြစ်သည်။

ပိုချက်တီနိုက "ဒါက စိတ်မကောင်းစရာ မှတ်ချက်ဖြစ်ခဲ့ပါတယ်။ ဘာလို့လဲဆိုရင် ကစားသမားတွေက သူ့ကို ရယ်နေကြလို့ပါ။ ခင်ဗျားက မန်နေဂျာဆို ဒီထက်ပိုပြီး ပြသပေးနိုင်ဖို့ လိုပါတယ်။ ကျွန်တော်က သူ့ရဲ့အမြင်ကို လေးစားပါတယ်။ ဒါပေမယ့် စိတ်မကောင်းစရာ မှတ်ချက်ဖြစ်နေတယ်"ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပိုချက်တီနိုက ဂွါဒီယိုလာ၏ မှတ်ချက်စကားက မိမိအပေါ် သက်ရောက်မှုမရှိသော်လည်း လူအများက ဂွါဒီယိုလာလို နည်းပြမျိုးထံမှ ယင်းစကားမျိုးထွက်လာသည်ကို နားလည်နိုင်မည်မဟုတ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ဂွါဒီယိုလာက မန်ယူ၊ ချယ်လ်ဆီးနှင့် စပါးတို့ကို မန်စီးတီးအသင်း၏ အဓိက ပြိုင်ဘက်များအဖြစ် ရွေးချယ်ခဲ့ရာတွင် စပါးအသင်းကို စပါးဟု မသုံးစွဲဘဲ ဟယ်ရီကိန်းအသင်းဟု အမည်တပ်ကာ ကစားသမားတစ်ဦးတည်းကိုသာ မှီတည်နေရတဲ့အသင်းဟု သွယ်ဝိုက်ဝေဖန်ခဲ့သည်။

သို့သော် ဂွါဒီယိုလာက နောက်ပိုင်းတွင် ပြဿနာကိုပြေလည်ရန် စကားကို လျှော့ချခဲ့ပြီး "ကျွန်တော်က ကိုယ်နဲ့ လုပ်ငန်းတူ လုပ်ကိုင်နေသူတွေကို ဘယ်တော့မှ မလေးမစားလုပ်ခဲ့တာမျိုးမရှိပါဘူး။ သတင်းစာရှင်းလင်းပွဲမှာ ဟယ်ရီကိန်းအသင်းလို့ သုံးနှုန်းခဲ့တာက ဟယ်ရီကိန်းက ဂိုးတွေ အများကြီး သွင်းနေတာကြောင့်ပါ။ ကျွန်တော့်အနေနဲ့ ဟယ်ရီကိန်းဆိုတဲ့နေရာမှာ ပိုချက်တီနိုအသင်းလို့ သုံးခဲ့သင့်ပါတယ်" ဟု ပြောကြားခဲ့သည်။




**အောက်တိုဘာ ၁၄ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

| | | | |
|---|---|---|---|
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၈** | မိန့်ဇ် ၃ - ၂ ဟမ်းဘတ် | ဂီတာဖေး ၁ - ၂ ရီးရဲယ်မက်ဒရစ် | စပါး ၁ - ၀ ဘုန်းမောက် |
| ဘိုင်ယန်မြူးနစ် ၅ - ၀ ဖရိုင်းဘတ် | ဟန်နိုဗာ ၁ - ၂ ဖရန့်ဖတ် | **ပရီမီယာလိဂ် ပွဲစဉ် - ၈** | ဆွမ်ဆီး ၂ - ၀ ဟက်ဒါဖီးလ် |
| ဟော်ဖန်ဟိမ်း ၂ - ၂ အော့စ်ဘတ် | **စပိန်လာလီဂါ ပွဲစဉ် - ၈** | လီဗာပူး ၀ - ၀ မန်ယူ | ဘန်လေ ၁ - ၁ ဝက်စ်ဟမ်း |
| ဟာသာဘာလင် ၀ - ၂ ရှော်ကေး | ဘီဘာအို ၁ - ၀ ဆီဗီလာ | မန်စီးတီး ၇ - ၂ စတုတ်စီးတီး | ပဲလေ့စ် ၂ - ၁ ချယ်လ်ဆီး |

(ခိုင်ဝင်း)

# လျှောက်ပတ်တင့်တယ်၊ ရွှေးချယ်မျိုးနွယ်တူဆွေ

ဆူးငှက်

သည်ရက်ပိုင်း အိမ်မှာမင်္ဂလာဆောင်ဖိတ်စာများနှင့်အတူ စေ့စပ်ကြောင်းလမ်းပွဲ ဖိတ်စာအချို့လည်းတွေ့လာရ၏။ သတို့သား၊ သတို့သမီးမောင်နှံ နှစ်ဖြာ စုလျားရစ်ပတ်ထိမ်းမြားသည့်ကိစ္စမှာ စေ့စပ်ကြောင်းလမ်းပွဲက တစ်ကြိမ်၊ လက်ထပ်မင်္ဂလာဆွမ်းကျွေးကတစ်ကြိမ်၊ မင်္ဂလာဧည့်ခံပွဲက တစ်ကြိမ်၊ မင်္ဂလာညစာစားပွဲက တစ်ကြိမ်စသည်ဖြင့် ကျင်းပလာကြသည်။ မန္တလေးမှာက ရပ်ကွက်ထဲ လမ်းထဲ မဏ္ဍပ်များနှင့် မင်္ဂလာဆောင်သည့်ခေတ်မှစ၍ လမ်းပိတ်မိန့်၊ ပွဲမိန့်စသည့် အခက်အခဲများနှင့် ခန်းမများ နှင့် မင်္ဂလာဆောင်ကြသည့် ပုံစံများဆီ ပြောင်းလဲလာသည်။ ယူနီဗာဆယ်ခန်းမ၊ ခန်းမ(၁)၊ ခန်းမ(၂)၊ လောကနတ်ခန်းမ၊ အောင်မင်္ဂလာခန်းမ၊ အေဒင်ခန်းမမှသည် မန္တလေးဆွမ်းဟိုတယ်၊ ဆီဒိုးနားဟိုတယ်၊ အမရပူရခန်းမ၊ အိုရီယမ်တယ်လ်ဟောက်စ် စသည်ဖြင့်။

မင်္ဂလာသတို့သမီး မိတ်ကပ်ကလည်း အနည်းဆုံးသိန်းဂဏန်း၊ ဝတ်စုံကလည်း အမျိုးမျိုး။ ငှားရမ်းလည်းဝတ်နိုင်သည်။ စေ့စပ်ပွဲဝတ်စုံ၊ လက်ထပ်ဆွမ်းကျွေးဝတ်စုံ၊ မင်္ဂလာဧည့်ခံဝတ်စုံ၊ ဒင်နာဝတ်စုံ။ ပြီးတော့ လက်ဝတ်ရတနာ။ ပြီးတော့ ကားငှားရမ်းခ။ ထားတော့ ခေတ်အလိုက်လိုအပ်သည့် အဝတ်အစား အဆင်အယင်၊ အဆောင်အယောင်နှင့် ခန်းမနေရာများ ပြောင်းလဲသွားသည်ဆိုတော့။

**မြန်မာမှု (ဝါ) မန္တလေးမှု**

စေ့စပ်ကြောင်းလမ်းသည်က အရင်က အလွန်သိုသိပ်ယဉ်ကျေးသော မြန်မာမိသားစုပုံစံမျိုး၊ ကိုယ့်မျိုးကိုယ့်ဆွေနှင့်တင်မပြီးတော့။ လူသူလေးပါး ခန်းမကြီးထဲ ဖိတ်ကြားပြီး နှစ်ဖက်မိဘ၊ ဂုဏ်သရေရှိ လူကြီးစုံရာနှင့်အခမ်းအနားအစီအစဉ်ကြီးများနှင့်အတူ သတို့သားဘက်ကတင်သည့် ပစ္စည်းစာရင်း၊ တန်ဖိုး၊ မိဘများလက်ဖွဲ့သည့် ပစ္စည်းစာရင်းတန်ဖိုးများကို စာချုပ်စာတမ်းနှင့် ရှေ့နေ ရှေ့ရပ်နှင့် အသိသက်သေနှင့် လက်မှတ်ရေးထိုးကာ သတို့သား သတို့သမီးထံ အပ်နှံသည့်ကိစ္စများအထိ ကြီးကျယ်ခမ်းနားလာ၏။ ဒါက မြန်မာမှု (ဝါ) မန္တလေးမှုကရှိသည်ကို ရှိသလောက် ထုတ်ဖော်ဝတ်စားပြသည်မဟုတ်။ သိုသိပ်သည်။ အနေကျံ့သည်။ ကျစ်လျစ်သည်။ အခုတော့ ထိုသို့မဟုတ်၊ မန္တလေးအနေနှင့် စံပြု စံထားအပ်သော မန္တလေးစံပြ ပုဂ္ဂိုလ်ကြီးများကိုယ်တိုင် ထိုမြန်မာမှု (ဝါ) မန္တလေးမှုမဟုတ်သော ကိစ္စများကို ဂုဏ်ဒြပ်တစ်ခုသဖွယ်မက်မောနှစ်သက်စွာ ဆင်ယင်နေကြသည်။

မင်္ဂလာဧည့်ခံပွဲမှာလည်း သတို့သားဘက်က ကားတန်းရှည်ကြီးက သတို့သမီးထံသွားရောက်ပြီး သတို့သမီးဘက်က စောင့်ဆိုင်းနေသော ကားတန်းရှည်ကြီးနှင့်အတူ ဟွန်းသံတညံညံဖြင့် မင်္ဂလာခန်းမဆီ စီတန်းလှည့်လည်ကြကုန်၏။ ဒီယဉ်ကျေးမှုကတော့ မန္တလေးမှာ ထွန်းကားနေတာကြာပါပြီ။ ရှိသူတွေက ပြဿနာမဟုတ်။ မရှိသူတွေကလည်း မင်္ဂလာဆောင်လျှင် ထိုအစဉ်အလာကို လွန်ဆန်၍မရ။ အခကြေးငွေနှင့် ငှားတန်သည့်ကားကို ငှား၊ မနိုင်ရန်ကာ မိတ်ဆွေကားပိုင်ရှင်များအား ဇွတ်အကူအညီ တောင်းတန်တောင်းနှင့် ကျေနပ်၊ မကျေနပ်ဖြစ်အောင်စီစဉ်ကြရသည်။ သတို့သား သတို့သမီးအိမ်က မင်္ဂလာခန်းမဆီ ကားတန်းကြီးနှင့်သွားဆို ကိစ္စမရှိ။ နောက်ပိုင်းဖြစ်လာနိုင်တာက ဒီကားတန်းကြီးနှင့် သတို့သား သတို့သမီးက မန္တလေးတောင် ဘိုးဘိုးကြီးနန်းသို့ နတ်ပြသွားကြရဦးမည်ဆိုလျှင် ကားခ၊ ဆီဖိုးပိုတက်လာဦးမည်။

**အစဉ်အလာဟောင်း၊ အစဉ်အလာကောင်း**

တစ်ခုတော့ အစဉ်အလာဟောင်း၊ အစဉ်အလာကောင်းရှိနေပါသေးသည်။ မင်္ဂလာခန်းမမှာရောက်သည်နှင့် ကျွေးမွေးဧည့်ခံသော အစားအသောက်ကို



အလျှံပယ်စားသောက်နိုင်သည်။ ကြိုက်သည့်အချိန် လက်ဖွဲ့ပြီး ပြန်နိုင်သည်။ သတို့သား သတို့သမီးရောက်လာ အခမ်းအနားအစီအစဉ်ကြီးနှင့် အခါတော်ပေး၊ လက်စွပ်လဲ၊ ပန်းစည်းပေးပြီးမှ စားသောက်ကြ၊ ပြီးတာနှင့် ခန်းမအဝင်မှာ သတို့သား သတို့သမီးကို နှုတ်ဆက် ပြန်ဆိုသော ပုံစံကျအလုပ်သဘောမရောက်သေး။ သို့သော် ကိုယ့်အစဉ်အလာကောင်းကိုစွန့်ပြီး ထိုအစဉ်အလာကို ပုံတူကူးလုအံ့ဆဲဆဲတော့ ဖြစ်နေပေပြီ။ မန္တလေးမြို့ခံ လူကြီးလူကောင်းများကိုယ်နှိုက်ကပင် ကိုယ့်အစဉ်အလာကောင်းမှာကို ထွေးထွေးပိုက်ပိုက် အမြင်ကျယ်ကျယ် ရှိဖို့လိုပါ၏။

မင်္ဂလာဧည့်ခံပွဲပြီးတော့ ဒင်နာတဲ့။ သတို့သား သတို့သမီးကလည်း ဝတ်စုံပြောင်း။ သောက်ကြ၊ စားကြ။ ဒီအစဉ်အလာ တရုတ်အစဉ်အလာဖြစ်သည်။ ဒါကလည်း မန္တလေးမှု (ဝါ) မြန်မာမှုမဟုတ်။ အခုတော့ မန္တလေးမှာ မင်္ဂလာဧည့်ခံပွဲအပြီး ဒင်နာဆိုတာ အတော်ခေတ်စားလာ၏။ ကုန်လိုက်သည့်ငွေက သောက်သောက်လဲ။

မန္တလေး(ဝါ) မြန်မာမှုက မင်္ဂလာဆောင်ညမှာ ရပ်ကွက်တွင်း အငြိမ့်ခံသည်။ သို့မဟုတ် မြို့မနှင့် အငြိမ့်ခန်းဖြင့် ရပ်ကွက်ကို ဧည့်ခံသည်။ သို့ဖြင့် ကုန်ရကျိုးနပ်ခဲ့သည်။

**မင်္ဂလာလက်ဖွဲ့**

မင်္ဂလာဆောင်များနှင့် ပတ်သက်၍ မန္တလေးမှာ အကောင်းဆုံးအမွေကို မန္တလေးသားကိုယ်တိုင် မန္တလေးသားသူဌေးမိသားစုအတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ပေးအပ်ခဲ့ဖူးပါသည်။ ပေးသူကလည်း မန္တလေးသားအနုပညာကို တကယ်တန်ဖိုးရှိမှန်းသိ၍ ထုပ်ထုပ်ပိုက်ပိုက်လေ့လာလိုက်စားခဲ့သူ၊ လက်ခံသူကလည်း ဘိုးဘွားမိဘများကအစ မန္တလေးမှာသူဌေးဘွဲ့ခံခဲ့ကြပြီး မန္တလေးမှု (ဝါ) မြန်မာမှုကို တကယ်တန်ဖိုးရှိ တကယ်မွန်မြတ်သည်ဟု လေးနက်စွာခံယူပြီး လက်ခံထွန်းကားပြန့်ပွားစေသူ သူဌေးပညာတတ်မိသားစု။

အင်းဝခေတ်ကတည်းက လက်ဖက်အရောင်းအဝယ်ကုန်သည်ကြီး ဦးရွှန်း၊ ဒေါ်မိန်းကလေးတို့က သားသမီး ရှစ်ဦး မွေးဖွားသည်။ ဦးသာ ရေတွင်းဒကာကြီး ဦးစိုး၊ ဟသ်ာပြဒါးကျော်၊ ဒေါ်ဆင်၊ ဒေါ်ခင်၊ ဒေါ်သင်၊ ဦးလှိုင်၊ ဦးသိန်း

> မန္တလေးမြို့ မျက်နှာဖုံးဟုဆိုအံ့သော လူကြီးမင်းများကိုယ်တိုင် အဖိုးတန် မန္တလေးမှု (ဝါ) မြန်မာမှုများကိုပစ်ပယ်ကာ တစ်လွဲဆံပင်ကောင်းနေကြသည့် ပုံဖြင့် ဆိုလျှင်. . .

တဲ့။ ရေတွင်း ဒကာကြီး ဦးစိုးက ဒေါ်ပုနဲ့ အိမ်ထောင်ကျသည်။ မွေးဖွားသော သားသမီးတွေထဲက ဦးသန့်ဆိုတာ စွယ်စုံအနုပညာရှင်ကြီးကား ဓားတန်းဦးသန့်ဟူ၏။ ဘိုးစဉ်ဘောင်ဆက် ချမ်းသာခဲ့တော့ လေယာဉ်ပျံတောင် ကိုယ်ပိုင်ဝယ်စီးနိုင်တဲ့သူတွေ။ ဓားတန်းဦးသန့်က ဒေါ်အေးမြင့်နဲ့ အိမ်ထောင်ကျပြီး မွေးဖွားလာသော သားသမီးတွေထဲက သမီးကြီး (အန့်တီညွှန့်) မင်္ဂလာဆောင်တော့ သတို့သား မောင်ခင်မောင်နှင့် သတို့သမီးညွှန့်ညွှန့် တို့အတွက် မန္တလေးသား အနုပညာရှင်ကြီး မြို့မငြိမ်းက မင်္ဂလာလက်ဖွဲ့လိုက်တာက 'မင်္ဂလာမောင်မယ်'ဆိုသော သီချင်း ဖြစ်သည်။

ကဲ ဘယ်လောက် မြန်မာဆန်လိုက်ပါသလဲ။ ဘယ်လောက် အဖိုးတန်လိုက်ပါသလဲ။

မင်္ဂလာမောင်မယ်
'သံသာကမ်းတိုင်၊ တူပြိုင်ကူးမယ်လေ
ဆုထူးကို၊ မောင်မယ်စုံခြွေ
ဟို ရှေးရေစက် ခိုင်မြဲ လွဲမသွေ
ဖူးစာဖက်နှင့် ချစ်သက်ဝေ ချစ်တဲ့ သက်ဝေ
မောင့်အသည်းဆိုင် မယ်ပါပဲလေ
မယ့်အသည်းဆိုင် မောင်ပါပဲလေ
စွဲမြဲတည်နေ ကမ္ဘာတိုင်အောင်လေ
သူနိုင်ငါနိုင် သစ္စာမဏ္ဍိုင် ချစ်ခြင်းပြိုင်မယ်လေ
မိဘဝတ္တရား၊ ချီးမြှင့်အပ်သော အရွယ်ပေ
လျှောက်ပတ်တင့်တယ်၊ ရွေးချယ်မျိုးနွယ်တူဆွေ
သုဘဒြအခါ မင်္ဂလာရက်၌လေ
စုလျားရစ်ခွေ ဇောတိရည်၊ ပတ္တမြား နိတုံရွှေ



မင်္ဂလာ စုပေါင်းကျက်သရေ၊ ရှိကြောင်း ဆုခြွေ
လိုရာအဖြာဖြာ၊ အောင်ပါစေ မောင်မယ်တွေ
မြို့မ အေးငြိမ့်မြူးနွဲ့ ဝမ်းမြောက်တဲ့ အောင်သံပေ
အေးမြမြသာပေ့၊ သာပေ့ဆွေ မောင်ရှေ့ကိုတည့်တည့်လျှောက်မယ်လေ
မယ်လည်းတည့်တည့်လိုက်ကာ လျှောက်တယ်မောင်ရေ
ဟောဟိုအရာ အဖြူပါပေ မြင် သလားမေ
ဘော်သာခွာကြူ ပုလဲဖြူ မြင်သားပေ့သက်ဝေ
ဘုရားသွားကျောင်းတက်၊ စိတ်တူ ကိုယ်တူ၊
ကြည်ဖြူ မောင်မယ်ဆွေ
မယ်ကား လယ်မြေ၊ မောင်ကား မိုးကောင်းရေ
လောကီအမြုတေ
သီးပွင့်ဖြိုးဝေ၊ ရာသက်တိုင်လုံး၊ ရွှင်ပျော်နေ

သူနိုင်ငါနိုင်ပြိုင်မှာက မောက်မာမှုမဟုတ်၊ ဂုဏ်တု ဂုဏ်ပြိုင်မဟုတ်၊ သူဖြူငါမည်းမဟုတ်၊ အတ္တမဟုတ်၊ ပလ္လွားမော်ကြွားမှုမဟုတ်'သစ္စာမဏ္ဍိုင်ချစ်ခြင်း'ကို ပြိုင်မတဲ့။

'လျှောက်ပတ်၊ တင့်တယ်၊ ရွေးချယ်၊ မျိုးနွယ်တူဆွေ'တဲ့။ ဒါက ဂုဏ်ဖြစ်သည်။ ဒါက တင့်တယ်မှုဖြစ်သည်။ ဒါက အမွန်အမြတ်ဖြစ်သည်။

'သုဘဒြ အခါ မင်္ဂလာရက်၌လေ၊ စုလျားရစ်ခွေဇောတိရည်၊ ပတ္တမြားနိတုံရွှေမင်္ဂလာစုပေါင်းကျက်သရေ' တဲ့။ ဒါကမှ တကယ့်မင်္ဂလာ။ လောကီအမြုတေ သီးပွင့်ဖြိုးဝေ မင်္ဂလာသတို့သား သတို့သမီး၏ ဘဝခရီးကလည်း စေ့စပ်ပွဲက ငွေသိန်းပေါင်းရာချီ စာချုပ်စာတမ်းမဟုတ်။ ကားစီးရေ၊ တိုက်လုံးရေ၊ စိန်ရတီများစွာ ရွှေပိသာချိန်မဟုတ်။ သူတို့ဘဝခရီးက မောင်ရှေ့ကိုတည့်တည့်လျှောက်မယ်လေ။ မယ်လည်း တည့်တည့်လိုက်ကာ လျှောက်တယ်မောင်ရေတဲ့။ ဟောဟိုဆရာ အဖြူပါပေ မြင်သလားမေ ဘော်သာခွာကြူ ပုလဲဖြူမြင်သားပေ့ သက်ဝေတဲ့။ မယ်ကားလယ်မြေ၊ မောင်ကား မိုးကောင်းရေ လောကီ အမြုတေ သီးပွင့်ဖြိုးဝေတဲ့။

ကဲ ဘယ်လောက် အနှစ်သာရရှိ၊ တန်ဖိုးရှိ၊ အဓိပ္ပာယ်ရှိလှပါသလဲ။

ဒီ မင်္ဂလာလက်ဖွဲ့က ဟိုး ရှေးယခင်ကတည်းက အစဉ်အလာအရ မင်္ဂလာဆောင်တွေမှာ သီဆိုခဲ့တဲ့ 'ချစ်စွာမေတ္တာ၊ အနှစ်တစ်ရာမပျက်၊ ပစ်မခွာရက် နောက်တစ်သွယ်၊ ရှစ်ကမ္ဘာအဆက်ရှောင် မဖယ်တယ်၊ မောင်လယ် နှမလယ် အတူပေါင်း'စတဲ့ ၈၀ ပေါ် တေးထပ်ကြီးတွေ။ 'ဇမ္ဗူဒီပါ ဘွေလက်ျာတွင် ပညာပျံ့မွှေး၊ နိုင်ငံကျေးသို့၊ မနေးလျှင်စွာ'စတဲ့ ရတုကြီးတွေ၊ 'အခါတော်ပေးတာက၊ နတ်ရေးငယ်ရွှေစာ၊ သွန်းဘိသိက်ငြာ'စတဲ့ တေးကြီး ဘွဲ့ကြီးတွေနေရာမှာ 'အသစ်' အဖြစ်ဂုဏ်ရှိရှိ လက်ခံနိုင်ခဲ့ကြသည်။ ထိုကဲ့သို့သော အဟောင်းနေရာ အသစ်ဝင်လာမှုအပေါ် တန်ဖိုးရှိစွာ အစားထိုးနိုင်ဖို့လိုသည်။

အခုတော့ မကြာမီ အလွန်တန်ဖိုးရှိသည့် 'မင်္ဂလာမောင်မယ်'ပင် မန္တလေးမင်္ဂလာဆောင်များ ပျောက်ကွယ်အံ့လုလု။ မန္တလေးမြို့ မျက်နှာဖုံးဟုဆိုအံ့သော လူကြီးမင်းများကိုယ်တိုင် အဖိုးတန် မန္တလေးမှု (ဝါ) မြန်မာမှုများကို ပစ်ပယ်ကာ တစ်လွဲဆံပင်ကောင်းနေကြသည့်ပုံဖြင့် ဆိုလျှင်မူ။





ကြေးမုံ
အောက်တိုဘာ ၁၅၊ ၂၀၁၇

# ဥမကွဲ သိုက်မပျက်

ကိုရင်ညို

ယခုရက်သတ္တပတ်များအတွင်း ကမ္ဘာပေါ်ရှိ အထင်ကရ နိုင်ငံကြီးနှစ်ခု၌ ခွဲထွက်ရေး လှုပ်ရှားမှုများ အရှိန်အဟုန်မြင့်တက်နေသည့် သတင်းပုံရိပ်များကို ကျွန်ုပ်ကြားသိရလေသောအခါ လွတ်လပ်ရေး ကြေညာလိုသည့် ယင်းဒေသများ၏ ဖြစ်တည်မှု အခြေအနေကို စေ့ငုလေ့လာမိလေ၏။

လတ်တလော ခွဲထွက်ရေး လှုပ်ရှားမှုများဖြင့် လှုပ်လှုပ်ရွရွဖြစ်နေသော ကမ္ဘာ့ဒေသနှစ်ခုမှာ အီရတ်နိုင်ငံ ကာဒစ္စတန်ဒေသနှင့် စပိန်နိုင်ငံ ကာတာလိုနီးယားဒေသတို့ဖြစ်ကြသည်။

ဦးစွာ ကျွန်ုပ်တင်ပြလိုသည်မှာ အီရတ်နိုင်ငံ ကာဒစ္စတန်ဒေသနှင့် ပတ်သက်၍ဖြစ်သည်။

ကာဒစ္စတန်ဒေသနှင့် ပတ်သက်နေသော နောက်ဆုံးသတင်းဖြစ်စဉ်တစ်ရပ်မှာ အီရတ်တရားရုံးက ယင်းဒေသ၏ ရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ထိန်းသိမ်းနိုင်ရန် အောက်တိုဘာ ၁၁ ရက်တွင် ဖမ်းဝရမ်းထုတ်ပေးလိုက်ပြီဟူသော သတင်းဖြစ်၏။






ဓာတ်ပုံ- ရိုက်တာ

### ဒေသတည်ငြိမ်မှုကို လှုပ်ခတ်

အီရတ်နိုင်ငံ မြောက်ပိုင်း ကာ့ဒ်ဒေသ၌ စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသဖြင့် ယင်းပြည်သူ့ဆန္ဒခံယူပွဲရလဒ်နှင့် ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်နိုင်မည်မဟုတ်ကြောင်း အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် အဘာဒီသည် နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် ၎င်း၏ သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ခဲ့သည်။

ပြည်သူ့ဆန္ဒခံယူပွဲရလဒ်သည် ဒေသခံပြည်သူတို့၏ ဆန္ဒကို ထုတ်ဖော်ခြင်းဖြစ်သဖြင့် ယင်းရလဒ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အီရတ်အစိုးရအဖွဲ့နှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ စေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ မိမိတို့ဒေသအား လွတ်လပ်ရေးကြေညာနိုင်ရန် သက်ဆိုင်ရာအာဏာပိုင်များနှင့် စေ့စပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကာဒစ္စတန် ဒေသန္တရအစိုးရအဖွဲ့ ခေါင်းဆောင် မာဆွတ်ဘာဇာနီက ပြောကြားသည်။

ကာဒစ္စတန်ဒေသ၏ ပြည်သူ့ဆန္ဒခံယူပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ငါးသန်းကျော်အနက် ၇၈ ရာခိုင်နှုန်းက မဲပေးခဲ့ကြကြောင်း လွတ်လပ်သော ရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲကော်မရှင်၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။

ပြည်သူ့ဆန္ဒခံယူပွဲ၌ ပြည်သူများက လွတ်လပ်ရေးကြေညာရေးဘက်မှ ထောက်ခံခဲ့ကြလေသည်။

**ကာ့ဒ်ဟူသည်**

ကာ့ဒ် (သို့မဟုတ်) ကာဒစ္စ ဟူ၍ သိရှိခြင်းခံရသူများမှာ အရှေ့အလယ်ပိုင်းဒေသရှိ တိုင်းရင်းသားမျိုးနွယ်စုဝင်များဖြစ်ကြပြီး အများစုမှာ တူရကီနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အီရန် အနောက်မြောက်ပိုင်းဒေသ၊ အီရတ်မြောက်ပိုင်းဒေသနှင့် ဆီးရီးယားမြောက်ပိုင်းဒေသတို့၌ ပျံ့နှံ့နေထိုင်လျက်ရှိကြသည်။

ယဉ်ကျေးမှုအရ သမိုင်းကြောင်းအရနှင့် ဘာသာစကားအရ လူမျိုးအုပ်စု သတ်မှတ်ရလျှင် ကာ့ဒ်တို့မှာ အီရန်နွယ်ဖွားများဖြစ်ကြသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကာ့ဒ်တို့ ပျံ့နှံ့နေထိုင်လျက်ရှိကြပြီး စုစုပေါင်းလူဦးရေ အနည်းဆုံး သန်း ၃၀ မှ အများဆုံး ၄၅ သန်းအထိရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကာ့ဒ်အများစု နေထိုင်ရာဒေသကို မဟာကာဒစ္စတန်ဟူ၍ သတ်မှတ်ထားသည်။

တူရကီနိုင်ငံ အနောက်ပိုင်းရှိ မြို့ကြီးများ၌ ကာ့ဒ်မျိုးနွယ်များနေထိုင်ကြပြီး အစ္စတန်ဘူလ်၌ အဓိက တွေ့မြင်နိုင်သည်။

အနောက်တိုင်း နိုင်ငံများအနက် ကာ့ဒ်တို့ကို အများဆုံးတွေ့မြင်နိုင်သည့် နိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်သည်။

အီရတ်နိုင်ငံ မြောက်ပိုင်း ကာဒစ္စတန်ဒေသမှာမူ ကာ့ဒ်မျိုးနွယ်စုဝင်များ အများဆုံးနေထိုင်ရာဒေသဖြစ်ပြီး အိမ်နီးချင်း တူရကီ၊ အီရန်နှင့် ဆီးရီးယားတို့တွင်လည်း လူနည်းစု တိုင်းရင်းသားမျိုးနွယ်အဖြစ် မှီတင်းနေထိုင်လျက်ရှိကြသည်။

ယနေ့ကာလတွင် ကာ့ဒ်တို့၏ အမျိုးသားရေးလှုပ်ရှားမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရေး၊ ယဉ်ကျေးမှုထုံးဓလေ့များ မြှင့်တင်ရေးတို့အတွက် တောင်းဆိုလာကြသည်။

### ဒေသဆိုင်ရာ တုံ့ပြန်မှုများ

အီရတ်နိုင်ငံမှာ မြောက်ပိုင်းရှိ ကာဒစ္စတန်ဒေသ၌ ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ခြင်းကြောင့် ဒေသတွင်းနိုင်ငံများ၌ ရိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ရလေသည်။

ကာ့ဒ်ခွဲထွက်ရေး ပြဿနာတွင် အီရတ်အစိုးရဘက်မှ ရပ်တည်သော နိုင်ငံတစ်နိုင်ငံမှာ အီရန်နိုင်ငံဖြစ်သည်။

အီရတ်ဗဟိုအစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ အီရတ်ကာဒစ္စတန်ဒေသရှိ လေဆိပ်များသို့ လေကြောင်းခရီးစဉ်များ ပျံသန်းခြင်းကို အီရန်နိုင်ငံက ဆိုင်းငံ့ထားခဲ့သည်။ ကာဒစ္စတန်ဒေသ၌ လွတ်လပ်ရေးကြေညာနိုင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းမရှိမီ တစ်ရက်အလိုတွင် အီရန်က တုံ့ပြန်ဆောင်ရွက်ခဲ့သည်။

အီရတ်ကာဒစ္စတန်ဒေသမှ ထွက်ခွာလာမည့် လေကြောင်းခရီးစဉ်များ ပျံသန်းလာသော လေယာဉ်များကို အီရန် လေကြောင်းပိုင်နက်အတွင်းသို့ ဝင်ရောက်ခွင့် ပိတ်ပင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ ထိပ်တန်းလုံခြုံရေးအဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူ ကေဗန်ခိုစရာဗီက ပြောကြားသည်။

ထိုစဉ်အတွင်း ကာဒစ္စတန်နယ်စပ်ဒေသ၌ မိမိတို့ စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်လျက်ရှိကြောင်း အီရန်က ထုတ်ပြန်ကြေညာခဲ့သည်။

### လေကြောင်းပိတ်ပင်

စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပသည့် ပြည်သူ့ဆန္ဒခံယူပွဲကို လက်တုံ့ပြန်သည့်အနေဖြင့် လေကြောင်းပိတ်ပင်မှုကို အီရန်နိုင်ငံက ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါပြည်သူ့ဆန္ဒခံယူပွဲကို အီရတ်နိုင်ငံ၏ အိမ်နီးချင်းအင်အားကြီး နိုင်ငံများဖြစ်ကြသော အီရန်နှင့် တူရကီနိုင်ငံများအပြင် အမေရိကန်အပါအဝင် အနောက်အုပ်စုအင်အားကြီးနိုင်ငံများက ကန့်ကွက်လျက်ရှိကြသည်။

လေကြောင်းပိတ်ဆို့မှုကို အီရန်နိုင်ငံက ပြုလုပ်မည်ဟု ကာဒစ္စတန်ပြည်သူများက မျှော်လင့်ခဲ့ကြသည်။

ကာဒစ္စတန်ဒေသ၌ အာဘီးလ်မြို့နှင့် ဆူလေမန်နီယာမြို့တို့တွင် လေဆိပ်များတည်ရှိပြီး အီရန်၏ လေကြောင်းပိတ်ပင်မှု၏ အကျိုးသက်ရောက်မှုကို တိုက်ရိုက်ခံစားကြရသည်။

လေကြောင်းပိတ်ဆို့မှု ရှိလင့်ကစား အီရတ်ကာဒစ္စတန်ဒေသနှင့် အီရန်အကြားကုန်းလမ်းအရ ဆက်သွယ်နိုင်သော နယ်စပ်လမ်းဖွင့်နေဆဲဖြစ်သည်။ ကာဒစ္စတန်ဒေသသည် အီရန်၏ အကြီးဆုံးသော ကုန်သွယ်ဘက်များတွင်ပါဝင်ပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံဖိုးခန့် ကုန်သွယ်မှု ပြုလုပ်လျက်ရှိသည်။

အီရန်နှင့် တူရကီနိုင်ငံတို့သည် ကာဒစ္စဒေသများအတွင်း ခွဲထွက်ရေးဝါဒ ပျံ့နှံ့မည့်အရေးအတွက် စိုးရိမ်ပူပန်လျက်ရှိကြသည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ မိမိတို့၏ တပ်ဖွဲ့များ ဖြန့်ကြက်ထားမှုကို သက်တမ်းတိုးရန် တူရကီပါလီမန်က စက်တင်ဘာ ၂၃ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ္စတန်ဒေသ၌ လွတ်လပ်ရေးကို တောင်းဆိုသည့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းကို ဒေသတွင်းရှိနိုင်ငံများက ဆန့်ကျင်ကြပြီး ကာဒစ္စတန်ဒေသန္တရအစိုးရ အဖွဲ့အား ပြစ်ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြသည်။

ကာဒစ္စတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် နိုင်ငံတကာ၏ ကန့်ကွက်မှုများရှိနေသည့်ကြားမှ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခဲ့ခြင်းသည် သစ္စာဖောက်သည့်လုပ်ရပ်ဖြစ်ကြောင်း တူရကီသမ္မတ တေယစ်အာဒိုဂန်က စွပ်စွဲပြောကြားသည်။

ကာဒစ္စတန်ဒေသအကြီးအကဲ မာဆွတ်ဘာဇာနီသည် ပြည်သူ့ဆန္ဒခံယူပွဲ ရလဒ်အကောင်အထည်ဖော်ခြင်းကို စွန့်လွှတ်ရန်လည်း သမ္မတ အာဒိုဂန်က ပြောကြားသည်။

ထိုစဉ်အတွင်း အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ် အဘာဒီကလည်း ကာဒစ္စတန်ခေါင်းဆောင်ကို အကျပ်ကိုင်လျက်ရှိသည်။ ကာဒစ္စတန်ဒေသဆိုင်ရာ လေဆိပ်များ၏ ထိန်းချုပ်မှုကို အီရတ်အာဏာပိုင်များထံ လွှဲပြောင်းပေးရန် ဝန်ကြီးချုပ် အဘာဒီက တောင်းဆိုသည်။ ယင်းတောင်းဆိုချက်ကို မလိုက်လျောပါက လေကြောင်းလမ်းပိတ်ဆို့မှုပြုလုပ်မည်ဟု ဆိုသည်။

ပြည်သူ့ဆန္ဒခံယူပွဲရလဒ်နှင့် ပတ်သက်၍ ဆွေးနွေးနိုင်မည်မဟုတ်ဟုလည်း အီရတ်ဝန်ကြီးချုပ်က အတိအလင်း ပြောကြားခဲ့သည်။

### ရွေးလမ်းများ

တူရကီသမ္မတ အာဒိုဂန်ကလည်း ကာ့ဒ်ပြည်သူ့ဆန္ဒခံယူပွဲကို အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်မှုအဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် စီးပွားရေးနည်းလမ်းများမှသည် စစ်ရေးနည်းလမ်းအထိ ရွေးလမ်းများကို စဉ်းစားထားသည်ဟု ဆိုသည်။

အီရတ်မြောက်ပိုင်း၌ လွတ်လပ်ရေးကြေညာခြင်းဖြင့် တူရကီနိုင်ငံရှိ ကာ့ဒ်တို့ကလည်း သူပုန်ထလာနိုင်သည့် အရေးအတွက် သမ္မတ အာဒိုဂန်က စိုးရိမ်ပူပန်လျက်ရှိသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသသို့ အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် လွတ်လပ်ရေးကြေညာရေး တောင်းဆိုမှုများ အရှိန်အဟုန်ပိုမိုမြင့်တက်လာခဲ့သည်။ အိုင်အက်စ်၏ ထိုးစစ်ကြောင့် အီရတ်အစိုးရတပ်ဖွဲ့များမှာ နယ်မြေဒေသအချို့ကို စွန့်လွှတ်ခဲ့ရသည်။ ယင်းနောက်တွင် ယင်းဒေသများကို ‘ပက်ရှ်မာဂါ’ (ခေါ်) လက်နက်ကိုင် ကာဒစ္စ တိုက်ခိုက်ရေးသမားများ (အီရတ် ကာဒစ္စတန်ဒေသ၏ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များ) က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ကာဒစ္စတပ်ဖွဲ့များသည် မိုဆူးလ်မြို့ကို အိုင်အက်စ်လက်အောက်မှ လွတ်မြောက်ရေးအတွက် အီရတ်ဗဟိုအစိုးရအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

စပိန်နိုင်ငံရှိ ကာတာလိုနီးယားဒေသ၌လည်း လွတ်လပ်ရေးကြေညာရန် ဦးတည်မှုကို အကြောင်းပြု၍ တင်းမာမှု မြင့်တက်လျက်ရှိသည်။ စပိန်ဖွဲ့စည်းပုံ အခြေခံဥပဒေတရားရုံးတော်က ယင်းဒေသ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အဆင့်အတန်းကို ဆိုင်းငံ့ထားလိုက်ပြီဖြစ်သည်။ လူဦးရေ ၇ ဒသမ ၅ သန်းရှိ ယင်းဒေသ၏ ခေါင်းဆောင်များက အလျှော့မပေးဘဲ တင်းခံနေခဲ့ရာ နိုင်ငံအရေး အကျပ်အတည်းဆိုက်ရလေတော့သည်။ စပိန်နိုင်ငံ၌ ၁၉၈၁ ခုနှစ်တွင် စစ်ဘက်မှ မအောင်မြင်သော အာဏာသိမ်းပွဲအပြီး အကြီးကျယ်ဆုံးသော နိုင်ငံရေးအကွဲအပြဲကို ဖြစ်ပေါ်စေသည်။ ခွဲထွက်ခြင်းသည် နိုင်ငံမတည်မငြိမ်ဖြစ်မှုကို ဦးတည်စေကြောင်း စပိန်ဝန်ကြီးချုပ် ဗာရီယာနိုရာဂွိုင်းက ပြောကြားခဲ့သည်။

ယနေ့ကာလ၌ အထက်ဖော်ပြပါ ဒေသများ၌သာမက နိုင်ဂျီးရီးယား၊ စကော့တလန်နှင့် အွန်တေရီယိုစသည့်ဒေသများ၌လည်း ခွဲထွက်ရေး လှုပ်ရှားမှုများရှိနေသည်။

ခွဲထွက်ရေး လှုပ်ရှားမှုဟူသည် ကမ္ဘာ့အခြားဒေသများသို့ပါ ကူးစက်ပျံ့နှံ့နိုင်သော သဘောရှိသည့်အပြင် အချုပ်အခြာအာဏာကိုပါ ထိပါးရာ ရောက်သည်။

ယနေ့ကာလတွင် မတူကွဲပြားသူများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြရန်မှာ အလွန်အရေးကြီးလှသည်။ ပြည်သူအားလုံးအနေဖြင့် နွားနို့နှင့်ရေ ရောနှောသကဲ့သို့ တူညီသော ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြမှသာ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်ဝင့်ထည်သော နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ပုံကို တွေးတောမိရင်း **“ဥမကွဲ သိုက်မပျက်”** ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref: World News

## ဟာရီကိန်းဒဏ်သင့်ခဲ့ရတဲ့ ပေါ်တိုရီကိုဒေသခံတွေအတွက် ဂျနီဖာအန်နစ်စတန် အမေရိကန်ဒေါ်လာ တစ်သန်းလှူဒါန်း

ဟောလိဝုဒ်ရဲ့နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာအန်နစ်စတန်ဟာ ပြီးခဲ့တဲ့လအတွင်းက ပေါ်တိုရီကိုဒေသကို တိုက်ခတ်ခဲ့တဲ့ ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသူတွေအတွက် လှူဒါန်းမှုတွေမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ မင်းသမီးက ဟာရီကိန်းဒဏ်ခံခဲ့ရတဲ့သူတွေအတွက် ကြီးမားတဲ့လှူဒါန်းမှုတစ်ခုပြုခဲ့တာဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်သန်းပါဝင်လှူဒါန်းခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျနီဖာအန်နစ်စတန်ဟာ အမေရိကန်ဒေါ်လာငါးသိန်းကို အမေရိကန်ကြက်ခြေနီအသင်းသို့လှူဒါန်းခဲ့တာဖြစ်ပြီး ကျန်ငါးသိန်းကိုတော့ ရစ်ကီမာတင်ရဲ့ဖောင်ဒေးရှင်းဖြစ်တဲ့ ဟာရီကိန်းမာရီယာအပြီး အသက်ရှင်ကျန်ရစ်ခဲ့သူများအတွက် ထောက်ပံ့ရေးသို့ လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ဟာရီကိန်းမာရီယာကြောင့် လူပေါင်း ၄၃ ဦး သေဆုံးခဲ့ကာ မုန်တိုင်းဒဏ်သင့်ခဲ့ရတဲ့ ဒေသတွေမှာ လျှပ်စစ်မီးပြတ်တောက်တာတွေ၊ သန့်စင်တဲ့သောက်သုံးရေမရရှိတာတွေ ကြုံခဲ့ရတာဖြစ်ပါတယ်။

ဂျနီဖာအန်နစ်စတန်အနေနဲ့ ယခုလို ပါဝင်လှူဒါန်းခဲ့တဲ့ အကြောင်းကို ရစ်ကီမာတင်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ပြီး ကျေးဇူးတင်စကားဆိုခဲ့တာဖြစ်ပါတယ်။

ဟာရီကိန်းမာရီယာဒဏ်ခံခဲ့ရတဲ့သူတွေအတွက် ဟောလိဝုဒ်နာမည်ကျော်ကြယ်ပွင့်တွေက လှူဒါန်းမှုတွေ ပြုခဲ့ကြတာဖြစ်ပြီး ဂျနီဖာအန်နစ်စတန်အရင် ပါဝင်လှူဒါန်းခဲ့ကြတဲ့သူတွေထဲမှာ တေးသံရှင်တွေဖြစ်ကြတဲ့ ဂျနီဖာလိုပက်ဇ်၊ မာ့ခ်အန်ထော်နီနဲ့ အမ်မီလာကပ်ဘဲလိုတို့လည်း ပါဝင်ကြကြောင်း သိရပါတယ်။






## GQ Japan ရဲ့ မျက်နှာဖုံးရှင်ဖြစ်လာတဲ့ Black Pink ပထမဆုံးသော မျက်နှာဖုံးရှင် အမျိုးသမီးအနုပညာရှင်ဖြစ်

တောင်ကိုရီးယားရဲ့ လက်ရှိမှာ အကျော်ကြားဆုံးသော မျိုးဆက်သစ်အမျိုးသမီးတေးဂီတအဖွဲ့တွေအနက် တစ်ဖွဲ့ဖြစ်တဲ့ Black Pink ဟာ လာမယ့် ဒီဇင်ဘာလထုတ် GQ Japan မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ်ဖော်ပြခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ ထုတ်လုပ်ဖြန့်ချီသွားမယ့် GQ မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရတာဖြစ်ပြီး ဒီလိုမျက်နှာဖုံးရှင်အဖြစ် အမျိုးသမီးအနုပညာရှင်တွေကို ယခင်က တစ်ခါမှဖော်ပြခဲ့ခြင်းမရှိတာကြောင့် Black Pink ဟာ GQ Japan ရဲ့ ပထမဆုံးသော မျက်နှာဖုံးရှင် အမျိုးသမီးအနုပညာရှင်တွေ ဖြစ်လာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျပန်နိုင်ငံရဲ့ လာမယ့် နိုဝင်ဘာလထုတ် GQ မဂ္ဂဇင်းကို “Idols of This Age”ခေါင်းစဉ်နဲ့ ထုတ်လုပ်သွားမှာဖြစ်ပြီး ယင်းအဓိပ္ပာယ်ကို ကိုယ်စားပြုနိုင်တဲ့ Black Pink တေးဂီတအဖွဲ့ဝင်တွေကို မျက်နှာဖုံးရှင်အဖြစ် ရွေးချယ်ဖော်ပြခဲ့တာဖြစ်ပါတယ်။ Black Pink အဖွဲ့ဟာ အမျိုးသမီးအဖွဲ့ဝင်လေးဦးနဲ့ ဖွဲ့စည်းထားတဲ့ တေးဂီတအဖွဲ့ဖြစ်ပြီး ယခုနှစ် နှစ်စပိုင်းမှာ အဖွဲ့ဖျက်သိမ်းကြောင်းကြေညာခဲ့တဲ့ တောင်ကိုရီးယားရဲ့ တစ်ချိန်က ကျော်ကြားခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ “2NE1”ရဲ့ ခြေရာကိုနင်းနိုင်မယ့် အဖွဲ့အဖြစ်လည်း ထင်ကြေးပေးခံခဲ့ရတာဖြစ်ပါတယ်။

ဒီလို GQ ရဲ့ ပထမဆုံးသော မျက်နှာဖုံးရှင်အမျိုးသမီးအနုပညာရှင်ဖြစ်ခွင့်ရခဲ့ပြီဖြစ်ကြောင်းကို Black Pink က သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံနဲ့အတူ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၃ ရက်က ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းမဂ္ဂဇင်းဟာ လာမယ့်အောက်တိုဘာ ၂၄ ရက်က စတင်ပြီး ဈေးကွက်အတွင်းစတင်ဖြန့်ချီသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါအမျိုးသမီးတေးဂီတအဖွဲ့ဟာ ဒေသတွင်းမှာသာမက အာရှတစ်လွှား၊ အထူးသဖြင့် တရုတ်နိုင်ငံမှာ ကျော်ကြားတဲ့တေးဂီတအဖွဲ့ဖြစ်ပါတယ်။ ဒီလိုကျော်ကြားမှုနဲ့အတူ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျင်းနီရဲ့ အချစ်ရေးနဲ့ပတ်သက်တဲ့ကောလာဟလတစ်ခုဟာလည်း လတ်တလောမှာ အွန်လိုင်းမီဒီယာတွေအကြား အလွန်ရေပန်းစားနေခဲ့တာဖြစ်ပါတယ်။ ဂျင်းနီဟာ ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ တက်ဒီနဲ့ ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့ပြီး အမျိုးမျိုးဝေဖန်ရေးသားမှုတွေဟာလည်း တောင်ကိုရီးယားမီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူထားတာဖြစ်ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး Black Pink ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က လတ်တလောမှာတော့ တရားဝင်ထုတ်ဖော်ပြောကြားလာတာကိုလည်း တွေ့ရပါတယ်။

ယင်းအေဂျင်စီကတော့ ကောလာဟလတွေကို ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ ဝိုင်ဂျီက “ဒီလိုဂျင်းနီနဲ့ တက်ဒီတို့အကြားက ကောလာဟလနဲ့ပတ်သက်ပြီး ကြားခဲ့ရတာ ဒါပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ ဒီသတင်းတွေဟာ မှန်ကန်မှုမရှိပါဘူး။ ဒီလိုအခြေအမြစ်မရှိ စွပ်စွဲပြောဆိုနေမယ်ဆိုရင်တော့ အေဂျင်စီဘက်က အရေးယူတာမျိုးတွေ လုပ်ဆောင်သွားမှာပါ”လို့ ထုတ်ဖော်ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလိုကောလာဟလတွေကို စတင်ခဲ့သူကတော့ အေဂျင်စီနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းကဖြစ်ပြီး ဂျင်းနီနဲ့ တက်ဒီတို့ဟာ အသက်အရွယ်အားဖြင့် (၁၇)နှစ်ခန့်ကွာခြားနေတာလည်း ဖြစ်ပါတယ်။ တက်ဒီဟာ Black Pink ရဲ့ အောင်မြင်တဲ့တေးသီချင်းတွေဖြစ်ကြတဲ့ “ Playing with Fire ”၊ “ Whistle ”၊“ BOOMBAYAH ”နဲ့ “ As If It’s Your Last ” တို့ရဲ့ နောက်ကွယ်က ဖန်တီးပေးခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

## အချစ်ဟောင်းနဲ့ပြန်လည်လက်တွဲခဲ့ခြင်းမရှိကြောင်း စူလီဖွင့်ဟ

တောင်ကိုရီးယားရဲ့ နာမည်ကျော် ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်ပြီး အောင်မြင်တဲ့ မင်းသမီးတစ်ဦးလည်းဖြစ်တဲ့ စူလီက လတ်တလောမှာတော့ သူနဲ့ချစ်သူဟောင်းချိုင်ဇာတို့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေကို တရားဝင်ငြင်းဆိုလိုက်တာဖြစ်ပါတယ်။စူလီက သူနဲ့တစ်ချိန်က ချစ်သူတွေအဖြစ်အချိန်အတော်ကြာလက်တွဲခဲ့တဲ့ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ “Dynamic Duo”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ချိုင်ဇာတို့ဟာ လမ်းခွဲခဲ့ပြီးတဲ့နောက် ပြန်လည်ဇာတ်လမ်းစခဲ့တာမျိုးမရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ချိုင်ဇာရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အမိုးဘားကားချားက မကြာသေးမီက ချိုင်ဇာနဲ့ စူလီတို့ချစ်သူတွေအပြစ် ဒုတိယအကြိမ်မြောက် ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေအပေါ် မဟုတ်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောကြားခဲ့ပြီးနောက် စူလီက လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပရိသတ်တစ်ဦးရဲ့ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁၃ ရက်က စူလီက သူ့ရဲ့လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ရာ ယင်းဓာတ်ပုံအောက်မှာ ပရိသတ်တွေက မှတ်ချက်ပြုတဲ့စာသားတွေရေးသားဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုရေးသားခဲ့ရာမှာ ပရိသတ်တစ်ဦးက စူလီအနေနဲ့ ချစ်သူဟောင်းချိုင်ဇာနဲ့ ပြန်လည်လက်တွဲနေတဲ့အကြောင်း မေးမြန်းခဲ့ရာမှာတော့ စူလီက ယင်းသတင်းဟာမမှန်ကြောင်းနဲ့ ပြန်လည်လက်တွဲခဲ့ခြင်းမရှိကြောင်း ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောကြားခဲ့တာဟာ စူလီအနေနဲ့ ချိုင်ဇာနဲ့ ပြန်လည်လက်တွဲနေကြောင်း ကောလာဟလတွေကို ပထမဆုံးအကြိမ် တရားဝင်တုံ့ပြန်ဖြေကြားပေးခဲ့တာလည်း ဖြစ်ပါတယ်။

ပရိသတ်တစ်ဦးရဲ့အမေးကို စူလီက “ကျွန်မချိုင်ဇာနဲ့ ပြန်လည်ချိန်းဆိုတွေ့ဆုံနေတယ်ဆိုတာမဟုတ်ပါဘူး။ ဒါဟာအလိမ်အညာသက်သက်ပါပဲ။ ကျွန်မအတွက်တော့ မီးတောက်တကယ်မရှိဘဲ မီးခိုးတွေဖြစ်လာတတ်စမြဲပါ။ ဒါ့ကြောင့် ကျွန်မအပေါ် အထင်မလွဲကြပါနဲ့”လို့ ပြန်လည်ဖြေကြားပေးခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် စူလီဟာ ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ် စတင်ခြေချခဲ့စဉ်က ပါဝင်ခဲ့တဲ့ f(x) တေးဂီတအဖွဲ့ကနေနုတ်ထွက်လိုက်ပြီးဖြစ်ပေမယ့် အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ခရစ်စတယ်နဲ့ ခင်မင်သူလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပရိသတ်တစ်ဦးက သူ့ကိုလက်ရှိမှာ ခရစ်စတယ်နဲ့အဆက်အဆံရှိမရှိမေးမြန်းခဲ့ရာမှာလည်း စူလီက သူတို့နှစ်ဦးခင်မင်ကြဆဲဖြစ်ကာ တွေ့ဆုံနေဆဲဖြစ်တယ်လို့လည်း တုံ့ပြန်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

တေးသံရှင်တစ်ဦးအဖြစ် အနုပညာလောကအတွင်းစတင်ခြေချခဲ့တဲ့ စူလီက တစ်ချိန်မှာ တေးသံရှင်တစ်ဦးအဖြစ် ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာလိုတဲ့ဆန္ဒရှိကြောင်းနဲ့ လက်တွေ့ဖြစ်၊ မဖြစ်ကိုတော့ ဘယ်သူကမှပြောနိုင်မှာမဟုတ်ကြောင်းလည်း ဖွင့်ဟခဲ့တယ်လို့ သိရပါတယ်။

အေးပြည့်-ရေးသားသည်

## မူကြိုအရွယ်ကလေးငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ် ဘက်စုံဖွံ့ဖြိုးရေးအတွက် စနစ်တကျပြုစုပျိုးထောင်ပေး

**မြစ်ကြီးနား အောက်တိုဘာ ၁၄**
"ကျွန်မတို့ မူလတန်းကြိုကျောင်းမှာ မူကြိုကလေးသူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ် ဘက်စုံဖွံ့ဖြိုးရေးအတွက်စနစ်တကျပြုစုပျိုးထောင်ပေးရန်၊ ရင်သွေးငယ်များအား ကလေးသူငယ်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ရင်သွေးငယ်များသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်နှင့် ဗဟုသုတအခြေခံကောင်းများဖြင့်မူလတန်းကျောင်းသို့ ဝင်ရောက်နိုင်စေရေးအတွက် ပြုစုပျိုးထောင်ပေးရန်စတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်" ဟု လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစီစီက အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက မူလတန်းကြိုကျောင်း စန်းသီတာခန်းမ၌ ကျင်းပသည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပဒေသာကပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါမူလတန်းကြိုကျောင်းတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူကာ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ မိဘဆရာအသင်းဝင်များနှင့် ကျောင်းသားမိဘများပူးပေါင်း၍ကျောင်းတွင် တိုးချဲ့ စာသင်ဆောင်နှင့် ထမင်းစားဆောင်များလည်း ဆောက်လုပ်နိုင်ခဲ့ကာ ကျောင်းအကျိုးတော်ဆောင်ကော်မတီနှင့်ပေါင်းစပ်ညှိနှိုင်း၍ ကျောင်းသား၊ ကျောင်းသူများအား တိုးချဲ့လက်ခံကာ ပညာသင်ကြားနိုင်ခဲ့ပြီး ယခုအခါ မူလတန်းကြို ကလေးသူငယ် ၄၀၀ ခန့်အား ပညာသင်ကြားပေးနိုင်လျက်ရှိသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မိဘဆရာအသင်း၏ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ထမင်းစားဆောင်တိုးချဲ့ဆောက်လုပ်နိုင်မှု ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားရှင်းလင်း၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရွေးချယ်အတည်ပြုသည့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်အမည်စာရင်းအားဖတ်ကြားကာတက်ရောက်လာသူများကအတည်ပြု၍ ကျောင်းသား၊ ကျောင်းသူလေးများက တိုင်းရင်းသားရိုးရာအကများ၊ မြန်မာ့ရိုးရာအကနှင့် အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကပြရာ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

## မော်လိုက်မြို့ ပျားစွဲဆင်စခန်းသို့ နိုင်ငံခြားသားခရီးသည်များ စိတ်ဝင်တစားလာရောက်လည်ပတ်



**မော်လိုက် စက်တင်ဘာ ၁၄**
နိုင်ငံခြားသားခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်၍ နိုင်ငံအတွင်းရှိ ထင်ရှားသော အလှအပရှုခင်းများ ကြည့်ရှုခံစားလိုခြင်း၊ ဒေသန္တရဗဟုသုတရလိုသူများ၊ စီးပွားရေး အရရင်းနှီးမြှုပ်နှံလိုသူများဖြင့် ပိုမိုဝင်ရောက်လျက်ရှိသည့် မြို့များတွင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ချင်းတွင်းမြစ်ဘေးတွင် တည်ရှိသည့် မော်လိုက်မြို့သည် တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းကဲ့သို့ မော်လိုက်မြို့သို့ နိုင်ငံခြားသားခရီးသည်များ နှစ်စဉ်လာရောက်လည်ပတ်ရခြင်းသည် မော်လိုက်မြို့၌ အင်္ဂလိပ်လက်ထက် အဆောက်အအုံများ၊ စာသင်ကျောင်း၊ ဂေါက်ကွင်းများနှင့် သဘာဝရှုခင်းအလှအပများအား ကြည့်ရှုလေ့လာခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်းများနှင့်အတူ မော်လိုက်မြို့ ပျားစွဲဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်၍ နိုင်ငံခြားသားခရီးသည်များသည် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းရှိ ဆင်များလုပ်ငန်းခွင်ဝင်ပုံ၊ ဆင်ရေချိုးခြင်းနှင့် အပျော်တမ်းဆင်စီးခြင်းများ၊ ဆင်များကို အစားအစာကျွေး၍ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများဖြင့် အပန်းဖြေ သွားရောက်လည်ပတ်လျက်ရှိသည်။

မော်လိုက်မြို့သို့ နိုင်ငံခြားသားခရီးသည်များသည် ချင်းတွင်းမြစ် ရေကြောင်းကောင်းချိန် ဇူလိုင်လများမှစတင်၍ နိုင်ငံခြားခရီးသွားသင်္ဘောများဖြင့် အဖွဲ့လိုက် လာရောက်လည်ပတ်လေ့ရှိပြီး ကျန်အချိန်များတွင် လိုင်းကားများ၊ လူစီးအမြန်ယာဉ်များနှင့် လာရောက်လည်ပတ်လေ့ရှိရာ ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလတွင် နိုင်ငံအသီးသီးမှ နိုင်ငံခြားသားခရီးသည်နှင့် စီးပွားရေးလုပ်ငန်းအတွက် လာရောက်သူ စုစုပေါင်း ၆၇၀ ဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီမှစ၍ အောက်တိုဘာ ၁၃ ရက်ထိ နိုင်ငံခြားသားခရီးသည် လာရောက်လည်ပတ်သူဦးရေ စုစုပေါင်း ၆၄၄ ဦးထိ လာရောက် လည်ပတ်လာကြကြောင်း မော်လိုက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးမှ သိရသည်။ **မော်လိုက်သားလေး**

## အမေရိကန်နိုင်ငံတွင် စက်ရုပ်အသုံးပြု စီးပွားရေးလုပ်ကိုင်သူများကို အခွန်ငွေကောက်ခံသွားမည်

ညဏ်ရည်တုနည်းပညာများ ပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် လူသားစွမ်းအင်အစားထိုးမှု အတွက် နည်းပညာရှင်များက AI နည်းပညာသုံး ဝန်ဆောင်မှုစက်ရုပ်များ ဖန်တီးတည်ဆောက်ကာ လုပ်ငန်းရှင်များအတွက် ကောင်းမွန်သည့် အကျိုးများကိုပေးနိုင်နေသော်လည်း အဆိုပါစက်ရုပ်များအတွက် မည်သည့်နိုင်ငံမှ ယနေ့အချိန်အထိ ဥပဒေနှင့် တရားဝင်လုပ်ကိုင်နိုင်မှုဆိုင်ရာများ ပြဋ္ဌာန်းထားခြင်းမရှိပေ။



ယခုအခါ အမေရိကန်နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေများပြားလာနေပြီး ငွေကြေးချမ်းသာ၍ အဆက်အသွယ်ကောင်းရှိသော စီးပွားရေးလုပ်ငန်းများသည် လူသားစွမ်းအင်ဝန်ထမ်းများ ခေါ်ယူခြင်းကို ဆန့်ကျင်ကာ လူသားညဏ်ရည်တု စက်ရုပ်များကို အစားထိုးအသုံးပြုလာကြသည်။ "ပညာရှင်များစွာက အမေရိကန်လူမျိုးသန်းပေါင်းများစွာရဲ့ အလုပ်အကိုင်များကို စက်ရုပ်များက လုယူတော့မယ်လို့ တွက်ချက်ထားကြပါတယ်။ အချို့သုတေသနစစ်တမ်းများအရ အမေရိကန်လူဦးရေရဲ့ ၄၇ ရာခိုင်နှုန်းဟာ အလုပ်လက်မဲ့ ဖြစ်ကြတော့မယ်လို့ ညွှန်ပြနေပါတယ်။ ဒီလိုအသွင်ကူးပြောင်းမှုမှာ အလုပ်လက်မဲ့ဖြစ်သွားတဲ့ လူသားများအတွက် အခက်အခဲများ နည်းပါးစေဖို့ အခုကတည်းက စတင်စဉ်းစားဖို့ လိုအပ်နေပါပြီ။ သူတို့အတွက် အလယ်အလတ် အလုပ်အကိုင်များ၊ လစာကောင်းတဲ့ အလုပ်အကိုင်များရရှိဖို့ လေ့ကျင့်သင်ကြားပေးရမှာ ဖြစ်ပါတယ်" ဟု အမေရိကန်တွင် အလုပ်လက်မဲ့ဖြစ်သွားပြီး လူများအတွက် Founding ထူထောင်လိုက်သူတစ်ဦးမှ ပြောကြားခဲ့သည်။

ယခုကဲ့သို့ လစာမဲ့နှင့် တစ်ကြိမ်ငွေကြေးအကုန်ခံရုံမျှဖြင့် လုပ်ငန်းတွင်ကျယ်နေသော စီးပွားရေးလုပ်ငန်းရှင်များအား ၎င်းစက်ရုပ်များသုံးစွဲနေမှုအတွက် အခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ALEX



## အနိုပ်သည်စက်ရုပ်များကို စတင်ဝယ်ယူနိုင်ပြီ

စက်ာပူနိုင်ငံတွင် စတင်နေပြီဖြစ်သော စက်ရုပ်ဖြင့်နှိပ်နယ်မှုပြုခြင်းဝန်ဆောင်မှုကို ပိုမိုအသုံးကျစေရန် ဂျပန်နည်းပညာနှင့် ပူးပေါင်းကာ ကိုယ်ပိုင်ဝယ်ယူ၍ အသုံးပြုနိုင်စေရန် ဖန်တီးတည်ဆောက်လိုက်ခြင်းဖြစ်သည်။ သက်ရှိလူသားများ တစ်နေ့စာ လုပ်ငန်းခွင်ဝင်ပြီး အိမ်သို့ပြန်ရောက်လာချိန်တွင် ပင်ပန်းမှုများနှင့် ညောင်းညာကိုက်ခဲမှုများအတွက် ဖြေလျှော့ပေးနိုင်ရန်နှင့် ကုန်ကျစရိတ်ပိုမိုသက်သာစေရန် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

Smart Sensors များ တပ်ဆင်ပေးထားပြီး လူသားများတစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများကို အာရုံခံကာလိုအပ်သည့် အစိတ်အပိုင်းများကို ထိတွေ့နှိပ်နယ်ပေးသွားမည်ဖြစ်သည်ဟုသိရသည်။ "ဒါဟာ ရောဂါများကို ကုသပေးနိုင်တဲ့ ကမ္ဘာ့ပထမဆုံး စက်ရုပ်ဖြစ်ပြီး ဆေးရုံမှာ တကယ့်လူနာများကို ကုသပေးနေပါပြီ။ တရုတ်ရိုးရာ နှိပ်နယ်နည်းများအတိုင်း ကုသပေးနေတာဖြစ်ပါတယ်။ သူ့ရဲ့ လက်ချောင်းများကို နူးညံ့တဲ့ ဆီလီကွန်ဖြင့် လူသားလက်ချောင်းများအတိုင်း ဖန်တီးထားတဲ့အတွက် တကယ့်လူနဲ့မခြား အနှိပ်ခံရတဲ့ ခံစားမှုကိုရရှိစေပါတယ်။ လူအနှိပ်သည်များထက်တောင် သူက ပိုမိုတိကျပါတယ်" လို့ Emma ကို တီထွင်ထားတဲ့ Albert Zhang က Digital Trends ကို ပြောခဲ့သည်။

အချိန်ကြာမြင့်စွာ ထိုင်လျက်အလုပ် လုပ်ကိုင်နေရသူများနှင့် ခွန်အားအသုံးပြုလုပ်ကိုင်နေရသူများအတွက် နွမ်းနယ်မှုများနှင့် ကြွက်သားနာကျင်မှုများကို အလိုအလျောက်သိရှိနိုင်ရန် ဖန်တီးထားပြီး လိုအပ်သည့်ကျန်းမာရေးအထောက်အကူပြု နှိပ်နယ်ခြင်းဆိုင်ရာနည်းပညာများထည့်သွင်းပေးထားသည်ဟု သိရသည်။ ALEX

## ဖလမ်းမြို့ရေပေးဝေရေး ဂါလန်တစ်သိန်းဆံ့ ရေကန် လေးကန် စတင်တည်ဆောက်

**ဖလမ်း အောက်တိုဘာ ၁၄**
ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ငွေကျပ် သန်း ၅၀၀၀ အသုံးပြု၍ ဂါလန်တစ်သိန်းဆံ့ရေကန် လေးကန်ကိုစတင်တည်ဆောက်နေကြောင်း ချင်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါလုပ်ငန်းကို ကျပ်သန်း ၅၀၀၀ ဖြင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းအပြင်ဖလမ်းမြို့နှင့် ၂၂ မိုင်ခန့်ကွာဝေးသည့် လိုင်ဗားရ်ရေလှောင်တမံမှ ပိုက်များဖြင့် သွယ်တန်းခြင်းစသည့် လုပ်ငန်းများလည်းပါဝင်ကြောင်း၊ ဟားခါးမြို့အတွက် အမြင့်တင်စနစ်ဖြင့် သောက်သုံးရေပေးဝေနိုင်ရန် တည်ဆောက်နေသည့်လုပ်ငန်းကိုလည်း ယခုလကုန်အပြီးသတ်နိုင်ရန်ဆောင်ရွက်နေကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေးကော်မတီ ပြည်နယ်ညွှန်ကြားရေးမှူး ဦးထလာဟဲရ်က ပြောကြားသည်။

ဖလမ်းမြို့တွင် ရပ်ကွက်လေးခုရှိပြီး လူဦးရေ ၁၆၀၀၀ ကျော်ရှိကြောင်း၊ သောက်သုံးရေရရှိ ရေးအတွက် စိမ့်စမ်းရေ ၁၂ ခုမှရေကို သွယ်တန်း၍သောက်သုံးရေအဖြစ်အသုံးပြုကြကြောင်း၊ ၂၀၁၅ ခုနှစ် သဘာဝဘေးဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် နွေရာသီရေနည်းကာလဆိုပါက သောက်သုံးရေမလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း ဖလမ်းမြို့နေ ဒေသခံတစ်ဦးက ပြောကြားသည်။

**ချင်းတွင်းသား**



## အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်ပြုလုပ်

**သထုံ အောက်တိုဘာ ၁၄**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်အကြို လှုပ်ရှားမှုအဖြစ် မွန်ပြည်နယ် သထုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် သထုံလူငယ်ကွန်ရက်အဖွဲ့တို့ပူးပေါင်းကာ အောက်တိုဘာ ၁၂ ရက် နံနက်က ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌မူလတန်း ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲများနှင့် ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များကို ပြုလုပ်ပေးခဲ့သည်။

အခမ်းအနားတွင် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက "ထိတွေ့ဘေးဒဏ် လျှော့ချမှ လုံခြုံစိတ်ချတို့ဘဝ" ဟူသည့်ဆောင်ပုဒ်နှင့်အညီ သဘာဝဘေးလျှော့ချနိုင်ရေး သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က လူငယ်နှင့် စာဖတ်ခြင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ခြောက်ကျောင်းမှ မူလတန်း ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်တို့က ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲများနှင့် ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များတွင် တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## ခရီးသည်တင် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး စစ်ဆေးအသိပညာပေး

**မြိတ် အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း အဓိကပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်အမြန်ရေယာဉ်များတွင် စီးနင်းသူ များပြားလာသောကြောင့် ရေလမ်းခရီးဖြင့် အဓိကသွားလာလျက်ရှိသော ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်စေရေးအတွက် မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ ဆိပ်ငယ်ဘောတံတားတွင် အောက်တိုဘာ ၁၃ ရက် နံနက် ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုကြီးကြပ်ရေးမှူး (ကုန်) ဦးရဲထွန်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုလေးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခရီးသည်တင်ရေယာဉ်များအား သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှု ရှိ-မရှိ စစ်ဆေး အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပင်လယ်ပြင်အတွင်း ပြေးဆွဲနေသည့် ခရီးသည်တင် အမြန်ရေယာဉ်များသည် အခြားသင်္ဘောကြီးများကဲ့သို့ ရေစူးမနစ်ဘဲ ရေစူးတိမ်သဖြင့် သင်္ဘောခေါင်မိုးပေါ်သို့ ကုန်ပစ္စည်းများနှင့်အတူ ခရီးသည်များ တက်ရောက်စီးနင်းသည့်အခါ ရေယာဉ်မောင်းနှင်စဉ် အတွင်းလမ်းခရီး၌ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် သင်္ဘောအတွင်းခန်းအတွင်းသို့ ဝင်ရောက်စီးနင်းကြရန်၊ ရေယာဉ်ကြံ့ခိုင်မှု၊ ရေယာဉ်လိုင်စင်၊ ခရီးသည်နှင့် ကုန်ပစ္စည်းများ သတ်မှတ်ချက်ထက် ပိုမိုတင်ဆောင်ခြင်း ရှိ-မရှိ အသက်ကယ်ပစ္စည်းများ လုံလောက်စွာ ထားရှိမှု ရှိ-မရှိတို့အား ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင်သူများနှင့် စီးနင်းလိုက်ပါသူများအား စစ်ဆေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် သက်ဆိုင်ရာမှ ခရီးသည် အမြန်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မိုးလေဝသ အခြေအနေများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကြေငြာပေးသည့်အပြင် ခရီးသည် အရေအတွက်နှင့် ကုန်တန်ချိန်များကိုလည်း သတ်မှတ်ပေးထားကြောင်း သိရသည်။**မြင့်ဦး(မြိတ်)**

## အရည်အသွေးကောင်းမွန်သည့် ဂျုံခေါက်ဆွဲ၊ အီတလီခေါက်ဆွဲ ထုတ်လုပ်မှု နည်းပညာပံ့ပိုးခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဂျုံခေါက်ဆွဲ၊ အီတလီခေါက်ဆွဲထုတ်လုပ်မှု နည်းပညာပံ့ပိုးခြင်း အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အမှတ် (၁၉၂) ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အရည်အသွေးကောင်းမွန်သည့် ဂျုံခေါက်ဆွဲထုတ်လုပ်မှုနည်းပညာများ ပံ့ပိုးပေးရန် တောင်းဆိုသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဂျုံခေါက်ဆွဲ လုပ်ငန်းရှင်များအား စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဦးစီးဌာနမှ လုပ်ငန်းအတွေ့အကြုံ ၃၃ နှစ်ရှိ PUM Netherlands Senior Experts အဖွဲ့နှင့် ပူးပေါင်း၍ အလေအလွင့်အနည်းဆုံးဖြင့် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရန်နှင့် Pasta ထုတ်လုပ်သည့် လုပ်ငန်းများအား စာတွေ့လက်တွေ့ ပံ့ပိုးပေးမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းမှ နည်းပညာရယူထားသည့် လုပ်ငန်းရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစားအသောက် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များ စုစုပေါင်း ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **၅၂၆**

## အခါလွန်မိုးကောင်းပြီး စစ်တောင်းမြစ်ရေမြင့်တက်၍ လူဦးရေ ၇၄၀၀ ကျော် ရေဘေးဒုက္ခခံရ

**ရေတာရှည် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ အောက်တိုဘာအတွင်း နေ့စဉ်လိုလို မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ကျချောင်းရေများအလုံးအရင်းဖြင့် ဝင်ရောက်ခဲ့မှုကြောင့် နေပြည်တော်ပေါင်းလောင်းဆည်နှင့် ဆွာချောင်းဆည်တို့မှရေများလွှတ်ခဲ့ပြီး စစ်တောင်းမြစ်ရေထောက်ကာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက်ကတည်းက မြစ်ရေများ ထပ်မံမြင့်တက်ခဲ့ရာ ယနေ့အထိ စစ်တောင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာအုပ်စု ခုနစ်ခု၊ ကျေးရွာခွဲပေါင်း ၁၅ ရွာမှ ဒေသခံပြည်သူ ၇၄၇၉ ဦး ရေဘေးဒုက္ခခံစားနေကြရပြီး ရိပ်သိမ်းလုဆဲဆဲစပါးခင်းများရေများလွှမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိမြစ်ရေဝင်ရောက်လျက်ရှိသောကျေးရွာများအနက် မြစ်ရေစီးကြောင်း ထိပ်တည့်တည့်ကျနေသည့် ရဲကုန်းကျေးရွာအုပ်စု ဥသျှစ်ပင်ကျေးရွာ အိမ်ထောင်စု ၂၂၀ လူဦးရေ ၈၄၆ ဦးနှင့် ကျွဲရိုင်းပြင်ကျေးရွာနှင့် အုန်းပင်ကွေ့ကျေးရွာများတွင် အိမ်ထောင်စု ၁၂၀ လူဦးရေ ၅၀၇ ဦးတို့မှာ ရေဘေးဒုက္ခဆိုးရွားစွာခံစားနေရသည့်အတွက် သောက်ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ထမင်းထုပ်များပါဝေငှနေရကြောင်း သိရသည်။

"လောလောဆယ်တော့ ရေဘေးကယ်ဆယ်ရေးစခန်းတွေဖွင့်ဖို့ မလိုသေးပါဘူး မြို့နယ်အဆင့်နဲ့ ကျန်တဲ့မြို့တွေက လတ်တလောလိုအပ်နေတဲ့ သောက်သုံးရေသန့် စားသောက်ဖို့အတွက် စီစဉ်ပေးတာတွေရှိပါတယ်။ ရေကျသွားပြီးတဲ့နောက်ပိုင်းမှာ မြစ်ရေဝင်ရောက်တဲ့ရွာတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အခြားကူးစက်ရောဂါတွေမဖြစ်ပွားရအောင် မြို့နယ်ကျန်းမာရေးဦးစီးဌာနကိုလည်းကွင်းဆင်းဖို့ပြောမယ် တပ်နယ်ကိုလည်း ကျန်းမာရေးစောက်ရှောက်ဖို့ ဆက်သွယ်ပြောရမှာတွေရှိပါတယ်။ တစ်ရွာသော်လည်းကောင်း တစ်ရက်ကို နှစ်ရွာနှုန်းနဲ့သော်လည်းကောင်းပေါ့ မဖြစ်မနေလုပ်ရမှာပါ "ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောကြားသည်။

ထို့အတူ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရသော ကျွဲ၊ နွား၊ ဝက် အိမ်မွေးတိရစ္ဆာန်များကိုလည်း ကျန်းမာရေးအရစောင့်ရှောက်မှုများလိုအပ်မည်ဖြစ်သည့်အပြင် သွားလာရေးခက်ခဲမှုရှိသောဒေသများကိုလည်း ကွင်းဆင်းစစ်ဆေးကာ ဌာနအလိုက်အမြန်ဆုံး ကူညီဆောင်ရွက်ပေးရန်လည်း ဒေသခံများက လိုလားလျက်ရှိနေသည်။ပို၍ဆိုးရွားသည်မှာ လတ်တလော ရိတ်သိမ်းတော့မည့် စပါးခင်းများရေဝင်နစ်မြုပ်ကုန်ခြင်းက တောင်သူတို့အတွက် အထိအနာဆုံး ထိုးနှက်ချက်ဖြစ်နေကြောင်း ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆောင်ရွက်ပေး

**သရက်ချောင်း အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျောက်ဆည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ သရက်ချောင်းမြို့နယ် ဦးစီးမှူးရုံး၏ ဦးဆောင်မှုဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်ဆည်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ၆၅ ဦး၊ ကျောင်းသူ ၄၅ ဦး စုစုပေါင်း ၁၁၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကွင်းဆင်းသွားရောက်ရာသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ သရက်ချောင်းမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးသာထွန်းအောင်နှင့် ဝန်ထမ်းများ၊ NRC အဖွဲ့မှ တာဝန်ရှိသူများလိုက်ပါလျက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပနိုင်ရေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ဂီတအစည်းအရုံးဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်ထိကျင်းပမည့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦးလေးမှနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်က "အမှုဆောင်သစ်ရွေးချယ်ရာမှာ ကော်မရှင်အဖွဲ့ကိုလည်း စနစ်တကျဖွဲ့စည်းထားပြီး ကော်မရှင်မှ ဂီတအလွှာလိုက် အဆိုပြုထားသည့်အမှုဆောင်သစ်ကို ဒီမိုကရေစီနည်းလမ်းတကျရွေးချယ်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဂီတအစည်းအရုံးအတွက်၊ ဂီတအလွှာအသီးသီးအတွက်၊အင်အားအပြည့်နဲ့ စေတနာထားပြီး တိုးတက်အောင် ဦးဆောင်ဦးရွက် ပြုနိုင်တဲ့ပုဂ္ဂိုလ်များဖြစ်စေဖို့ ဂီတလောကသားအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ" ပြောကြားသည်။

**မောင်မောင်**

## ပြည်နယ်အဆင့် မိုင်းအန္တရာယ် အသိပညာပေးခြင်းဆိုင်ရာ လုပ်ငန်းစည်းဝေး

**လွိုင်ကော် အောက်တိုဘာ ၁၄**


လူမှုဝန်ထမ်းဦးစီးဌာနနှင့် Unicef တို့ ပူးပေါင်းပြီး ကယားပြည်နယ် မိုင်းအန္တရာယ် အသိပညာပေးခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ ပုံမှန်ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်မြို့ လူမှုဝန်ထမ်းဦးစီးဌာန၊ လွိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က ကယားပြည်နယ်အတွင်း မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်း၊ လူသားနှင့် စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့တွေအနေဖြင့် မိုင်းအန္တရာယ် အသိပညားပေးရေး၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကို ကူညီပေးရန် စသည့်လုပ်ငန်းစဉ်များမှ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရည်မှန်းချက်ထားပြီး ပိုမိုဆောင်ရွက်ပေးရန်လိုပါကြောင်း၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာ ရနေသူတွေအပေါ် ထိရောက်တဲ့ ဝန်ဆောင်မှုများ ပေးနိုင်အောင် မြေမြှုပ်မိုင်းတွေကြောင့် အသက်အန္တရာယ် မဆုံးရှုံးရလေအောင်၊ မသန်စွမ်းသူများ မဖြစ်ရလေအောင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

တက်ရောက်လာကြသည့် ပြည်နယ်အဆင့် မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ UN- Agencies များ၊ NGO, INGO မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာ ရသူများအား ထောက်ပံ့ပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ **မြို့နယ် ပြန်/ဆက်**

PUN HLAING SILOAM HOSPITALS

သင် ဒီဝေဒနာနှင့် ရောဂါလက္ခဏာများကို ခံစားနေရပါသလား



- ခါးအောက်ပိုင်းနာခြင်း
- ဆီးတွင် သွေးပါခြင်း
- ဆီးခဏခဏ သွားခြင်း
- ဆီးမထိန်းနိုင်ခြင်း
- ဆီးကျိတ်ရောင်ခြင်း
- ဆီးအိတ်ကျောက်တည်ခြင်း
- ဆီးကျိတ်ကင်ဆာ
- ကျောက်ကပ်ရောင်ခြင်း
- ကျောက်ကပ်ကင်ဆာ

**Dr. Sivaraj Manoharan**
M.B.,B.S, M.S (General Surgery), M.Ch (Urology)

သင်၏ ဆီးကျိတ်၊ ဆီးအိမ်၊ ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်အစားထိုးကုသမှု အပါအဝင် ကျောက်ကပ်ရောဂါဆိုင်ရာပြဿနာများအတွက် အကောင်းဆုံး အဖြေရှာ ဆွေးနွေးတိုင်ပင်နိုင်ရန် အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးနှင့်

အောက်တိုဘာလ ၂၆ မှ ၂၈ ရက် တွင် ပြသနိုင်ပါပြီ။

ဆက်သွယ်စာရင်းပေးသွင်းရန် - ၀၁ - ၃၆၈ ၄၄၃၃

နံနက် (၈း၀၀) နာရီမှ ညနေ (၅း၀၀) နာရီ အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

www.punhlaingsiloamhospitals.com
facebook Pun Hlaing Siloam Hospitals

FAME **Cholecrush®**
For gallstones
သည်းခြေကျောက်ပျော်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 010682 (0816)
09-965559860

FAME **Milk Thistle**
80% Silymarin 200 mg
အသည်းဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007176 (0716)
09-73142216

GOLDEN EDEN®
SLEEP SOLUTIONS




Singapore Imported Golden Eden Brand
အိပ်ယာခင်း၊ စောင် ၊ ခေါင်းအုံး နှင့် ဖက်လုံးများ

Junction Square ( 13 Oct 2017)
Junction City (14, 15 Oct 2017)

Authorized Sole Distributor in Myanmar:
GoldenEdenSleepSolutions 01203671, 01205756, 0973162989 www.goldenedensleepsolutions.sg

ရွှေလမ်းညွှန် 09-420087371, 09-259302029
(၃)ရက် 37000
(၄)ရက် 57000
(၃)ရက် 38000
Oct 27
Nov 2,10

ROYAL GANDAMAR
Oct 20,27, Nov- 17,24 39000
Oct 20,27, Nov- 17,24 39000
Oct 27, Nov- 17,24 39000
Oct 27, Nov- 24 39000
Oct 17,21,28 Nov- 3, 12 39000
Oct 17,21,28 Nov- 3, 12 39000
Oct 17,21,28 Nov- 3, 12 39000
01-397484,09-31006777,09-5127969,09-33353275,09-250842626,09-4305533

MIN MAHAR LAWKA
Travels & Tours
Ph - 09 511 1387, 09965 111 387, 09 765 111 386

Marketing ဝန်ထမ်းအလိုရှိသည်
Marketing ဝန်ထမ်း ... Application ...
AOU Company
09 5085065

IGCSE
CAMBRIDGE International Examinations
edexcel Approved Centre
IGCSE ... UK ... Master နှင့် PhD ... Text book, Revision Guide နှင့် Past Paper ...
- Free study guide
- Free school fees for second year
- Guarantee to get A and A*
- Refund policy for not achieving good grades
ဝတ်ထူး A နှင့် A* ရရှိရန် အာမခံသည်။
Exam Result ... School fees ...
No. 704, Yadanar Housing, Yadanar Road, South Okkalapa Township
Ph. 09 799 24 24 31 , 09 448 331 664

MYANMAR INTERIOR DESIGN &
BUILDING MATERIAL SHOW (MIDB)
Free Seminar
Lucky Draw
Goodies Bag
10:00 am – 6:00 pm
20th - 22nd OCT. 2017
GANDAMAR GRAND BALLROOM
GANDAMAR WHOLESALE
CONTACT: 09775100058
DESIGN COMPETITION SHOWCASE
Design Competition Showcase
Theme "Futuristic"
School: 21st Oct. 2017
Public: 22nd Oct. 2017
Win Xiaomi Mi Max 2 & Lenovo Tab 3
APISS Resources www.apiexhibits.com

အမြန်ရောင်းမည်
မရမ်းကုန်းမြို့နယ်ရှိ နေရာကောင်း။
အကျယ်အဝန်း 80' x 60'၊
RC2 ထပ်၊ဘိုးဘွားပိုင်မြေ။
ဈေးနှုန်း-သိန်း၈၀၀၀(ညှိနှိုင်း)
ဆက်သွယ်ရန်
09 965112467
09 965010552

ပျောက်ဆုံးကြောင်း
... ဖုန်း-၀၉ ၅၈၀၃၉၀၀၂၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဇ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက် အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဇစီမံချက်)၊ မြေကွက်အမှတ်-၂၂၀၊ မြေကွက်တည်နေရာအမှတ်-၂၂၀၊ အင်ကြင်းလမ်း၊ ပေါင်းကူညာဇရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်အေးအေးယုထံမှ မေတ္တာဖြင့်ပေးကမ်းခြင်း အရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်ခဲ့သူ ဦးဝင်းထိန် [၁၂/ကတတ(နိုင်)၀၀၈၆၀၃] ကိုယ်တိုင်မှ ပေါင်းကူညာဇဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်-၁၂(က) တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂အက်ဖ်)၊ မြေကွက်အမှတ် (၄၃၇/၆အေ)၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်ခင်ရီ[၁၂/တမန(နိုင်)၀၇၁၈၂၈] မြေကွက်အား အမည်ပေါက် ဒေါ်ခင်ရီသည် (၂၅-၁၂-၂၀၁၅)ရက်တွင် လည်းကောင်း၊ (ခင်ပွန်း) ဦးမြင့်သိန်းသည် (၉-၁၂-၂၀၀၅)ရက်လည်းကောင်း ကွယ်လွန်သဖြင့် ၎င်းတို့၏သားများဖြစ်သော ဦးမြင့်ဦး[၁၂/တမန(နိုင်)၀၉၂၂၃၄]နှင့် ဦးဝင်းလွင်သိန်း [၁၂/တမန(နိုင်)၀၅၀၃၆၅]တို့မှ ၎င်းတို့နှစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်းနှင့် ၎င်းတို့မှအပ အခြားအမွေဆက်ခံခွင့်ရှိသူမရှိကြောင်း၊ ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ကတိသစ္စာပြုလွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်၊ ကွယ်လွန်သူတို့၏ သေစာရင်း၊ အမည်ပေါက် အရောင်းအဝယ် စာချုပ်အမှတ်-၁၁၉၈/၁၉၉၆တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အလုပ်အကိုင်များခေါ်ယူခြင်း

... ဆက်သွယ်ရန် ဖုန်း - ၀၉ ၇၈၀၆၈၁၁၂၂၊ ၀၉ ၅၁၀၈၁၃၄၇

## အမည်ပေါက်ပိုင်ရှင်ထိုက်ရိုက်ရောင်း၊ ငှား

...

ဆက်သွယ်ရန် - ၀၉ ၇၈၀၆၈၁၁၂၂၊ ၀၉ ၅၁၀၈၁၃၄၇

ရွှေဆင့်
Volume:6
Issue:39
15 Oct 2017
City Mart နှင့် Super Market
... Euro Enea ...
အိမ်ခြံမြေ ရောင်း/ဝယ်/ငှားအခမဲ့ထည့်ပေးမည်

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

... (TKA-၀၉၂၅၁၁) ... (MTNT-၀၃၀၀၅၅) ...

(TKA-၀၉၂၅၁၁)

သင့်သွေးဖြင့် အသက်ကယ်ပါ

AYARWADDY LEGEND
TRAVELS & TOURS
တန်ဆောင်တိုင်ခရီးစဉ်များ
➡ ဘန်ကောက် - ပတ္တရားခရီးစဉ်
02-05 & 10-13 Nov 2017 (3N/4D)
➡ ဘန်ကောက် - ဟွာဟင်းခရီးစဉ်
10-13 Nov 2017 (3N/4D)
➡ ဘန်ကောက် ခရီးစဉ်
03-05 & 11-13 Nov 2017 (2N/3D)
➡ ဖော်ဘူခရီးစဉ်
02-05 & 10-13 Nov 2017 (3N/4D)
➡ ဗီယက်နမ်ခရီးစဉ်(ဟနွိုင်း - ဟလောင်း)
02-05 & 10-13 Nov 2017 (3N/4D)
➡ ဗီယက်နမ်ခရီးစဉ်(ဆိုင်ဂုံ-မိုနဲ)
02-05 & 10-13 Nov 2017 (3N/4D)
➡ ကမ္ဘောဒီးယား + ဘန်ကောက်
02-06 & 10-14 Nov 2017 (4N/5D)
➡ ဘာလီ
02-05 & 10-13 Nov 2017 (3N/4D)
➡ ဘာလီ + ဘန်ကောက်
02-06 Nov 2017 (4N/5D)
➡ ကိုရီးယားခရီးစဉ် (ဆိုးလ်)
25-30 Nov 2017 (5N/6D)
➡ ကိုရီးယားခရီးစဉ် (ဂျယ်ဂျူး-ဆိုးလ်)
15-22 Nov 2017 (7N/8D)
➡ ရန်ကုန်-တိုင်ပေ-ရန်ကုန်
10-15 Nov 2017 (5N/6D)
➡ ဖော်လ်ဒိုက်
10-13 Nov 2017 (3N/4D)
www.ayarwaddylegend.com
Hotline - ၀၉ ၄၄၄၄၄၄၄၉၈၅၇၈
အမှတ် (B - 10)၊ Basement၊ Recreation Center ရန်ကုန်မြို့။

Star Zone
Travels & Tours
နိုဝင်ဘာ/ဒီဇင်ဘာ ကျောင်းပိတ်ရက် ၊ ရုံးပိတ်ရက် ပြည်ပခရီးစဉ်များ
STAR ZONE
• ဘန်ကောက် – ပတ္တရား ခရီးစဉ် ၃ည/၄ရက် 10-13 NOV
• ဗီယက်နမ်(ဟနွိုင်း–ဟလောင်း–နင်ဘင်း) ၃ည/၄ရက် 10-13 NOV
• ကိုရီးယား (ဆိုးလ်–ဂျေဂျူး) ခရီးစဉ် ၅ည/၆ရက် 1- 7 NOV 10- 16NOV
• ဘန်ကောက် – ပတ္တရား ခရီးစဉ်၃ည/၄ရက် 29 DEC -1 JAN
• ဖော်ကတ္ထူ ခရီးစဉ် ၃ည/၄ရက် 29 DEC -1 JAN
• ဗီယက်နမ်(ဟနွိုင်း–ဟလောင်း–နင်ဘင်း) ၃ည/၄ရက် 23 DEC-26 DEC
• ဒူဘိုင်း – အဘူဓါဘီ ခရီးစဉ် ၃ည/၅ရက် 28 DEC-1 JAN
• ဂျပန် ခရီးစဉ် ၅ည/၆ရက် 28 DEC-2 JAN
ဆက်သွယ်ရန် - 09 970 506707, 09 795 258910, 09 963 596572, 01 230 15 11, 230 15 22

Nov 1, 2

၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အတွက်
S.S. Top သိန်းဇော M.Sc(Phys;)
လက်ခံပြီ
09-2500 31 747, 09-795 449 954

၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အတွက်
Bio ဦးသိန်းကို M.Sc(Zool.)
လက်ခံပြီ
09-500 6229




Special Offers
49,000 Ks
No.6, Botahtaung Jetty, Near Botahtaung Pagoda,
Seikkan Township, Yangon 11162, Myanmar.
Tel: +951-9010532 - 9010533, +959-250846874,
Email: info@vintageluxuryhotel.com, , Website: www.vintageluxuryhotel.com

BFGoodrich Tires
Tyre ၏ မေတ္တာလက်ဆောင်



" BF Goodrich PC တာယာ(၄)လုံး ဝယ်ယူတပ်ဆင်သော မိတ်ဆွေများအား BF Goodrich Backpack (၁)လုံး မေတ္တာလက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်ပါသည် "
မြန်မာတစ်နိုင်ငံလုံးရှိ BF Goodrich အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ရယူနိုင်ပါပြီ။



BF Goodrich တာယာကို အမေရိကန်နိုင်ငံတွင် (1870)ခုနှစ်မှ စတင်၍ ထုတ်လုပ်ပါသည်
လက်ဆောင်ပေးမည့်အချိန်ကာလ
၂၀၁၇ အောက်တိုဘာ(၁၅)ရက်မှ နိုဝင်ဘာ(၁၅)ရက်အထိ (လက်ဆောင်အရေအတွက် ကန့်သတ်ချက်ရှိပါသည်)

## ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)
## နဝမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၂၂-၁၀-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) ၏ အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဘိုကလေးမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - အသင်းဓမ္မာရုံ၊ ခြောက်ထပ်ကြီးဘုရားဝင်း၊ SSC ဆေးရုံအနီး။
ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

လှူဒါန်းလိုသူများသည် - ဦးစောဝေ (ဥက္ကဋ္ဌ) ဖုန်း - ၀၉ ၅၁၀၈၇၀၅
ဦးဝင်းမြင့် (အတွင်းရေးမှူး) ဖုန်း - ၀၉ ၅၁၀၅၈၀၆
အသင်းရုံးဖုန်း - ၀၁ ၂၁၂၅၀၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**













## ငှားမည်

(၁) ဒေါပုံမြို့နယ်၊ ယမုံနာလမ်းမ (၂၅'×၅၀') လုံးချင်း၊ (IBN) ထပ်ခိုးတစ်ဝက်ပါ၊ Aircon (၄) လုံး၊ ပြင်ဆင်ပြီး၊ (၁၀ သိန်း)
(၂) ဒေါပုံမြို့နယ်၊ မင်းနန္ဒာလမ်းမ (၃၀'×၆၀') လုံးချင်း၊ (2BN) ရှေ့မျက်နှာစာ ကား (၆) စီးရပ်နိုင်သည်။ (၁၁ သိန်း)
(၃) စမ်းချောင်းမြို့နယ်၊ (ဗဟိုလမ်း)၊ ငွေစျေးအကျော်၊ (၂၀'×၅၀') အမြင့် ၁၇'၊ ထပ်ခိုးပါ၊ (မြေညီထပ်) (၁၂ သိန်း)

ဆက်သွယ်ရန်-၀၉ ၇၃၁၆၀၇၀၀၊ ၀၉ ၂၅၄၂၀၀၃၂၃

## လုံးချင်းအိမ်ငှားပါမည်

ခြံအကျယ်-ပေ(၄၀×၁၁၀)
R.C (၂)ထပ်၊ Master Bedroom(၁)ခန်း
SR=(၃)ခန်း၊ Aircon (၇)လုံး အသစ်၊ခြံအတွင်း
ကား(၃)စီးရပ်နိုင်သည်။
ဆိတ်ငြိမ်ရပ်ကွက်၊ ဟံသာဝတီ(၂၁)လမ်း၊
(၆)ရပ်ကွက်၊ တ/ဥက္ကလာပ
စျေးနှုန်း=တစ်လ(၁၈)သိန်း
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၉၄၈၅၇

## Condo ရောင်းမည်/ငှားမည်

အထက်ပန်းဆိုးတန်းလမ်း၊
Green Lake Condo,
1639 Sqft အဆင့်မြင့်ပြင်ဆင်ပြီး ပရိဘောဂအစုံ
ညှိနှိုင်း၊ ကန်တော်ကြီး Palace Hotel အနီး
**PH : 09 968200099**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊မြေကွက်အမှတ်(၉၀၉)၊ မြေကွက်တည်နေရာအမှတ်(၉၀၉)၊သီလ(၁၁)လမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်ဦးချစ်ဆိုင်(အက်စ်/အိုကေအေ-၀၁၅၃၇၁)အမည်ပေါက်၊နှစ်(၆၀) မြေအားအမည်ပေါက်ဦးချစ်ဆိုင်(ဖခင်)သည်(၁၆-၄-၂၀၁၄)နေ့တွင်ကွယ်လွန်ပြီး၊ဒေါ်တင်ရွှေ(မိခင်)သည်၁၀-၁၀-၆၈နေ့တွင်ကွယ်လွန်သဖြင့်ဦးကြည်ဝင်း(၁၂/ဥကတ(နိုင်)၀၃၂၃၁၀)၊ဒေါ်စန်းစန်းလွင်(၁၂/ဥကတ(နိုင်)၀၃၂၃၁၄)၊ဒေါ်မြင့်မြင့်ကြည်(၁၂/ဥကတ(နိုင်)၀၃၂၂၇၈)၊ဒေါ်ရှိရှိ(၁၂/ဥကတ(နိုင်)၀၃၂၃၁၅)၊ဦးလတ်လတ်ဦး(ခ)ကိုလတ်(၁၂/ဥကတ(နိုင်)၀၀၀၀၁၃၉)၊ဦးသီဟအောင်(၁၂/ဥကတ(နိုင်)၁၄၇၀၁၇)တို့ကသားသမီးများတော်စပ်ကြောင်းပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းသစ္စာပေးသူအရာရှိဒေါ်နှင်းဝင့်ဝင့်ဖြူရှေ့မှောက်တွင်လက်မှတ်ရေးထိုးထားသောကျမ်းကျိန်လွှာ ၆-၁၇၄၁/၂၆-၆-၁၇၊သေစာရင်းနှင့်ဂရန်မူရင်းပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ ၆-၁၇၄၀/၂၆-၆-၁၇၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းတချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာလျှောက်ထားမြေတွင်(၁)ထပ်အုတ်ကပ်အိမ်တွင်ဒေါ်စန်းစန်းလွင်မိသားစုနေထိုင်ပြီး၊(၁)ထပ်ပျဉ်ထောင်သွပ်မိုးအိမ်(၂)လုံးတွင်ဦးကြည်ဝင်းမိသားစုနေထိုင်ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့်အဆိုပါပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**


HITACHI
ဝါကျွတ် အထူးဈေးရောင်းပွဲတော်
15th Oct - 15th Nov 2017
Clearance Sales 35%Off
ဝယ်ယူသောပစ္စည်းတိုင်းအတွက် Discounts အပြင် လက်ဆောင်များလည်း ရရှိ မှာမို့ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေ.....
SHOWROOM ADDRESS :


THADINGYUT
Big Discount
OR
Only 20% Deposit With No Interest
1st~31st, October, 2017
H-1
MODERN AND POWERFUL, COMPLETE YOUR OWN H-1
2 Sliding Rear Doors
12 Seaters
2.5 CRDi Engine
6-Speed A/T
12-Seaters (Mini Bus)
3 Years or 100,000 km Warranty
HYUNDAI
INTERNATIONAL KLM CO.,LTD
GLOBAL KLM CO.,LTD
All information and illustrations are based on data avilable at the time of publication and subject to change without notice.


SYP
ဆေးရိုးပင်
ကိုဆန်းနိုင် + မမိုးမိုးအေး
Ph: 013645757, 095145162, 09965145162, 09455081166,09777766001, 09777766002


San brotherhood
Air-Con,
Air-Con အဟောင်း၊ အပျက်များကို အသစ်နှင့် လဲလှယ်ပေးပါသည်။
တပ်ဆင်ပြီး 1HP-245000
300000 Ks
တပ်ဆင်ပြီးဈေးနှုန်း
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
FMI City 709373,09-5084831,3682445(Ext)1421
01-704101 , 09-5002736, 09-450023810
3681854, 706193, 09-73116475
01-704849, 09-73066836, 09-73004800
Capital 09-5053114, 73251545, 01-708842
09-43083868, 01-703241
09-5190383, 09-73251535
CNG 01-703684, 09-43130068
Victoria 01-704467, 09-73217035
01-709114, 09-5019316

Royal Gandamar Travels & Tours

၅ည / ၆ရက် ခရီးစဉ်
ယာမယ်-ရှင်းကိုရှင်-မောင်းမကန်-ချောင်းသာ Nov - 2 180000 Scania Coach
မောင်ကြီး-ဗိုလ်-ချိ-ဆင်းလေး-ပင်းတာယ-ရွာဝ Nov - 2 185000 Scania Coach (2 + 1)
၂ည / ၂ရက် ခရီးစဉ်
ရွှေဉမောက်-မောင်းလွဲခမော်-ထီးမှန်တန် Nov - 2
ပုဂံ-ရွာပင်တော်လေးဆူ-ပြည့်ဖိုးဖြည် Nov - 1, 3
မန္တလေး-မင်းကွန်း-အင်းဝ-စစ်ကိုင်း Nov - 1, 2, 3
တော့ကျော်ဆည်-ဂျက်ကားရေတံခွန်-မန္တလေး Nov - 1, 2, 3
ပြင်ဦးလွင်-မန္တလေး-ကျောက်စိမ်းဘုရား Nov - 2
မြဝတီ-ဓါးတောက်-ဘားအံ Nov - 2, 3

Hotel တစ်ညအိပ် အဆင့်မြင့်ကားကြီးများဖြင့် အထူးဈေးနှုန်း 77000

01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533

-ကျောက်ပိုးမှာ
-ကျောက်စိမ်းဘုရား
-ကျိုက်ထီးရိုး

လူထု Steel Structure
Ph:09-5031107, 09-5028986, 09-5008411


ဦးမြင့်+ဒေါ်လှမြင့် ကရဗိက် သက်န်းတိုက် ကထိန်သင်္ကန်း
နှစ်ပေါင်း(၆၀)ကျော်အောင် စိတ်ရည်လက်နုနှင့်အညီ ချုပ်လုပ်ထားသော ကိုရီးယား၊ ဂျပန်၊ အင်ဒိုနီးရှား(လိပ်ပြာ)၊ မိုးဒယား လွန်းရာကျော် ကြာသင်္ကန်းများကို ကရဗိက်သင်္ကန်းဆိုင် မိသားစုများမှ သင့်တင့်မျှတသော ဈေးနှုန်းများနှင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။
စိန်ဂေဟာ၊ Orange၊ ဝင်တိုးနိုးယား၊ RUBY MART၊ GANDAMAR WHOLESALE စသည့် ဂလုန်းမှင်း Super Market၊ Mini Market များတွင် ဝယ်ယူရရှိနိုင်ပါသည်။

သုခုမဝိတ် ဆေးရုံကြီး Sukumvit Hospital
ဆူကွန်ဗစ်ဆေးရုံကြီး ထိုင်းနိုင်ငံ (ဘန်ကောက်မြို့)
Myanmar Representative Office (Yangon)
your health...our concern, your family...our care

ဆူကွန်ဗစ်ဆေးရုံကြီး၏ မြန်မာပြည်ရုံးခွဲဖွင့်လှစ်ခြင်းအထိမ်းအမှတ် အထူးသတင်းကောင်း

| Package / Gender | Gold Package | Platinum Package |
|---|---|---|
| Male | 14,362 Baht | 26,900 Baht |
| | 9,900 Baht | 16,500 Baht |
| Special Promotion | 8,910 Baht | 14,850 Baht |
| Female | 19,832 Baht | 28,500 Baht |
| | 9,900 Baht | 19,500 Baht |
| Special Promotion | 8,910 Baht | 17,550 Baht |

ဆက်သွယ်ရန် - အမှတ်(၇၇/E)၊ ရွှေဂုံဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - 09 338 444 00/ 09 338 444 11

STANDARD your affordable quality
Vinyl Floor
* ၁၀၀% ရေစိုခံ * မြဲခံ
Special Offers
Skirting အခမဲ့လက်ဆောင်
WATER PROOF

Showroom :
အမှတ် B1-012, ...
Hotline: 09 4555 444 30, 09 4555 444 03

Deco RAIN
Decoration & Design Works

Quotation ကို စိတ်တိုင်းကျမှသာ လုပ်ငန်းအပ်နှံနိုင်ပါသည်။
အမှတ်(124)၊ ...
PH-09-252222527,09-252222528,09-33993377

MMK မြင့်မိုရ်ကမ္ဘာ ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့
ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်များ ကြိုတင်စာရင်းပေးနိုင်ပါပြီ
(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်များ -
(၁) ၁၅.၁၁.၁၇၊ (၂) ၄.၁၂.၁၇၊ (၃) ၃၀.၁.၁၈၊ (၄) ၁၅.၂.၁၈၊ (၅) ၅.၃.၁၈၊
(၆) ၂၂.၃.၁၈၊ (၇) ၉.၄.၁၈
(၇)ညအိပ်(၈)ရက်ခရီးစဉ်များ - (၁) ၁၀.၁၁.၁၇၊ (၂) ၅.၂.၁၈၊ (၃) ၁၀.၄.၁၈

Kids Exploring Science
STEM Learning Lab at "KES"
"သိပ္ပံလက်တွေ့များ ကိုယ်တိုင်စမ်းသပ်ရှာဖွေ လုပ်ဆောင်ကြည့်ပါ!"
Level - Kindergarten, Primary, Lower Secondary
Address - No.220/222, 2nd floor, Botahtaung Pagoda Road.
Tel: 09 450035260, 09 978648724
Facebook : www.facebook.com/kidsexploringscience

ရွှေမှန်ကြေး အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး
မျက်စိအမြင်အားနည်းခြင်း၊ မျက်စိဝေခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အမြှေးကွက် အနီကွက်များ ထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
TMR 007525(0617)

ACE® PE WATER TANK
KOREA HI-TECH

သန့်ရှင်းစေတ်မီ ACE ရေတိုင်ကီ
* ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
* သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူး သင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရကိုရီးယားကုန်ကြမ်း)
* နှစ်(၃၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။
နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်

anti-bacteria မပြုလုပ်မီပုံ anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ
HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL
ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။
Ph: 01-3684743, 09-450048469, 09-443094221
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ကြော်ငြာ


# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အောက်တိုဘာလ(၁)ရက်နေ့မှစ၍ (၃၀)ရက်နေ့အထိ စရံငွေပေးသွင်းသူများ အထူးဈေးနှုန်း

၈ ရက် ခရီး - ဟိုတယ်(၂)ည → စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေယာဉ် + နီပေါ)

၁၂ ရက် ခရီး - ဟိုတယ်(၃)ည → စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေယာဉ် + နီပေါ)

၁၅ ရက်ခရီး - ဟိုတယ်(၅)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)

၁၅ ရက် ခရီး - ဟိုတယ်(၄)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်ကတ္တားပါ

ဂယာ သီးသန့် ၂ညအိပ် ၃ ရက်၊ ၄ညအိပ် ၅ရက် ခရီးစဉ်သီးသန့် အဖွဲ့များလည်းပို့ဆောင်ပေးပါသည်။

စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်း စာရင်း ပေးသွင်းပါက(၁)ဦးအခမဲ့

ဗုဒ္ဓဂယာ ၈ ရက် ခရီး (လေယာဉ် + နီပေါ) - 3Star ဟိုတယ်(၇)ည → ဒေါ်လာ ၁၀၀၀

သိမ်ရိုလကော်ရွယ်တော် + ထိုင်းနိုင်ငံဘန်ကောက် မြို့ဘုရား(၈)ရက်ခရီး - 3Star ဟိုတယ် ဒေါ်လာ ၁၅၀၀

ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံး စရိတ်ငြိမ်းဖြစ်ပါသည်။

အမှတ်- ၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ပုံနှိပ်တိုက်အနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်ရုံးချုပ် ဖုန်း-၀၁-၃၇၉၁၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၅၆၊ ၃၈၄၀၆၆၊ ၃၈၅၁၀၄၊ ၀၉-၅၁၈၀၂၆၂၁၊ ၀၉-၅၁၂၂၅၂၂၈

မန္တလေးရုံးခွဲ - အမှတ်-၈၈၊ ၆၆လမ်း၊ ၃၃/၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉-၇၇၅၅၅၅၃၃၃၊ ၀၉-၇၇၅၅၅၅၄၄၄

---

ဖြူဘာနှာ **ASIA KING**

- ချောင်းသာ (နှစ်ည) 12000
- ငွေဆောင် (သောကြာ) 15000
- ကျိုက်ထီးရိုး (နှစ်ည) 10000

အိမ်အရောက်လက်မှတ်ပို့ဝန်ဆောင်မှု

09-77 85 85 912, 09-43 11 43 01

---

**ASIA DRAGON**

Octoberလ ဈေးနှုန်း ... [အာမခံနှုန်း]

| | |
|---|---|
| ကျိုက်ထီးရိုး | 10000/- |
| ချောင်းသာ | 12000/- |
| ငွေဆောင် | 15000/- |

09 30030030, 09 30030090

---

**ကိုကျော်နိုင် CAR RENTAL**

စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်

ALPHARD, HIACE (အံစာတုံး)

ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။

09 25 358 2510
09 515 8803

https://www.facebook.com/kyawpanda

---

သာသနာ့ရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး (ငြိမ်း) ဦးမောင်မောင်မြင့်ဦးစီးသော

# နာလန္ဒာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

အိန္ဒိယ/ နီပေါလ်နိုင်ငံတို့ရှိ သံဝေဇနီယ၊ အဝိဇဟိတလေးဌာနတို့သို့ ဘုရားဖူးပို့ဆောင်ပေးလျက်ရှိပါသည်။ အသက်သာဆုံးဈေးနှုန်း၊ အကောင်းဆုံးသောဝန်ဆောင်မှုတို့ဖြင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာဖြင့် သွားရောက် ဖူးမျှော်နိုင်ရန် စီစဉ်ထားပါသည်။ ဘုရားဖူးခရီးသည်များမှ စိတ်ချမ်းသာစွာဘုရားဖူးနိုင်ရန် သက်မှတ်ထားသောရက်များအား ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ မိသားစုသီးသန့် ခရီးစဉ်များနှင့် (၁၄)ညအိပ်(၁၅)ရက်ခရီး နှင့် (၇)ညအိပ်(၈)ရက်ခရီး စဉ်များကို ပို့ဆောင်ပေးပါသည်။ (၁၆)ဦးလျှင်(၁)ဦးအခမဲ့ ပေးပါသည်။ ခရီးစဉ်တလျှောက်ဝန်ဆောင်မှုများမှာ စရိတ်ငြိမ်းဖြစ်ပါသည်။ ***Hot Line ph no: 09421082257***

အမှတ်--(၂၂၃) မြေညီထပ်၊ ဗိုလ်တထောင်ဘုရားလမ်း(ထောင်အိုးဝင်လမ်း)၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း--၀၉၄၂၁၀၈၂၂၅၇၊ ၀၉၅၁၃၃၉၈၅၁၀၊ ၀၉၄၂၁၀၈၂၂၅၈၊ ၀၉၅၅၆၂၁၀၈၂၂ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

# ပန်းချစ်သူ

နံ့သာကြူ

သဘာဝအသားအရောင်ရှိ

---

**ဟန်းဂု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း**

အထူးသင်တန်းကြေး (၁) သိန်းကျပ် (အမြဲတမ်း)EPS

စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလျှင်

(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း

www.facebook.com/HANGUK Korean Languages Center

09-784899914,09-784899915

---




---

# NEW GENERATION

Ngapali Beach Tour Packages

| | |
|---|---|
| " Memento " Sea View Package | = 160000/- |
| " Memento " Garden View Package | = 130000/- |
| " Du Won Kyal " Guest House Package | = 110000/- |

Family Holiday Package (Ngapali Beach)

Ph : 09 426887227, 09 426887228

---

# ရွှေနှင်းခံ

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း / နယ်ဝေး

09 770639155
09 773733163

---

**AA ယာဉ်မောင်းသင်တန်း**

အလွယ်တကူကောင်းမောင်းတတ်လိုလျှင်

တစ်နေ့ (၁) နာရီသာ အချိန်ပေးပါ။

အိမ်အရောက်သင်ပေးသည်။

09-43158300, 09-254051326
09-782793551

---

# ဝိုင်းရှင်ကိုယ်တိုင်ရောင်းမည်။

တွန်းကျစ်လမ်းဘေး ရောင်းမည်။ (40'x60')-(150)သိန်း။

(25'x60')-(110)သိန်း။(25'x50')-(80)သိန်း။

Ph:09-252278945,09-799716395,09-421161198


---




---




MPT
ရွှေစကား
၁မိနစ် ၁၀/-
*234*4#
ရွှေစကားအစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁ မိနစ်လျှင် ၁၀ကျပ်သာ ကျသင့်ပါမည်။
CALL CENTER 106
call free
24 hours everyday


mazda
BRAND NEW MAZDA CX-5 ကားများကို ရန်ကုန်လိုင်စင်အပါအဝင် US$ 55,999*
ဖြင့်ဝယ်ယူပြီး TRIPLE PROMOTION ကိုပါထပ်ဆောင်းရယူလိုက်ပါ.....
(အောက်တိုဘာ ၁၉ရက် အထိသာ)
FREE HIGH RESOLUTION BLACK BOX (WORTH US$ 780)
3YEARS FREE MAINTENANCE (WORTH US$ 3,200)
CASH DISCOUNT US$ 2,000*
*TERMS & CONDITIONS APPLY
*TOP UP US$ 999 FOR YGN LICENSE

# တစ်ရွာလုံးမီးရှို့ခံရသည့် ခုံတိုင်ကျေးရွာအတွက် နေအိမ် ၄၇ လုံး တည်ဆောက်ပေးသွားမည်

**မောင်တော အောက်တိုဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မောင်တောဒေသအတွင်း တိုင်းရင်းသားများနေထိုင်နိုင်ရန် အိမ်ရာများတည်ဆောက်ပေးလျက်ရှိသည့်အပြင် ထပ်မံတည်ဆောက်ပေးသွားမည့် အစီအစဉ်များရှိကြောင်း သိရသည်။

"လောလောဆယ်ကတော့ ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်မှာ ကျေးရွာတစ်ရွာလုံးမီးရှို့ခံလိုက်ရတဲ့ ခုံတိုင်ကျေးရွာကို မူလနေရာမဟုတ်ဘဲ လုံခြုံစိတ်ချမှုရှိမယ့်နေရာမှာ နေအိမ် ၄၇ လုံးကို မကြာခင်တည်ဆောက်ပေးသွားပါမယ်။ အောက်တိုဘာ ၁၆ ရက်မှာ ပန္နက်ရိုက်တော့မှာ ဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ ဆက်လက်ဆောက်လုပ်ပေးမယ့် အိမ်ရာတွေကတော့ နန်းရာကိုင်းကျေးရွာမှာ အလုံး ၅၀၊ ဘူးသီးတောင်မြို့နယ် ဇီးတုံကျေးရွာမှာ အလုံး ၅၀ ခွင့်ပြုချက်ရရှိထားပြီး မြေနေရာလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်"ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ကြီးကြပ်ရေးမှူး ဦးခင်မောင်ထွေးက ပြောသည်။

လက်ရှိတွင် ကျောက်ပန္ဒူကျေးရွာ၌ နေအိမ်အလုံး ၁၀၀ မှာ တည်ဆောက်ဆဲဖြစ်ပြီး တည်ဆောက်ပြီးခဲ့သည့် အိမ်ရာများမှာ မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာတွင် ၃၆ လုံး၊ ရွှေဇာဟိုလ်ကျေးရွာတွင် အလုံး ၅၀၊ တောင်ပြိုလက်ဝဲမြို့တွင် ၇၄ လုံး၊ အထက်ပြူးမကျေးရွာတွင် အလုံး ၃၀၊ သရေကုန်းဘောင်ကျေးရွာတွင် ၁၂ လုံး၊ သုခမြိုင်ကျေးရွာတွင် ၃၅ လုံး၊ နန်းရာကိုင်းကျေးရွာတွင် အလုံး ၅၀၊ မြို့သစ်ကျေးရွာတွင် ၂၅ လုံး၊

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ◆



ကျောက်ပန္ဒူကျေးရွာတွင် တည်ဆောက်လျက်ရှိသော အိမ်ရာများအား တွေ့ရစဉ်။

# ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းအပါအဝင် ရတနာပုံ၊ ရောဝတီနှင့် GFA အသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၄**

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

**(တောင်ကြီးကွင်း)**

**ရှမ်းယူနိုက်တက် - တစ်ဂိုး**

**မကွေး - ဂိုးမရှိ**

ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် အဆုံးအဖြတ်သုံးပွဲအနက် ပထမဆုံးပွဲတွင် အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး ချန်ပီယံဆုကို ဆက်လက်မျှော်လင့်နိုင်ခဲ့သည်။ မကွေးအသင်းသည် အဝေးကွင်း၌ အမှတ်ရရန် ရုန်းကန်ခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်းသည် အနိုင်သုံးမှတ်ရရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုအတွက် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် အမှားခံ၍မရသောကြောင့် နိုင်ငံခြားသား ကစားသမားသုံးဦးအပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး မကွေးအသင်းမှာလည်း အဆင့် ၅ အတွင်း ဝင်ရောက်နိုင်ရန် လူစုံထုတ်ပြီးကစားခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းခဲ့ပြီး ၁၃ မိနစ်တွင် ထောင့်ကန်ဘောကို နောက်ခံလူ ပက်ထရစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းကတည်းက

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪



ရှမ်းယူနိုက်တက် အသင်းနှင့် မကွေးအသင်း အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။



# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ရန်ကုန်မြို့ရှိ သမိုင်းဝင်အထင်ကရအဆောက်အအုံများ အများပြည်သူ ပိုမိုသိရှိနားလည်ပြီး တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ အပြာရောင်ကမ္ပည်းပြားများကို တပ်ဆင်ပေးလျက်ရှိရာ ယခုလတွင် ၁၉ ခုမြောက် ကမ္ပည်းပြားကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တော်တော်များများက ရန်ကုန်မြို့မှာ သွားလာနေထိုင်ကြပေမယ့် သမိုင်းဝင်အဆောက်အအုံတွေရဲ့ သမိုင်းကြောင်းနဲ့ အရေးပါပုံတွေကို မသိကြဘူး။ အပြာရောင်ကမ္ပည်းတပ်လိုက်တဲ့အတွက် သူတို့တွေသိလာမယ်။ ကမ္ဘာလှည့်ခရီးသွားတွေ ရန်ကုန်မြို့ဟာ သမိုင်းဝင်အဆောက်အအုံအများကြီးရှိတဲ့ မြို့ပါလားဆိုပြီးတော့ သိလာပြီး ရန်ကုန်မြို့ကို ကမ္ဘာကပါသိလာမှာပါ"ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ စီမံကိန်းမန်နေဂျာ ကိုသူရိန်အောင်က ပြောသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍




မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးကဏ္ဍ

အောက်တိုဘာ ၁၅၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# အရောင်လွင့် တံမိတိုက်များ



■ လွတ်လပ်ရွှေပြည်

သူ့ဒီကားအကောင်းစားကြီးကို ဘယ်အချိန်က ဝယ်မိပြီး ဘယ်လိုမောင်းတတ်နေတာလဲ သူမသိ။ အခုတော့ ဝါရင့်ကားမောင်းသမားကြီး တစ်ယောက်လို "မောင်းထွက်ခဲ့ပြီး သူ့ယာတောကိုလာခဲ့တယ်။ နိုင်လွန်ကတ္တရာလမ်းမကြီးပေါ်ကနေ တောသွားကတ္တရာလမ်းလေးထဲ ချိုးကွေ့ပြီး ငါးမိနစ်လောက် ဆက်မောင်းတော့ သူ့ယာတောကိုရောက်ပြီ။ ယာထဲမှာ နားနေဖို့နဲ့ ယာထဲသုံးတဲ့ပစ္စည်းထားဖို့ ဆောက်ထားတဲ့ အိမ်ရှေ့မှာ ကားကိုရပ်လိုက်ပြီး ကားထဲက တက်ဘလက် မှန်ပြင်လို ကိရိယာလေးကိုယူ၍ လက်နဲ့ဟိုတို့ ဒီထိလုပ်လိုက်ရုံနဲ့ ယာထဲတွင် အသင့်ရပ်ထားတဲ့ မောင်းသူမဲ့ ထွန်စက်ကြီးက အလိုအလျောက် ထစက်နိုးပြီး "တဝူးဝူး တဝေါဝေါ"နဲ့ မောင်းတဲ့သူမပါဘဲ ယာခင်းကို စတင်ထွန်ယက်နေပြီ။

ဒီနှမ်းထယ်ရေးကိုချည်းပဲ အာရုံစိုက်လို့မရ။ ပဲစင်းငုံခင်းကလည်း ပိုးစကျနေလို့ ဆေးဖျန်းလေယာဉ်သမားနဲ့ ချိတ်ဆက်ဖို့ ဖုန်းကိုအထုတ်လိုက် ဟိုဘက်ကလည်းဖုန်းဝင်လာလို့ ကြည့်လိုက်တော့ ရန်ကုန်မှာနေတဲ့ သီးနှံပွဲစားတူဖြစ်သူ မောင်မြင့်သိန်း။ သူ့အရင်နှစ်က ငွေမလိုလို့ မရောင်းဖြစ်သေးတဲ့ ပဲစင်းငုံနဲ့နှမ်းများ ရောင်းထုတ်တော့မှာလားလို့ လှမ်းမေးတာ။ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်တွေက ကမ္ဘာမှာ ထိပ်တန်းဖြစ်လာတဲ့နောက် နိုင်ငံခြားတိုင်းပြည်တွေရဲ့ အလုအယက် ဈေးပြိုင်ပေးဝယ်ယူမှုတွေက ကြောက်ခမန်းလိလိ။ ရေကြောင်း လေကြောင်း သာမက နယ်စပ်ကုန်သွယ်ရေးဂိတ်တွေကအစ ဝယ်ယူချင်တဲ့သူတွေက သူတို့လိုချင်တဲ့ပမာဏအတိုင်း မရသေးလို့ ဈေးပိုပေးမယ်ဆိုပြီး ဝယ်ယူရေးတာဝန်ခံတစ်နည်းအားဖြင့် ပွဲစားတွေကို နီးစပ်ရာ သူတို့ပိုင်ရာနိုင်ရာ တောင်သူတွေဆီမှာ အပူကပ်ပြီး အတင်းဝယ်ခိုင်းကြတာ။ ရောင်းမယ်ဆို အိမ်တိုင်ရာရောက်လာယူမှာ။ သူစဉ်းစားလိုက်ဦးမယ်ဆိုပြီး စကားကိုကြည့်ကောင်းအောင် ပြောလိုက်တယ်။ ဆေးဖျန်းလေယာဉ်သမားကို ဆက်သွယ်ကြည့်တော့ ကိုယ်ဖျန်းချင်တဲ့ရက် သူလည်းအားတော့ အဆင်ပြေတယ်။ မောင်းသူမဲ့ ထွန်စက်ကြီးကတော့ ယာခင်းထဲမှာ "တဝူးဝူး တဝေါဝေါ" နဲ့ ထွန်ယက်နေဆဲ။ သူထယ်ရေးစပ်၊ မစပ် ကြည့်ဖို့ ယာခင်းထဲကို ခြေတစ်လှမ်းအချ သူ့ခြေထောက်ကို တစ်ခုခုကဆွဲလိုက်သလိုလို။ ပြီးတော့ ကြမ်းကိုလက်ဝါးနဲ့ပုတ်သံ၊ သူ့နာမည်ခေါ်သံ။

"ကိုဘကျော် ကိုဘကျော် ဟယ်ဒီလူကြီး ဒီနေ့အိပ်လှပါလားတော် နာရီလေးဘာလေး ထကြည့်ဦးတော့"

ထန်းရွက်မိုး ထရံကာ သုံးခန်းနှစ်ခန်း မြေစိုက်အိမ်လေးကို ခေါင်းရင်းက အဖီချပြီး ဝါးကြမ်းဆင့်လေး ထိုးထားတဲ့ သူ့အိပ်ရာက အိပ်မှုန်စုံမွှားနဲ့ လူးလဲထလိုက်တယ်။ သူ့ခြေရင်းထရံက နာရီကိုကြည့်လိုက်တော့ မနက်လေးနာရီခွဲတောင်ရှိပြီ။ ဘွားတော်ပြောလည်း ပြောချင်စရာ။ ခါတိုင်းဒီအချိန်ဆို နွားစာကျွေးပြီးပြီ။ ဒီနေ့ နှမ်းချရမယ့်နေ့။ ရိုက်ဖက်စဉ်း နွားစာခြောက်လို့ခေါ်တဲ့ ကောက်ကြီးတက်ကတည်းက စက်နဲ့စဉ်းထားတဲ့ ကောက်ရိုးစဉ်းဖက်ကို ညကတည်းက အသင့်ရေဖြည့်ထားတဲ့ စားကျင်းထဲ မြေပဲရိုးခြောက်အနည်းငယ်နဲ့ သမအောင်ရောမွှေပြီး နွားတစ်ရှဉ်းကိုကျွေးလိုက်တယ်။ ပြီးမှ မျက်နှာသစ်၊ သွားတိုက်ပြီး တောထဲယူမယ့် ပစ္စည်းကိရိယာတွေ စုံ၊ မစုံ ပြန်စစ်ရတယ်။ နွားစားကျင်းဘက် တစ်ခေါက် ပတ်ကြည့်ပြီး လိုတဲ့နွားစာဖြည့်ပေးရင်းနဲ့ ငါးနာရီထိုးတော့မှ လှည်းမောင်းပြီး တောထဲ ထွက်ခဲ့တယ်။

လှည်းမောင်းရင်း ညကမက်တဲ့ အိပ်မက် အကြောင်းတွေးမိပြီး သူတစ်ယောက်တည်း ပြုံးရသေးတယ်။ လက်တွေ့ဘဝရဲ့ မွန်းကျပ်မှုတွေကြား ဒီလိုအိပ်မက်ကောင်းလေးဆို သူမနိုးတမ်းမက်ချင်မိတယ်။ မနေ့ညက အိမ်ကို လာလည်တဲ့ ဗဟုသုတလည်းစုံတဲ့ ကျောင်းဆရာလေး ကိုအောင်ကျော်နဲ့ တောင်သူလုပ်ငန်းအကြောင်း စကားစပ်မိလို့ပြောရင်း အစ္စရေးတို့၊ အမေရိကန်တို့အစရှိတဲ့ နည်းပညာတွေ၊ စက်ကိရိယာတွေ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေက တောင်သူလယ်သမားတွေရဲ့ တောင်သူလုပ်ငန်းတွေကို စက်ကိရိယာတွေနဲ့ပဲ လုပ်ကိုင်ဆောင်ရွက်ကြပုံတွေကို ဆရာလေးက ပြောပြတော့ အားကျလိုက်တာ။

ဆရာလေးပြောပြတဲ့ အကြောင်းအရာတွေကို စိတ်စွဲပြီး အိပ်မက်မက်တာနေမှာ။ သူတို့ဆီမှာက နွားကျောင်းသွားတာတောင် ကားပေါ်ကိုနွားတွေတင်ပြီး နွားစားကျက်ရောက်မှ နွားတွေကို ပြန်ဆင်းခိုင်းပြီး နွားကျောင်းတာတဲ့။ ရိတ်သိမ်းတာ၊ စိုက်ပျိုးတာ၊ မျိုးချတာ၊ ဆေးဖျန်းတာကအစ သူတို့က စက်တွေနဲ့ချည်း လုပ်ကြတာ။ ကုန်ကျစရိတ်နဲ့ကိုက်ရဲ့လားလို့မေးမိတော့ ဈေးကွက်ကလည်း သူတို့ဆီမှာက ဈေးကောင်းကောင်းနဲ့ အဆင်သင့်ရှိတာဆိုတော့ ကိုက်တာပေါ့တဲ့။ အစ္စရေးဆို တောင်သူတွေ ကိုယ်တိုင်ကိုက စိုက်ပျိုးရေးပညာရှင်တွေ။ မြန်မာစိုက်ပျိုးရေး ဆင်းကျောင်းသားတွေ အစ္စရေးကို စိုက်ပျိုးရေး ပညာသင်သွားရင် တောင်သူတွေဆီသွားပြီး သင်ရတာတဲ့။ တောင်သူလယ်သမားဆိုတဲ့ နာမည်လေးတူတာက လွဲလို့ ကိုယ်ဆီနဲ့ အရာအားလုံးက မိုးနဲ့မြေလို ကွာခြားတာပါလားလို့ သူအားငယ်စွာ တွေးမိတယ်။

သူတွေးရင်း တောရောက်လာတယ်။ အတွေးတွေကိုဖြတ်ပြီး ကြိုတင်ထယ်ရေးပြင်ထားလို့ နှပ်ပြီးသားထယ်ရေးထဲကို ထွန်ပြန်မွှေ နှမ်းစေ့ကြဲပြီးတော့ ကျမ်းတုံးပြန်အုပ်နဲ့ ထယ်နှစ်ကွင်းလောက် အပြီးမှာ အိမ်က ဘွားတော် ရေနွေးအိုး၊ ထမင်းဆီဆမ်းတောင်းကို ရွက်ပြီး မနက်စာလာပို့တယ်။ နွားနားရင်း သူလည်း စားလိုက်တယ်။ ထမင်းဆီဆမ်းမျှင်ငါးငပိကြော်။ ဒီထမင်းဒီဟင်းလေးနဲ့ မနက်စာ နပ်မှန်အောင်စားရဖို့ ကြိုးစားရတာက မလွယ်ဘူး။ ဘွားတော်လည်း အိမ်မှာနွားချေးကျုံး၊ အငယ်နှစ်ကောင် နေ့လယ်ကျောင်းဆင်းပြန်လာရင် စားသောက်ဖို့ အားလုံးပြင်ဆင်ခဲ့ပြီးပြီ။ ဒီတော့ အခင်းထဲက မြက်ခြောက်လေးကောက်၊ အချဉ်ရွက်လေးခူး၊ ယာခင်းအစပ်ချုံတန်းက ဆူးပုပ်ရွက်၊ ကင်ပွန်းရွက်လေးခူးနဲ့ လုပ်ငန်းတွေ အကုန်ပြီးမှ သူနဲ့အတူတူပြန်တော့မှာ။

နှမ်းကြဲတဲ့လုပ်ငန်းပြီးတော့ နေမွန်းလွဲပြီ။ နာရီပြန်တစ်ချက်လောက်ပေါ့။ လင်မယားနှစ်ယောက်လှည်းကို ခပ်သွက်သွက် မောင်းပြီး အိမ်ပြန်ခဲ့တယ်။ အိမ်ရောက်တော့ ဘွားတော်က သူခူးလာတဲ့ အသီးအရွက်တွေကို ချက်သင့်တာချက်၊ ဟင်းချိုအိုးတည်သင့်တာတည်နဲ့ ဇယ်ဆက်သလိုလုပ်ပြီး ထမင်းစားဖို့ပြင်ဆင်တယ်။ သူလည်း နွားစာကျွေး၊ ရေဖြည့်၊ နောက်တစ်နေ့အတွက် ပြင်ဆင်တာတွေ လုပ်ရတယ်။

"ကိုဘကျော် ထမင်းစားလို့ ရပြီနော်"

ထမင်းဝိုင်းထဲမှာ ချဉ်ပေါင်ရွက်ကြော်၊ ငရုတ်သီးစိမ်းထောင်း၊ ဆူးပုပ်ဟင်းချို၊ ဆယ်တန်းကျောင်းသားဖို့ ရင်အုပ်နဲ့ပေါင်ကို ကြာရှည်စားခံအောင် ကြော်ပို့ပြီး ကျန်တဲ့ တောင်ပံ၊ ခြေထောက်၊ လည်ချောင်း၊ ခေါင်း စတဲ့ဟာတွေကို ကြက်ရည်ချိုလေးချက်ထားတာဆိုတော့ လင်မယားနှစ်ယောက်စားလို့ အတော်မြိန်တယ်။

"သီတင်းကျွတ်ကျောင်းပိတ်လို့ ပြန်ဖွင့်ရင် တော့သမီးအဆောင်ကြေးက သွင်းရဦးမှာနော်"

ဘွားတော်စကားကြောင့် ထမင်းစားပြီးလို့မှ မကြာသေးဘူး ရင်ထဲမှာ အပူလှိုင်းက အထက်တက်လာတယ်။ အေးပါဟာဆိုတဲ့ စကားတစ်ခွန်းကလွဲပြီး သူဘာပြန်ပြောလို့ရမှာတုန်း။ သားသမီးသုံးယောက်ရှိတာ အကြီးမက ဆယ်တန်း။ အလတ်ကောင်က ရှစ်တန်း။ အငယ်ဆုံးကောင်လေးက ငါးတန်း။ ကြီးမြင့်လာတဲ့ အရိတ်အငင် ငှားရမ်းခနှုန်းထားတွေ သီးနှံဝယ်ယူတဲ့ နိုင်ငံကြီးတွေရဲ့ လိုရင်လိုသလို ဈေးကစားမှု၊ ပွဲစားကြီးတွေရဲ့ ခေါင်းပုံဖြတ် အမြတ်ကြီးစားမှုတွေကြောင့် အကျဘက်ကို တစ်ဆက်တည်းထိုးဆင်းနေတဲ့ သီးနှံဈေးတွေနဲ့ ကျောင်းသားသုံးယောက်ရဲ့ နေ့စဉ်မုန့်ဖိုး၊ ကျူရှင်လခ၊ အဆောင်လခတွေအကြား အကျပ်အတည်း အခက်အခဲသောင်းခြောက်ထောင်နဲ့ သူအလူးအလဲ ရပ်တည်နေခဲ့ရတာကြာပြီ။

မိုးကောင်းတောတောင်သူဆိုတာ ရေဝင်အရပ် လယ်သမားတွေလိုကို မဟုတ်ဘူး။ ကိုယ်ဘယ်လောက် ကြိုးစားကြိုးစား မိုးကရွာဦးမှ။ မိုးနည်းရင်လည်းမဖြစ်သလို မိုးများရင်လည်း အဆင်မပြေပြန်ဘူး။ မိုးနဲ့ရာသီဥတု အားလုံးအဆင်ပြေပါပြီတဲ့။ မနှစ်ကဆို အိန္ဒိယက ပဲအဝယ်ကန့်သတ်လို့ဆိုပြီး ပဲစင်းငုံဈေးက သောက်သောက်လဲကျတာ။ နှမ်းတွေကဖိုပြီး အထွက်ယုတ်တဲ့အပြင် ဈေးကလည်း ပြီးခဲ့နှစ်ရဲ့ တစ်ဝက်ဈေး။ မိုးကောင်းတောစပါးဆိုတာကလည်း ရေဝင်ဆည်ရေသောက်အရပ်လို ရောင်းလောက်အောင်လည်းမရသလို ဘယ်တုန်းကများ တခုတ်တရ ဝယ်ကြလို့လဲ။ ကိုယ့်ဝမ်းစာ ကိုယ့်ကြိတ်စားပြီး ပိုတာကို နောက်နှစ် စပါးပေါ်ချိန်ထိခံအောင် ပုတ်ထဲထည့်ပိတ်ထားရုံပဲ။ မြေပဲကလည်း ဝယ်လက်သိပ်မလိုက်လို့ဆိုပြီး ဈေးတစ်ဝက်နီးပါးကျသွားတာ။ ကိုယ်ရောင်းချရတဲ့ ထွက်ကုန်တွေကသာ ဈေးကကျနေတာ ကိုယ်ပြန်ဝယ်ရတဲ့ အဝတ်အစား၊ အသားငါးနဲ့ အခြားအသုံးဆောင်ဈေးက ခေါင်ဆိုက်နေတာ။

မြေပဲစိုက်၊ နှမ်းစိုက်သာ လုပ်နေရတာ ကိုယ့်မြေပဲ၊ ကိုယ့်နှမ်းကို ဆီကြိတ်မစားနိုင်ဘဲ ရသမျှအကုန်ရောင်းပြီး နိုင်ငံခြားက တင်သွင်းတဲ့ ဈေးနည်းစားအုန်းဆီ ဝယ်စားနေရတာ နှစ်တောင်အတော်ကြာပြီ။ ဖောင်စီးရင်း ရေငတ်နေရုံတင်မဟုတ်ဘဲ ရေပါမမြင်ရတဲ့ဘဝ။ ကိုယ့်စားနေတဲ့ စားအုန်းဆီတွေကလည်း ရေသိုးမြောင်း၊ ရေပုပ်မြောင်းထဲမှာ အိုးခွက်ပန်းကန်ဆေးရင်း ရောက်ရှိသွားတဲ့ဆီတွေကို ခေတ်မီကိရိယာတွေနဲ့ စစ်ယူပြီး ဓာတုဆေးဝါးတွေနဲ့ ပြန်လုပ်ထားတာမို့ ဝယ်မသုံးကြဖို့ စာရေးဆရာတစ်ယောက်ရဲ့ ဟောပြောပွဲ ခွေတစ်ခွေမှာ နားထောင်ဖူးတယ်။ ဒါပေမယ့် ရောဂါရပြီး သေမှသေရော ကိုယ်ကဒါပဲတတ်နိုင်တာဆိုတော့ ဒါပဲဝယ်သုံးနေရတာ။ ဒါတောင် အကြွေးက လည်ပင်းမြုပ်နေပြီ။ ရွာတောင်ပိုင်းက အောင်မိုးကတော့ သူတင်တဲ့ အကြွေးတွေကိုရှိတဲ့ မြေယာလှည်းနွားအကုန်ရောင်းဆပ်ပြီး ပိုတဲ့ငွေလေးနဲ့ တစ်ပတ်ရစ် ပုစဉ်းခေါင်းထော်လာဂျီလေးဝယ်ပြီး ရှိမ်းမကားဈေး လိုင်းပြေးလိုက်၊ မြေသယ်၊ ကျောက်သယ်လုပ်လိုက်နဲ့ အခုဆို ရွှေတွဲလဲ ငွေတွဲလဲ။ သူ့လိုလည်း ကိုယ်က ကြံ့ရည်ဖန်ရည်မရှိတော့ အခက်သား။

အစိုးရတွေ၊ ခေတ်တွေ၊ စနစ်တွေ ဘယ်လိုပြောင်းပြောင်း ကျေးဇူးရှင်တောင်သူဦးကြီးများလို့ တင်စားခေါ်ဝေါ်ကြတဲ့ တောင်သူလယ်သမားတွေဘဝက တဖြည်းဖြည်း နစ်သထက်နစ်လာခဲ့တယ်လို့ သူထင်တယ်။ လယ်သမားတွေ အဆင်ပြေဖို့ ဘာစီမံကိန်း၊ ညာစီမံကိန်းနဲ့ အသံတွေသာထွက်လာတယ်။ လယ်သမားတွေဆီကို ရောက်မလာဘူး။ ဘယ်အစိုးရ အဖွဲ့အစည်းတက်တက် ကိုယ့်အစိုးရပဲလို့ သူ့လိုတောင်သူလယ်သမား အများစုက သဘောထားကြပေမယ့် တောင်သူတွေဘဝကတော့ ခုထိအပစ်ပယ်ခံဘဝလို့ သူခံစားရတုန်း။ ဘာပဲလုပ်ကြလုပ်ကြပါ။ ဟိုတုန်းက သူခိုးဓားပြကြောက်ပြီး ခေါင်းပြားအောင် မအိပ်ရတဲ့ ဘဝထက်စာရင် အခုလို သူခိုးဓားပြကင်းကင်းနဲ့ အေးအေးချမ်းချမ်း နေရတာအတွက်တော့ တော်သေးတယ် ပြောရမှာပေါ့။ ဒုက္ခ၊ သောကနဲ့ ပင်ပန်းမှုတွေကတော့ မွေးရာပါဒဏ်ရာတစ်ခုလို ဖြစ်နေတော့ သူမမှုတော့ပါဘူး။ ညည်းပြနေတော့လည်း သူလိုကိုယ်လိုဘဝတွေဆိုတော့ တောင်မင်းမြောက်မင်း မကယ်နိုင်ဆိုတဲ့ အဖြစ်။တစ်နှစ်ထက်တစ်နှစ် ကိုယ့်မြေနဲ့ ကိုယ့်ခိုင်းနွားလေး ပြုတ်မသွားအောင် မသေရုံတစ်မယ် စားသောက်နေကြရတာ။ ကိုယ်ကပညာမဲ့ဘဝမို့ နဖူးကချွေး ခြေမကျမှ ဝမ်းတောင်မဟား တရားဝတဲ့ အဖြစ်မျိုးဆိုတော့ ကိုယ်လိုဘဝမျိုး မရောက်ရလေအောင် မွေးထားတဲ့ သားသမီးအားလုံးကိုတော့ ပညာတတ်ကြီးတွေဖြစ်ပြီး မတောင့်မတဘဝလေးနဲ့ သူတို့ဘဝရပ်တည်နိုင်ဖို့အရေး သူဘယ်လောက်ပင်ပန်းပင်ပန်း ကြိုးစားရတာကို သူကျေနပ်တယ်။ ဒါက သူ့ရဲ့အဓိကအကျဆုံး ရည်မှန်းချက်ပန်းတိုင်ပဲ။

"ကိုဘကျော်. . . ကိုဘကျော်"

"အေး. . . ပြောဟ"

"ကျုပ်ကပ်ခေါ်နေတာ ကြာပြီတော် ဘာတွေ ဒီလောက်တွေးနေတာတုန်း"

"ဟိုရောက်ဒီရောက်ပါပဲဟာ"

သူသက်ပြင်းရှည် တစ်ချက်ကို ဘွားတော်မသိအောင်ခိုးချရင်း ဟိုရောက် ဒီရောက်တွေးနေတဲ့ စိတ်တွေသူ့ဆီပြန်ရောက်လာတယ်။ အရင်နှစ်က သီးနှံဈေးမကောင်းတဲ့အပြင် အထွက်ပါယုတ်လို့ ဘဏ်ဆပ်ချိန် ဆပ်စရာမရှိတော့ တစ်ရာခုနစ်ကျပ်တိုးနဲ့ သူများဆီက ယူဆပ်ထားရတာ။ ဒီနှစ်လည်း အိန္ဒိယက ပဲဝယ်ထပ်ပြီး ကန့်သတ်လို့ ပဲစင်းငုံခင်းအခြေအနေက ကောင်းပေမယ့် ပဲစင်းငုံဈေးက အခြေအနေ မကောင်းဘူး။ ပဲစင်းငုံမှမချရင်လည်း ဘာသီးနှံချရမှန်းမသိတော့၊ ဒါပဲချထားရတာ။ နှမ်းဆိုတဲ့သီးနှံကလည်း မိုးလေအတော်အဆင်သင့်မှရတဲ့အမျိုး။ အခင်းထဲကနေ တလင်းထဲရောက်နေတာတောင် နှမ်းပုံဖျက်မိုးဆိုတာ ရွာလိုက်ရင် ဆုံးရှုံးမှုများပြီး အရှုံးပြပြန်ရော။

သီးနှံပေါ်ချိန်တိုင်း သီးနှံဈေးကောင်းပါစေ၊ အကြွေးကျေပါစေလို့ ဆုတောင်းရတာ အမော။ ငွေပိုလေးထွက်လာရင် ဂွန်ဒေါင်းတို့ ရွှေကျွဲတို့လို သုံးဘီးထွန်စက်လေး အရစ်ကျ ဝယ်ချင်တာ အရှုံးတစ်ပိုင်းကိုဖြစ်လို့၊ ရည်မှန်းထားတာ သုံးလေးနှစ်ရှိပြီ။ လိုက်လေ ဝေးလေဖြစ်ပြီး မဝယ်နိုင်တဲ့အပြင် အခုအကြွေးတောင် အတော်ပတ်နေပြီ။ ကျောင်းသားသုံးယောက်ရဲ့ ကျောင်းထားစရိတ်၊ ဘော်ဒါကြေးတွေနဲ့ဆို မွေးထားတဲ့ လက်လန်ချော ဝက်လေးနှစ်ကောင်နဲ့ ခိုင်းနွားလေးတစ်ရှဉ်း ရောင်းတာတောင် လောက်ပါ့မလား။ မလောက်ရင်တော့ ရွာနားက ယာကွက်လေးပြုတ်ဦးမယ်ထင်တယ်။ သူ့ရင်ထဲမှာ မီးစထက်ဆိုးတဲ့အပူတွေ တဟီးဟီးတောက်လောက်နေတာ အတော်ကြာပြီပဲ။ ဘွားတော်နဲ့ သားသမီးတွေကိုတော့ သူ့အပူတွေ မကူးစက်စေချင်လို့ ပြောမပြဘူး။ အခုတလော ညညတော်တော်နဲ့ အိပ်မပျော်တာလည်းကြာပြီပဲ။ အတွေးတွေများပြီး အခက်အခဲအကျပ်တည်းတွေက ဖြေရှင်းရခက်ပြီး ပိတ်လှောင်ခံထားသလို ခံစားလာရရင် "ပစ္စည်းသခၤါရ လူသခၤါရ ပါပဲလို့ " သူနာနာကြည်းကြည်း တစ်ချက်တွေးလိုက်မိပါတော့တယ်။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# ကမ္ဘာကြီးထဲက ဖုန်းတစ်လုံး ဖုန်းတစ်လုံးထဲက ကမ္ဘာကြီး

## ကိုးငယ်မင်း(လယ်ဝေး)

အင်တာနက်ခေတ်ကြီးမှာ ဆိုရှယ်မီဒီယာတွေဆိုတာက တော့ လူငယ်တွေသာမကတော့ဘဲ လူကြီးတွေ ကြားမှာပါ ရေပန်းစား လွှမ်းမိုးနေပါပြီ။ ဆိုရှယ်မီဒီယာတွေသုံးတာ မကောင်းဘူးလို့ မဆိုလိုပါ။ ကျွန်တော်လည်း သုံးတာပါပဲ။ သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေး။ ဆေးလိုသုံးတတ်ရင် ကိုယ့်အတွက် အလွန်ကောင်းမွန်တဲ့ ရလဒ်တွေချိတ်ဆက် မှုတွေ ရလာတတ်ပေမယ့် မသုံးတတ်ရင်တော့ ဖုန်းဘေကုန်၊ အချိန်ကုန်၊ ငွေကုန်ပြီး အနာဂတ်တွေကို ရိုက်ချိုးပစ်နိုင် ပါတယ်။

ကျွန်တော် ဆိုရှယ်မီဒီယာတွေ သုံးလိုက်တာကြောင့် ဟိုးငယ်ငယ်တုန်းက သူငယ်ချင်းဟောင်းတွေနဲ့ ဆိုရှယ် မီဒီယာကတစ်ဆင့် ပြန်လည်ဆုံစည်းခွင့်ရခဲ့တယ်။ ပြီးတော့ ခေတ်ကာလရဲ့ အချိတ်အဆက် အသွယ်တွေနဲ့ပဲ အချိန်နဲ့ တစ်ပြေးညီ သတင်းတွေ ဗဟုသုတအချက်အလက်တွေ တွေ့ရှိခဲ့တယ်။ အခုလို အင်တာနက်ခေတ်ကြီးမှာ ကိုယ် လိုချင်တဲ့ အကြောင်းအရာတွေကို စာရိုက်ပြီး ရှာလိုက် တာနဲ့ တွေ့နိုင်၊ မြင်နိုင်နေကြပါပြီ။ ဥပမာအားဖြင့် နည်း ပညာနဲ့ ပတ်သက်တဲ့ လေ့လာစရာတွေ၊ အလုပ်နဲ့ပတ်သက် တာတွေ၊ အလုပ်အကိုင်ရှာဖွေရေးတွေနဲ့အတူ အိမ် လှဆင်နည်း၊ စက်မှုလက်မှု(ပန်းထိုးနည်း၊ အင်္ကျီချုပ်နည်း၊ အင်္ကျီချုပ်ပုံ) စတာတွေကအစ အချိန်နဲ့တစ်ပြေးညီ ရှာဖွေ နိုင်ပါပြီ။

အင်တာနက်သုံးတာ မကောင်းဘူး၊ ဆိုရှယ်မီဒီယာ တွေက မကောင်းဘူးဆိုတာထက် တကယ်တော့ သုံးစွဲ သူတွေ မကောင်းအောင် သုံးစွဲရင် မကောင်းတာဖြစ်မှာပဲ။ အဓိကက သုံးစွဲသူအပေါ်မှာပဲ မူတည်ပါတယ်။ ဒါဟာ အင်တာနက်တွေမှ မဟုတ်ပါဘူး။ အခြား အခြားသော အရာတွေမှာလည်း မိမိက ကောင်းမွန်အောင် သုံးစွဲတတ်မှ ကောင်းမွန်မှာပါ။ ဓားတစ်ချောင်း သစ်ပင်ချုံနွယ်တွေကို ခုတ်ထစ်နိုင်သလို မကောင်းတာပြုလုပ်ဖို့အတွက်လည်း အသုံးပြုနိုင်ပါတယ်။ အဲ့ဒီဓားကို ကိုင်တွယ်နေတဲ့ လူ အပေါ်မှာပဲ မူတည်ပါတယ်။

တချို့က လူမှုကွန်ရက်ပေါ်မှာ ဆဲကြ ဆိုကြ ပုတ်ခတ်ကြတဲ့သူတွေက ဒုန်းဒေး မြင်နေရပါတယ်။ ဒီလို လုပ်ရပ်တွေက ကိုယ့်ပေါင်ကိုယ်ပြန်လှန်ထောင်းနေသလို အချိန်ကုန်၊ ငွေကုန်ပြီး ကိုယ့်အဆင့်အတန်းကို နှိမ့်ချ နေသလိုပါပဲ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ ဒီစကားက သိပ်ကို ရိုးစင်းကောင်း ရိုးစင်းနေလိမ့်မယ်။ ဒါပေမယ့် လိုက်နာတတ်ရင် သိပ်ကိုတန်ဖိုးရှိတဲ့ စကားလုံးပါပဲ။ ကောင်းကောင်းအသုံးချတတ်ရင် သိပ်ကိုတန်ဖိုးရှိပါတယ်။

မြန်မာနိုင်ငံမှာ ဖုန်းတွေ လူအတော်များများကိုင်နိုင် နေကြပါပြီ။ အထူးသတိပြုစေချင်တာကတော့ လူကြီး မိဘတွေပါပဲ။ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို ဖုန်းပေးမသုံးစေချင်ပါ။ မိမိတို့အတွက် ဖုန်းတစ်လုံးက ကွန်ရက်တွေကို ဆက်သွယ်နိုင်ပေမယ့် မိမိသားသမီးတွေ လက်ထဲရောက်သွားရင်တော့ ပညာရေးဆိုတဲ့ အနာဂတ် ကို ရိုက်ချိုးဖို့ လက်နက်တစ်ခု ပေးလိုက်သလိုဖြစ်သွား ပါလိမ့်မယ်။ အနာဂတ်မှာ ဆရာဝန်လား၊ အင်ဂျင်နီယာလား ဆိုသော ကောင်းမွန်လှတဲ့ အနာဂတ် ကောင်းကင်ကြီးကို ဖုန်းတစ်လုံးနဲ့ အမှောင်မချစေလိုပါ။ ပညာသင်ရမယ့် အချိန်မှာ ဖုန်းတစ်လုံးကြောင့် ပညာရေးတစ်စပဲ့သွားမှာကို မဖြစ်စေချင်။

အလားတူ အရွယ်ရောက်ပြီဖြစ်ကြတဲ့ သူတွေကလည်း စဉ်းစားချင့်ချိန်တတ်တဲ့ အရွယ်ရောက်နေကြပြီမို့ ဖုန်း တစ်လုံးသာမက အရာအားလုံးအပေါ် သုံးစွဲမှုမှန်ကန် အောင် သုံးတတ်ဖို့ အများကြီးလိုအပ်ပါလိမ့်မယ်။

အင်တာနက်သုံးတာကိုတော့ မကန့်ကွက်လိုပါဘူး။ ဆိုရှယ်မီဒီယာတွေ အသုံးပြုတာ မပြောလိုပါဘူး။ နည်းပညာ ခေတ်ကြီးမှာ အင်တာနက်ဆိုတာ မရှိမဖြစ်လိုလာကြပြီ မဟုတ်ပါလား။ ဆိုရှယ်မီဒီယာတွေကြောင့် ချစ်သော မိတ်ဆွေများနဲ့ ချိတ်ဆက်နိုင်တာ မဟုတ်ပါလား။ ကမ္ဘာကြီးကို ရွာကြီးတစ်ခုဖြစ်အောင် ချိတ်ဆက်နိုင်တဲ့ အင်တာနက်ကို သုံးစွဲကြတာ မမှားပါ။ ဒါပေမယ့် ဖုန်း တစ်လုံးကို ကမ္ဘာကြီးတစ်ခုလို့တော့ မမြင်စေလိုပါ။

## ခေါင်းလောင်းသံလေးကြားချင်တယ်

ခေါင်းလောင်းလေးတွေ မြည်နေပြီ<br>
ကျောင်းကြီးတက်တော့မည်<br>
သွားမယ်ညီညီ စုဝေးလျက်<br>
စာတွေသင်မခက်။<br>
အညွန့်အတက် ငယ်ရွယ်သူ<br>
စာတွေသင်ကာယူ<br>
နောင်အတူသာ ဘွဲ့တွေရ<br>
ထူးချွန်လုတယ်ဗျ။<br>
ဘွဲ့တွေရလာ နောင်တစ်ချိန်<br>
အလင်းရောင်တွေထိန်<br>
သည်အချိန်မှာ အောင်မြင်လုမ်း<br>
ပန်းတိုင်ရွှေရောင်လွှမ်း။<br>
မြည်သံဆန်းတဲ့ ခေါင်းလောင်းသံ<br>
နားထဲကြားယောင်ပြန်<br>
သိပ်ကိုဟန်တဲ့ အသံလေး<br>
တစ်သက်ကြားချင်သေး။ ။

ဝင်းကျော်ကျော်(ပျဉ်းမနား)

## ရှာပန်းချီ

ဆည်းဆာကညို<br>
မေပျိုရုက်မြဲ<br>
သည်းကာလုပို<br>
ရေချိုခပ်မြဲ<br>
ကိုလူပျို ပလွေတေးက<br>
ထွေးပိုက် ချူ ဝဲ။<br>
ခရေကဝေ<br>
နေပါဘီလေး<br>
လေပြည်ကစွေ<br>
ထွေပါဘီလေး<br>
ထနောင်းထက်မှာဖြင့်<br>
ကျေးငှက်တီတာမြည်လို့<br>
ချစ်ခွန်းသီ တိမ်ပလီတို့<br>
ဣန္ဒနီ ရောင်စုံကျင်းချိန်မို့<br>
ဖန်ဆင်းကာ ဘယ်ဆီလွင့်ပေလိမ့်<br>
ရင်နင့်အောင်ငေး။ ။

ပိုင်(ဆေး-၁)

## ငွဲ့နင့်ကြိုးစား

ငယ်ရွယ်စဉ် အချိန်မှစ<br>
ကြိုးစားကြ မြတ်ပညာ။<br>
နောင်တစ်ချိန် ဘဝလမ်း<br>
အေးချမ်းဖို့ရာ။<br>
တိုးတက်မှုလမ်းစရှာ<br>
ဉာဏ်ကူကာ လုံ့လထား။<br>
ရည်ရွယ်ရာ ပန်းတိုင်နန်းကိုလ<br>
မျှော်မှန်း၍ လျှောက်လှမ်းပါကွယ်<br>
နည်းပညာဖွေရှာစုလို့<br>
စူးစမ်းမှု ဉာဏ်လွှမ်းခြုံကာ<br>
ကြုံတွေ့လာ အခက်ခဲကိုဖြင့်<br>
ငွဲ့နင့် ကြိုးစား။ ။

သက်မွန်(မော်ကျွန်း)

## ရှာဘုရားပွဲ

ထုံးစေတီလေး ဖွေးဖွေးလွှင်<br>
တို့ရဲ့ရွာအဝင်။<br>
ထနောင်းပင်တွေ ဘယ်ညာတန်း<br>
ရွာထဲဝင်တဲ့လမ်း။<br>
ကုသိုလ်ထူးနဲ့ ဒီချိန်ခါ<br>
အားလုံးပျော်ရွှင်စွာ။<br>
အခါတော်မီ ရာသီပွဲ<br>
မောင်မယ်တူစုံနွဲ။<br>
ကာလသားများ ညာသံပြိုင်<br>
အိုးစည်ဝိုင်းက မြိုင်<br>
ရွှေရိုး ဒေါ်မိုး ကကွက်စုံ<br>
မြန်မာ့ရိုးရာဂုဏ်။<br>
အားလုံးပေါင်းစု ပျော်ရွှင်ကြ<br>
ရွာဘုရားပွဲမြိုင်ဆိုင်လှ။ ။

ဖင်မင်း(မြို့သာ)

ဆောင်းပါး

# အိုအေစစ်ကမ္ဘာလေးဆီသို့

## သမိုင်း(တံတားဦး)

"စာမဖတ်တဲ့ စာကြည့်တိုက်မှူးဟာ ရေမရှိတဲ့ ရေတွင်းနဲ့ တူတယ်။ စာဖတ်သူမရှိတဲ့ စာကြည့်တိုက်ဟာ သဲကန္တာရနဲ့ တူတယ်။ စာဖတ်တဲ့ စာကြည့်တိုက်မှူးရှိတဲ့ စာကြည့်တိုက် ဟာ အိုအေစစ်"

**ခင်သီတာလတ်(စာ/သု)**

ရတနာပုံတက္ကသိုလ် စာ/သု ကထိက ဒေါ်ခင်သီတာ လတ်ရဲ့အတွေးအခေါ်ကိုဖတ်ပြီး ကိုယ်တွေ့ခဲ့ရတဲ့ ရေမရှိ တဲ့ ရေတွင်းတွေအကြောင်း၊ သဲကန္တာရတွေအကြောင်း၊ အိုအေစစ်အကြောင်းတွေကို ပြန်လည်တွေးမိတယ်။ အများစုက စာကြည့်တိုက်တစ်တိုက်ဖြစ်ဖို့ ကြိုးစားကြတယ်။ စာဖတ်တဲ့ စာကြည့်တိုက်မှူးခန့်အပ်ဖို့ မစဉ်းစားသလို၊ စာဖတ်သူလာအောင် ဆွဲဆောင်ဖို့ မေ့လျော့နေကြတာ များပါတယ်။ ရေမရှိတဲ့ ရေတွင်းဖြစ်နေမလား၊ သဲကန္တာရ ဖြစ်နေမလား၊ အိုအေစစ်ကမ္ဘာလေးဖြစ်နေမလားလို့ ပြန်လည်သုံးသပ်မှုကျ ချို့တဲ့သွားတယ်။

အစကောင်းမှ အနှောင်းသေချာတယ်ဆိုတာလည်း အဆုံးကောင်းမှလို့ သူငယ်ချင်းပေးတဲ့ မှတ်ချက်ကိုပါ သတိရမိတယ်။ စာရေးသူရဲ့ပတ်ဝန်းကျင်ဟာ အများစုက စာကြည့်တိုက်မှူးတွေ ဖြစ်နေတော့ စာကြည့်တိုက်ပြဿနာ က တစ်ခုမဟုတ် တစ်ခုကြားရပါတယ်။ စာဖတ်သူမရှိတဲ့ အကြောင်း၊ စာအုပ်မရှိတဲ့ အကြောင်း၊ ဘဏ္ဍာရေးအခြေ အနေမကောင်းတဲ့အကြောင်း ဒါတွေကတော့ အများဆုံး ကြားရတယ်။

ဒါပေမယ့် စာကြည့်တိုက်မှူးတွေရဲ့ လိုအပ်ချက်တော့ မကြားရပါဘူး။ ဆရာမရဲ့ အာဘော်အရဆို ရေမရှိတဲ့ အကြောင်းမကြားရဘူးပေါ့။

မှန်ပါတယ်။ ရေမရှိတဲ့ ရေတွင်းကို မည်သူကမှ ရေလာခပ်မည် မဟုတ်ပါ။ ရေရှိစေတော့ ရေကောင်း ရေသန့်မှ လူသုံးများမည်မဟုတ်လား။ ဒီအကြောင်းအရာကို စာရေးသူ အပါအဝင် စာကြည့်တိုက်မှူးများ သတိထားဖို့ လိုပါတယ်။ စာမဖတ်တဲ့ စာကြည့်တိုက်မှူးဖြစ်နေပါက ရေမရှိတဲ့တွင်းလို ပတ်ဝန်းကျင်က အသုံးချနေမည် မဟုတ်ပါ။ ဒါကြောင့် ရေများများရှိဖို့ စာကြည့်တိုက်မှူးများ ကြိုးစားရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက စာဖတ်သူ မရှိတဲ့ စာကြည့်တိုက်ဟာ သဲကန္တာရတဲ့။ လုံးလုံးကြီးကို ခြောက်ကပ်သွားပြီး သဲကန္တာရဆိုတာ ဘာအပင်မှ စိုက်ပျိုး လို့မရသလို၊ ဘာမျိုးစေ့မှ ဖြစ်ထွန်းတဲ့ နေရာမဟုတ်ပါ။ ဒီတိုင်းပါပဲ၊ စာဖတ်သူမရှိတဲ့ စာကြည့်တိုက်ဖြစ်နေပါက ဘာတိုးတက်မှုမှ မပေးနိုင်သလို၊ ဘာဖြစ်ထွန်းမှုမှ ထွက်ပေါ်လာမှာမဟုတ်ပါ။

သဲကန္တာရဆိုတဲ့ စကားလုံးနဲ့ပတ်သက်ပြီး ရေလာ မြောင်းပေးဆိုတဲ့စကားလေးကိုပါ ထပ်ပြီး သတိရမိတယ်။ သဲကန္တာရဖြစ်နေတဲ့ စာကြည့်တိုက်များ စိတ်မညစ်ကြပါနဲ့၊ စိတ်ဓာတ်မကျပါနဲ့၊ မြောင်းပေးရင် ရေလာပါတယ်ဆိုတာကို ယုံယုံကြည်ကြည် အသုံးချပေးကြပါ။ နောက်ဆုံးတစ်ချက် ကတော့ စာဖတ်တဲ့ စာကြည့်တိုက်မှူးရှိတဲ့ စာကြည့်တိုက် ဟာ အိုအေစစ်တဲ့။ ရှေ့မှာ အပြစ်တွေပြပြီး နောက်ဆုံး အကျိုးကို ပြသွားတယ်။ စာရေးသူနဲ့အတူ စာမဖတ်တဲ့ စာကြည့်တိုက်မှူးများ လိုက်နာဖို့ လိုပါတယ်။ မိမိဦးဆောင် နေတဲ့ စာကြည့်တိုက်ကို ရေမရှိတဲ့ ရေတွင်းအဖြစ်ခံမလား၊ သဲကန္တာရ အဖြစ်ခံမလား။ ဒါမှမဟုတ် စိမ်းလန်းစိုပြည် အေးမြမှုပေးတဲ့ အိုအေစစ်ကမ္ဘာလေး အဖြစ်ခံမလားဆိုတာ မိမိတို့ဘာသာ ဆုံးဖြတ်ဖို့ပါပဲ။ အဖြစ်သင့်ဆုံးနဲ့ အဖြစ်ထိုက် ဆုံးက အိုအေစစ်ကမ္ဘာလေးပေါ့။ စာကြည့်တိုက်မှူးများ စာများများဖတ်ပြီး စာပေချစ်သူများ တိုးပွားလာအောင် စွမ်းဆောင်နိုင်ဖို့လည်း အများကြီးမျှော်လင့်ပါတယ်။ စာဖတ်တဲ့ စာကြည့်တိုက်မှူးကတစ်ဆင့် စာဖတ်သူများ တိုးပွားလာတယ်ဆိုတာလည်း စာကြည့်တိုက်တာဝန်ခံများ သတိထားမိဖို့ လိုတယ်။ ဒီလိုမှပဲ မိမိတို့ တည်ထောင်ထားတဲ့ စာကြည့်တိုက်ဟာ ဒေါ်ခင်သီတာလတ်ပြောတဲ့ အိုအေစစ် ကမ္ဘာလေးတစ်ခု ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ ။

## ဟေမာန်အလှ

မြောက်ပြန်လေခ နှင်းပွင့်လှ<br>
ငှက်သပိတ်လွယ် ဆောင်းတေးသွယ်<br>
ကြွယ်တယ်လေ့ ကြွယ်တယ်လေး။<br>
ပန်းမြတ်တော်ဝင် ငွေသဇင်<br>
မြန်ခွင်အလှ ဆင်မြန်းသ<br>
ပြတယ်လေ့ ပြတယ်လေး။<br>
လယ်မြေသခင် ပြုံးပျော်ရွှင်<br>
ကောက်ပင်ရိတ်သိမ်း ငွေလျှံကိန်း<br>
ထိန်းတယ်လေ့ ထိန်းတယ်လေး။<br>
ဆောင်းနှင်းမှုန်ရီ ချမ်းတုန်ပြီ<br>
ဝေ့သီယှက်သန်း နှင်းငွေ့တန်း<br>
လွှမ်းတယ်လေ့ လွှမ်းတယ်လေး။<br>
ဆောင်းရာသီမှာ ဒို့ပြည်ရွာ<br>
သာယာလှပ စိမ်းစိုမြ<br>
လှတယ်လေ့ လှတယ်လေး။ ။

ဖြူလေး(လယ်ဝေး)

ဝတ္ထုတို

# စိတ်...မသတ်ရ

■ မေဂျူးငယ်



ကျုပ်ကိုအစွဲအလမ်းကြီးတယ်ပြောပြော တစ်ယူသန်တယ်ဆိုဆို လူတစ်ကိုယ်အကြိုက်တစ်မျိုးလေ။ ကျုပ်ကိုက မစွန့်လွှတ်နိုင်တာ။ ကျုပ်အသက်(၁၂)နှစ်ထဲက စပယ်ယာလုပ်လာတာ။ အဖေ့ရဲ့အမွေဆိုလည်း မမှားဘူးပေါ့။ အဖေက ကျုပ်ငယ်ငယ်လေးထဲက အလုပ်ထဲခေါ်သွားနေကြ။ အဖေ့အလုပ်ဆိုတာ လိုင်းကားမောင်းတာလေ။ အဖေကားမောင်းတဲ့ဘေးမှာထိုင်ပြီး ရန်ကုန်မြို့ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို မြင်နေရတာကိုက ကျုပ်ကို အရသာ တွေ့စေတာ။

အဖေကတော့ ကျောင်းထားပေးပါတယ်။ ဒါပေမယ့် ကျုပ်က ကျောင်းမှမနေချင်တာ။ ကျုပ်ပညာရေး မထူးချွန်တော့ အငယ်တွေကို နေရာပေးလိုက်တာလည်းပါတာပေါ့။ ဒါကြောင့် ကျုပ်အသက်(၁၂)နှစ်မှာ အဖေ့ကားမှာ အကူစပယ်ယာပေါက်စဖြစ်ခဲ့တယ်။လူကြီးစပယ်ယာကြီးတွေထက် ကျုပ်က လမ်းကြောင်းပိုကျွမ်းနေတာကိုး။

အဖေ့ကားဆိုတာ အဖေပိုင်တဲ့ကားမဟုတ်ပါဘူး။ အုံနာဆီက ယူမောင်းရတာ။ ဒါပေမယ့် အုံနာကြေးပေးပြီး ပိုတာစပယ်ယာနဲ့ ဝေစား မျှစားပေါ့။ အဖေ့ကားဆို အားလုံးက လိုက်ချင်ကြတယ်။ လိုက်ချင်မှာပေါ့ အဖေက လက်ဖွာတာကိုး။ အခြေခံလူတန်းစားလို့ပဲခေါ်ခေါ်။ အောက်ခြေလူတန်းစားလို့ပဲ သတ်မှတ်သတ်မှတ်။ ကျုပ်တို့ဘဝတွေဆိုတာ ဘဝတူချင်းပဲစာနာနိုင်တာ။ ကလေးကျောင်းစရိတ်ဆိုတာနဲ့ အဖေကပေးပြီးသား။ အဖေက ပညာရေးကို အားပေးတယ်။ ကလေးတွေကို ခိုင်းစားတာ မကြိုက်ဘူး။ ကျုပ်တောင်ပြောမရလို့လွှတ်ထားတာ။

ဒီလိုနဲ့အဖေက ကျုပ်ဒီလိုင်းကားလေးကို သံယောဇဉ်ရှိပုံကြည့်ပြီး အဖေ့ရဲ့အမွေ ကားမောင်းခြင်းအတတ်ပညာကို သင်ပေးခဲ့တယ်။ ကျုပ်ငယ်ငယ်ထဲက အဖေ့ဘေးက အဖေကားမောင်းတာ ထိုင်ကြည့်လာတာ။ ကိုယ်တိုင်ဝင်မမောင်းဖူးပေမယ့်လေ။ ကျုပ်က ပညာရေးသာ မထူးချွန်တာ ကျုပ်ကိုသင်ရတာလွယ်တယ်လို့ အဖေကပြောတယ်။ ကျုပ်ကလည်း ဒရိုင်ဘာဆိုတဲ့ခုံကြီးမှာ မိန့်မိန့်ကြီး ထိုင်ချင်နေတဲ့သူဆိုတော့ ကြိုးစားရတာပေါ့။ ဒီလိုနဲ့ ကျုပ်အသက်(၂၀)အရွယ်မှာ ကားမောင်းလိုင်စင်ရခဲ့တယ်။ အဖေက စိတ်ရင်းကောင်းပေမယ့် ကားသမားသဘာဝ အသောက်အစားတော့မကင်းဘူး။

အဲဒီနေ့က မိုးတွေ တဖွဲဖွဲရွာနေတယ်။ ကျုပ် အဲဒီနေ့လေးကို ဘယ်တော့မှမမေ့ဘူး။ ဘာလိုလဲဆိုရင် ကျုပ်ကို အုံနာက ကားတစ်စီးကို ကိုယ်တိုင်မောင်းခွင့်ပေးလိုက်လို့ပါ။ ကျုပ်ပျော်လိုက်တာအရမ်းပဲ။ တစ်နေကုန် မြို့ထဲအနှံ့ ကျုပ်ထိုင်ချင်တဲ့ ဒရိုင်ဘာဆိုတဲ့ခုံကြီးမှာ ထိုင်မောင်းနေရတာလေ။ ဒါပေမယ့် ကျုပ်ပျော်ရွှင်မှုက ကြာရှည်မခံခဲ့ပါဘူး။ ကျုပ် အုံနာကိုငွေရှင်း၊ နောက်လိုက်စပယ်ယာလေးတွေကို ပိုက်ဆံရှင်း၊ သူတို့သောက်စားချင်တယ်ဆိုလို့ ငွေပိုပေးခဲ့ရသေးတယ်။

ကျုပ်ငယ်ငယ်ထဲက အကျင့်တစ်ခုရှိတယ်။ အရက်လုံးဝမသောက်တတ်တာ။ ခါးဖန်ဖန်အရသာက ကျုပ်အတွက် ခံတွင်းမတွေ့လှပါဘူး။ ဒါပေမယ့် ကျုပ်က ကွမ်းဝါးရတာတော့ကြိုက်တယ်။ ဒီလိုနဲ့ ကျုပ်ရဲ့ပထမဆုံးလုပ်ငန်းခွင်ကရတဲ့ဝင်ငွေနဲ့ အိမ်က အမေနဲ့ မောင်ညီမလေးတွေအတွက် ခေါက်ဆွဲကြော်ဝင်ဝယ်လိုက်တယ်။ ကျုပ်ကြိုက်တဲ့ ကွမ်းထုပ်လေးလည်း ဝယ်ရင်းပေါ့။

ဒါပေမယ့် ကျုပ်ရဲ့ ခေါက်ဆွဲကြော်ထုပ်လေးတွေကို စားမယ့်သူမရှိခဲ့ဘူး။ အဖေလေ ကားတိုက်ခံရလို့တဲ့။ အဖေ့သက်တမ်း (၅၀)ကျော်မှာ အဖေကိုယ်တိုင်မောင်းတဲ့ကား တစ်ခါမှ မတော်တဆမဖြစ်ဖူးသလို လမ်းချော်တာတောင် မဖြစ်ခဲ့ဖူးဘူး။ ခုက လမ်းချော်လာတဲ့ကားက အဖေ့ကို ဝင်တိုက်သွားတာ။ ကားဒရိုင်ဘာလေးက မောင်းပြေးတယ်ကြားရတာပဲ။ ကျုပ်လည်း သတင်းကြားကြားခြင်း ဆေးရုံကို အပြေးလာခဲ့မိတယ်။

ပတ်တီးအဖွေးသားနဲ့အဖေ။ အသက်အန္တရာယ်မရှိတော့ပေမယ့် သတိတော့မရသေး။ ဒါပေမယ့် အဖေခြေထောက်တစ်စုံတော့ ဆုံးရှုံးလိုက်ရတယ်။ ကျုပ်လေ အဖေ့ကိုကြည့်ပြီးငိုလိုက်ရတာ။ ဒါပေမယ့် အဖေသတိရလာတော့ အပြုံးပင်မပျက်။ ကျုပ်ကိုတောင် လှမ်းပြောလိုက်သေးတယ်။

"မင်းအတွက် ငါနေရာဖယ်ပေးတာတဲ့လေ"

အဖေ့အသက်အရွယ်နဲ့ ကားမမောင်းသင့်တော့ပေမယ့် ပြောမရလို့သာ လွှတ်ထားတာ။ အဲဒီအချိန်က အဖေ့အသက်က (၆၀)ပြည့်ပြီးနေပြီ။ ကျုပ်အသက်ပဲ (၃၀)နားကပ်နေပြီကိုး။ ဒီလိုနဲ့ အဖေ့တာဝန်တွေကို ကျုပ်လက်လွှဲ ယူခဲ့ရတယ်ဆိုပါတော့။ မကြာပါဘူး။ ကျုပ်အိမ်ထောင်ကျသလို့။ ကျန်တဲ့မောင်နှမတွေလည်း ကိုယ်တိုင်မိသားစုတွေနဲ့ ဖြစ်ကုန်ကြပြီလေ။

တစ်နေ့မှာ အဖေက ထူးထူးဆန်းဆန်း ကျုပ်ကို တောင်းဆိုတယ်။

"ဟေ့ကောင် မြမောင် အဖေ ကားတစ်ခေါက်လောက်မောင်းချင်တယ်ကွာ"တဲ့။

"အဖေကလည်း လီဗာ ဘယ်လိုနင်းမလဲ"

"အောင်မယ် ဟိတ်ကောင် မင်းကကြီးကြီးကျယ်ကျယ်နဲ့ မင်းငယ်ငယ်တုန်းက ကားပေါ်မှာ ကစားတုန်းက မင်းခြေထောက်လေး လီဗာကိုမမီတော့ ငါဘာလုပ်ပေးခဲ့လည်း မှတ်မိလား"

အဖေပြောမှ ကျွန်တော်သတိရမိတယ်။ ကျွန်တော်ငယ်ငယ်က ကားပေါ်တက်ဆော့တဲ့အခါ အဖေက ပေါင်ပေါ်တင်ထားရင်း လီဗာနင်းချင်တဲ့ ကျုပ်အစား ဟန်ပြနင်းပေးခဲ့တယ်လေ။ ကျုပ်အဖေ့စကားကြားတော့ ငိုချင်မိတာအရမ်းပဲ။ ဒါနဲ့ ကျုပ် အဖေ့ကိုခေါ်မယ်လို့ ကတိပေးလိုက်တယ်။ အဖေ့ရဲ့ တောက်ပသွားတဲ့ မျက်ဝန်းတွေက ကျုပ်ငယ်ငယ်က သဘောကျခဲ့တဲ့ အဖေ့ရဲ့ပုံရိပ်လေး တစ်ခုပါ။

ဒီလိုနဲ့ နောက်နေ့ အဖေ့ဆန္ဒလေးကိုဖြည့်ဆည်းဖို့ ကားကို ခပ်စောစောနားလိုက်တယ်။ ပြီးတော့ အဖေ့ကို ခေါ်ဖို့ ကျုပ်ထွက်လာခဲ့တယ်။ အဖေနဲ့အမေက ကျုပ်ညီမအငယ်ဆုံးနဲ့ အတူတူနေတာလေ။ ကျုပ်အဖေ အိမ်ရှေ့ရောက်တော့ မြင်လိုက်ရတဲ့မြင်ကွင်းက ကျုပ်ကို ဆွံ့အစေတယ်။ အဖေလေ သူရဲ့ဒရိုင်ဘာဝတ်စုံလေးကိုဝတ်လို့ ဝှီးချဲလေးနဲ့ စောင့်နေတာတွေ့လိုက်ရတယ်။ ကျုပ်တို့အိမ်နဲ့ ကားဝင်းက သိပ်မဝေးတာမို့ အဖေ့ဝှီးချဲလေးကို ကျုပ်တွန်းလာခဲ့မိတယ်။

ကားဝင်းထဲရောက်တော့ အဖေ့ကို ကျုပ်ပွေ့ချီပြီး ဒရိုင်ဘာထိုင်ခုံလေးပေါ်တင်ပေးလိုက်တယ်။ စတီယာတိုင်ကို မြဲမြံစွာကိုင်ထားတဲ့ အဖေ့လက်တွေက အကြောပြိုင်းပြိုင်းထကာ ပိန်လွန်းလှတယ်။ ပါးရေတွေ တွန့်နေတဲ့ အဖေ့မျက်နှာလေးက ချောင်ကျနေပေမယ့် အဖေ့မျက်ဝန်းတွေက အရောင်တွေတောက်ပလွန်းလှတယ်။

စတီယာတိုင်ကို ကျွမ်းကျင်စွာလှည့်ရင်း မောင်းနေတဲ့ အဖေ့မျက်ဝန်းတွေက ယုံကြည်မှုတွေနဲ့ ကြည့်ကောင်းနေတယ်။ ကျုပ်မှတ်မိတာပေါ့ အဖေ ဒရိုင်ဘာလိုင်စင်ရခါစက ဟန်မျိုး။ ကျုပ်အသက်ငယ်သေးပေမယ့် အဖေ့ရဲ့ ကားမောင်းနေတဲ့ပုံရိပ်တွေကို ဘယ်တော့မှ မမေ့မရဘူး။ ကျုပ်အတွက် အဖေက သူရဲကောင်းပဲ။ ဒါကြောင့် ကျုပ်ဒရိုင်ဘာလောကထဲဝင်ချင်ခဲ့တာ။ လိုင်းကားတွေကို သံယောဇဉ်တွယ်လာတာ။ တစ်နာရီလောက် မောင်းပြီးတော့ အဖေမောလို့ထင်ပါရဲ့ ကျုပ်ကိုအရှိန်သပ်ခိုင်းလိုက်တယ်။ အဖေ့မျက်ဝန်းတွေက ပျော်ရွှင်မှုကို ကျုပ်ခံစားမိတယ်။ ကျုပ်လည်း ကားမောင်းရတာကို ပျော်မွေ့တဲ့သူဆိုတော့ သိတာပေါ့။

"ကဲ အဖေကျေနပ်ပြီ။ အိမ်ပြန်ပို့တော့"

ကျုပ် အဖေ့ဝှီးချဲလေးကိုတွန်းလာတဲ့ လမ်းတစ်လျှောက် အဖေက သူကားဒရိုင်ဘာလုပ်တုန်းက အကြောင်းလေးတွေကို တတွတ်တွတ်ပြောပြနေရှာတယ်။ အဖေက သူ့အလုပ်ကိုချစ်တယ်။ လေးစားတယ်။ သူ့ခြေထောက်လေးတွေ မတော်တဆဖြစ်လို့ ခြေနှစ်ချောင်းဆုံးရှုံးလိုက်ရပေမယ့် နောက်မျိုးဆက်သစ်လူငယ်တွေကို တတ်စွမ်းသရွေ့ အန္တရာယ်ကင်းအောင်မောင်းတတ်ဖို့ သူ့ဝှီးချဲလေးတွန်းလို့ နေ့စဉ်ကားဝင်းထဲသွားကာ ပြောပြနေကြ။ ဒါကြောင့် အဖေ့ကို အားလုံးကလေးစားကြတယ်။ ကျုပ်ဖြင့် အဖေ့ကို သိပ်အံ့သြမိတယ်။ အဖေဟာ မသန်စွမ်းပေမယ့် ဘယ်တော့မှ စိတ်ဓာတ်မကျခဲ့ဘူး။ အဖေက ပညာမတတ်ဘူး။ ဒါပေမယ့် သူ့အသက်မွေးဝမ်းကျောင်းပညာကိုတော့ ကျွမ်းကျင်သူတစ်ယောက်။ ကျုပ်လေ အဖေ့သားဖြစ်ရတာ အမြဲဂုဏ်ယူမိတယ်။ ကျုပ်လေ အဖေ့အကြောင်းတွေတွေးရင် အလိုလိုမျက်ရည်ကျလာမိတယ်။ ဘာလိုလဲဆိုရင် အဲဒီနေ့က ကားမောင်းပြီး နောက်နေ့ အဖေ လူ့လောကကြီးထဲက ထွက်ခွာသွားခဲ့တာမို့ပါ။

"အဖေ အဘိုးကိုသတိရနေပြန်ပြီလား။ အပြင်မှာ အေးတယ်။ အိမ်ပြန်ကြရအောင်နော်"

ကျုပ်သားလေးရဲ့ခေါ်သံကြောင့် အတွေးစတွေ ရပ်လိုက်မိတယ်။ ဒါပေမယ့် ကျုပ်ရဲ့တုံးတိဖြစ်နေတဲ့ ခြေထောက်လေးနှစ်ချောင်းကို ကိုင်မိတော့ အဖေ့ခြေထောက်နှစ်ချောင်းဆုံးရှုံးခါစက ပြောဖူးတဲ့စကားလေးတွေ ပြန်ကြားယောင်နေမိတယ်။

"ဟိတ်ကောင် မြမောင် လောကမှာ ဆင်းရဲချမ်းသာမရွေး ကြောက်ရတဲ့အရာက စိတ်ပဲကွ။ အဲဒါကြောင့် ဘဝမှာ ဘယ်လိုထိခိုက်နာကျင်မှုမျိုးနဲ့ကြုံပါစေ ကိုယ့်စိတ်ကို ဘယ်တော့မှ ပြန်မသတ်မိစေနဲ့ကွ။ မင်းရဲ့စိတ်ဓာတ်တွေ ရှင်သန်နေသရွေ့ မင်းဘယ်တော့မှမကျဆုံးဘူး။ အဲဒါ မင်းမြဲမြဲမှတ်ထား"

ကျုပ်လက်ဖမိုးပေါ်ကျလာတဲ့ မျက်ရည်စတွေနဲ့အတူ ကျုပ်ရဲ့အားငယ်စိတ်တွေကိုပါ သုတ်ပစ်လိုက်မိတယ်။ ပြီးတော့ ကျုပ်လို မတော်တဆမှုကြောင့် စိတ်သေနေတဲ့ ဘဝတူကားသမားလေးတွေကို အားပေးဖို့ ဆုံးဖြတ်လိုက်မိတယ်။ ကျုပ်ကိုယ်တိုင်လည်း အဖေ့ကိုရည်မှန်းလို့ နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာကနေ ကတိတစ်ခုပေးလိုက်မိတယ်။ ကျုပ်စိတ်ကို ကျုပ်ဘယ်တော့မှ မသတ်ဘူး အဖေရယ်လို့ပေါ့။

## သံသရာ ခရီးသည်

အတက်အဆင်း ရှုပ်ခြင်းပွေလီ
မွေးဖွားသေဆုံး ပျက်သုဉ်းရသည်
သူငါမလွဲ ငါလည်းသေမည်
နေ့စေ့က ပြေးရသေမင်းဆီ။
ဘဝဆက်ဆက် မပျက်ကြမ္မာ
သံသရာ၌ ကြုံခိုက်ဒုက္ခာ
မြုပ်ချည်ပေါ်လှည့် လူရဲ့ကံဟာ
တစ်သမတ် မပြတ် မရှိရာ။
တွေ့ကြုံဆုံကွဲ ဖြစ်မြဲအဖော်
ရေစက်အကျိုး ရှိရိုးလောက်နော်
ပြုပြင်ပြန်ပြောင်း ရကြောင်းကွယ်သော်
နောင်တခင်းယူနင်း တရားတော်။
ရိက္ခာအထုပ် အလုပ်ဓမ္မာ
ဘာဝနာပွား ရှုထားစိတ်ဟာ
ဝန်တိုတာကင်း စိတ်ရှင်းကြည်သာ
ငြိမ်သာအေး ချိုတေးရင်မြမှာ။

လင်းဝင့်မြို့(ပြင်ဦးလွင်)

## အညာမြေ ရေ

တမာတွေဝေ
အညာမြေ မွေးရပ်ကိုရယ်ပေါ့
တွေးလျက်ပိုကာလွမ်းရတယ်
နွမ်းသည်းကိုလွယ်။
ဖုန်လုံးက တိမ်မင်း
လယ်ကွင်းက မြပင်လယ်
လှသွင်နယ် ပန်းချီခန်းမှာ
ပန်းအလှသူချယ်။
လှည်းယဉ်က ပန်းရထား
အပင်များက အရိပ်သခင်
စိတ်ဘဝင် ရောင်အသွယ်ကို
လှဖွယ်သွတ်သွင်း။
ဆန်းလှသည့် အညာမြေ
လွမ်းရသည့် အခါတွေ များပြီမို့
ပြန်လာမည် အားမာန်ခဲကာပေါ့
တစ်ယောက်တည်း စိတ်သည်းလှာမှာ
ကြိတ်ခဲကာ ရှာပြန်ရက်ကို
လက်ချိုးတွက်ရင်း။

မောင်လေးလှိုင်(ဆင်ချောင်း)

## အညာမြေတမ်းချင်း

မွေးရပ်ဌာနေ အညာမြေသို့
စိတ်နေမှန်းဆ အို... တမ်းတသည်
မျှော်လွမ်းမပြေ နေ့ရက်ရှည်လည်း
လယ်မြေချောင်းကန် ယာတောပြန်နှင့်
လက်ပံနီနီ ပွင့်ချိန်မီတွင်
ရွာဆီတစ်ခေါက် မနေးလျှောက်၍
အရောက်သွားချင်ပါတကား။ ။

သော်ကမိုး(ရေဦး)

t uၾq;

# လတစ်စင်းနှင့် အလင်းပရဟိတ

**မောင်စိုးဝေ(မြို့သာ)**

"ကိုယ့်ဆီမှာဘာမှမရှိလို့ သူတစ်ပါးကိုလည်း ဘာမှမပေးနိုင်ဘူး။ ကုသိုလ်ကောင်းမှုလည်း ဘာမှမလုပ်နိုင်ဘူး"ဟူသော လူတစ်ဦး၏ ညည်းတွားသံကို ကျွန်တော်ကြားလိုက်ရသည်။ လူတော်တော်များများ၏ ပြောရိုးပြောစဉ်စကားဖြစ်သော်လည်း သည်တစ်ခါတွင် ကျွန်တော့်နားထဲ၌သာမက အတွေးထဲအထိ ဝင်ရောက်သွားသည့်အတွက် နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိသည်။ ပြီးတော့ ကျွန်တော့်ဘဝအကြောင်းလေးကိုလည်း ပြန်တွေးမိလိုက်ပါသည်။

ကျွန်တော်သည် ကိုယ်ပိုင်အလင်းရောင်မရှိသော လတစ်စင်းဖြစ်ပါသည်။ ကိုယ်ပိုင်အလင်းရောင်မရှိသော်လည်း နေမှရသောအလင်းရောင်ဖြင့် ကမ္ဘာမြေကို လင်းလက်စေခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်လေပြီ။ သိပ္ပံပညာတွေ မထွန်းကားခင်အချိန်တုန်းက လူအများသည် ကျွန်တော့်ထံ၌ အေးမြသော ကိုယ်ပိုင်အလင်းရောင်ရှိသည်ဟု ယုံကြည်ကြ၏။ လဆန်း၊ လဆုတ်နှင့်ပတ်သက်သော သိပ္ပံဆိုင်ရာအကြောင်းအရာကို ဂယနဗေဒမသိခင်ကလည်း ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးကို ကမ္ဘာမှမြင်နိုင်သည့်ရက်ကို လပြည့်၊ လုံးဝမမြင်ရသည့်ရက်ကိုလကွယ်၊ တဖြည်းဖြည်းပြည့်ဝန်းလာသည့်ရက်များကို လဆန်း၊ တဖြည်းဖြည်းဆုတ်ယုတ်သွားသည့်ရက်များကို လဆုတ်ဟု သတ်မှတ်ခေါ်ဝေါ်ကြ၏။

ကျွန်တော့်ကိုယ်ပိုင်အလင်းရောင် မဟုတ်သော်လည်း ကမ္ဘာဆီသို့ ကျွန်တော့်ထံမှကျရောက်နေသော အလင်းကို ကျွန်တော့်အလင်းဟု ခေါ်ဆိုခွင့်ပြုစေချင်ပါသည်။ ကျွန်တော့် အလင်းရောင်သည် ကမ္ဘာမြေပေါ်ရှိ သက်ရှိ၊ သက်မဲ့များအားလုံးအတွက်ဖြစ်၏။ မည်သူ့အတွက်ပေးသည်ဟူသော ပုဂ္ဂိုလ်စွဲမရှိ။ ပရဟိတစိတ်ဖြင့် ဖြန့်ဝေပေးခြင်း သက်သက်သာဖြစ်ပါသည်။ ပရဟိတဟူသည် အများအကျိုးကို ဆောင်ရွက်ခြင်းဖြစ်သည့်အားလျော်စွာ ကမ္ဘာမြေအတွက် ပရဟိတအလင်းဒါနပြုခြင်းဖြစ်ပါသည်။ သို့သော် ကျွန်တော့်အလင်းရောင်ကို အကျိုးရှိရှိအသုံးချခဲ့သူများမှာ သက်ရှိလူသားများက အများဆုံးဖြစ်နိုင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် "လသာတုန်းဗိုင်းငင်"ဟူသော စကားပုံအတိုင်း ကျွန်တော့်အလင်းရောင်ကို အသုံးပြု၍ သူတို့လုပ်ငန်းကိစ္စများကို အောင်မြင်အောင်ဆောင်ရွက်တတ်ကြသောကြောင့် ဖြစ်ပါသည်။

ရှေးယခင်ကတော့ အမှောင်ခွင်းပေးသည့် ကျွန်တော့် အလင်းရောင်ကို မျှော်လင့်ကြသောလူသားတွေ ဒုနှင့်ဒေးပင်။ ယခုအခါတော့ တိုးတက်လာသော ခေတ်နှင့်အညီ ကမ္ဘာမြေပေါ်တွင် နေ့နှင့်ညခွဲခြားရန် ခက်ခဲသောနေရာအချို့ ပေါ်ပေါက်လာခဲ့၏။ လျှပ်စစ်မီးရောင်များဖြင့် ညအမှောင်ကို ခွင်းကာအလင်းဆောင်ကြသည်။ ထိုသို့သော နေရာမျိုးတွင် နေထိုင်ကြသော လူပုဂ္ဂိုလ်တို့သည် ကျွန်တော့်အလင်းရောင်ကို သိပ်ပြီးတန်ဖိုးမထားကြ။ ထို့ကြောင့်ထင်ပါသည်။ အဆိုတော်တစ်ဦးက "လျှပ်စစ်မီးရောင်ထိန်သောမြို့ပြ၌ သာသောလကို လူတွေတန်ဖိုးထားရကောင်းမှန်းမသိ"ဟု အဓိပ္ပာယ်ရသော စာသားများဖြင့် ကျွန်တော့်ဘက်မှ ဝင်ခံစားပေးရင်းသီဆိုခဲ့ဖူးသည်။ ထိုသီချင်းသံကိုကြားမိတုန်းကလည်း ကျွန်တော်ပြုံးခဲ့ဖူးသည်။ သူခံစားပေးတာကို ကျွန်တော်ကျေးဇူးတင်ပါသည်။

သို့သော် ကျွန်တော့်အလင်းသည် ထိုမြို့ပြများပေါ်တွင်သာ ဖြန့်ကြက်ထားခြင်းမဟုတ်။ တောတောင်ထဲတွင်လည်းရှိသည်။ ပင်လယ်ထဲမှာလည်းရှိသည်။ ကျေးလက်မှာလည်းရှိပါသည်။ သူတို့လိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ ကျွန်တော်အလင်းပေးနေဦးမည် ဖြစ်ပါသည်။ လျှပ်စစ်မီးရောင်အောက်မှ လူသားများက ကျွန်တော့်အလင်းရောင်ကို မေ့လျော့နိုင်သလို အမှောင်ရပ်ဝန်းဒေသမှ လူသားများက ကျွန်တော့်အလင်းရောင်ကို မျှော်လင့်နေနိုင်ပါသည်။ ကုန်ကုန်ပြောရပါလျှင် ကျွန်တော့်အလင်းသည် သက်ရှိ၊ သက်မဲ့အားလုံးကို ပေးဝေခြင်းဖြစ်သည့်အတွက် သက်ရှိအဖွဲ့အစည်းအတွင်းမှ လူသားမျိုးနွယ်တစ်ခု၏ ကျွန်တော့်အပေါ် တန်ဖိုးသတ်မှတ်ခြင်းကို ကျွန်တော်ဂရုမစိုက်နိုင်အားပါ။ မခံစားနိုင်အားပါ။

"ကိုယ့်ဆီမှာဘာမှမရှိလို့ သူတစ်ပါးကိုလည်း ဘာမှမပေးနိုင်ဘူး။ ကုသိုလ်ကောင်းမှုလည်း ဘာမှမလုပ်နိုင်ဘူး" ဟု ညည်းတွားလိုက်သော လူတစ်ဦး၏အသံကို ကျွန်တော်ပြန်တွေးမိသည်။ "ဘာမှမရှိတဲ့သူက ကုသိုလ်ကောင်းမှုမလုပ်နိုင်ဘူး"ဟူသောအချက်ကို ကျွန်တော်လက်သင့်မခံ။ အများသူငါသွားလာနေသော လမ်းမထက်မှ အမှိုက်များကို ရှင်းပေးခြင်း၊ ချိုင့်ခွက်များကိုဖို့ပေးခြင်း၊ အများသူငါကုသိုလ်ပြုထားသော ဇရပ်၊ တန်ဆောင်း၊ ဘုရား၊ ကျောင်း၊ ကန်များကို ကိုယ်တတ်စွမ်းသမျှ လုပ်အားဒါနဖြင့် သန့်ရှင်းပေးခြင်းစသည့် ပရဟိတလုပ်ငန်းများသည်ဘာမှမရှိဘဲ ပြုနိုင်သောကုသိုလ်များပင် ဖြစ်ပါပေ၏။ အကျိုးလည်း ထူးလှပါပေ၏ဟု ကျွန်တော်တွေးမိသည်။ ကျွန်တော့်တွင်လည်း ကိုယ်ပိုင်အလင်းရောင်မရှိပါ။ သို့သော် နေမှရသော အလင်းဖြင့် ကမ္ဘာမြေကို အလင်းပရဟိတကုသိုလ်ပြုနေဦးမည်ဖြစ်ပါသည်။ ။

ဆောင်းပါး

# ရိုးမြေကျတိုင် သစ္စာခိုင်စေ

**ရေတော်သား**

ဝါကျွတ်တော့မည်ဆိုကတည်းက တုနှစ်ကိုယ်ဂဟေဆက် ရွှေလက်ထပ်မယ့် မင်္ဂလာပွဲတွေကျင်းပကြဖို့ သတို့သားလောင်းများ၊ သတို့သမီးလောင်းများ ပြင်ဆင်လာကြသည်ကို တွေ့မြင်လာရသည်။ နှလုံးသားချင်းထပ်တူပြုပြီး ဘဝနှစ်ခုပေါင်းဖက်မည့်သူများပါဝင်သလို နှစ်ဖက်မိဘများ၏ သဘောဆန္ဒအရ ရွှေလက်တွဲကြမည့်သူများလည်း ပါရှိနေပေမည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့မြန်မာဆိုရိုးစကားများထဲတွင် အိမ်ထောင်ပြု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုးချက်မပိုင် နောင်ပြင်ရန်ခက်သည့်အမျိုးဟု အဆိုရှိခဲ့လေသည်။ သို့ကြောင့် အိမ်ထောင်ပြုကြတော့မည်ဆိုပါက မိမိဘဝထဲသို့ ဝင်လာမည့် မိမိလက်တွဲဖော်၏ စိတ်နေစိတ်ထား စရိုက်လက္ခဏာများအား ကြိုတင်လေ့လာထားသင့်ပေသည်။ အထူးသဖြင့် နှမငယ်များ မိမိလက်တွဲဖော်အား ပို၍လေ့လာသင့်ကြပေသည်။ ထိုသို့မလေ့လာဘဲ အချစ်တစ်ခုကိုသာ ကိုးကွယ်၍ ဘဝခရီးကိုဖြတ်သန်းကြမည်ဆိုပါက ကြေကွဲဝမ်းနည်းမှုများသည် မဖိတ်ခေါ်သော်လည်း မိမိထံသို့မနှေးအမြန်ရောက်ရှိလာပေလိမ့်မည်။

ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းအောက်မှာ ရောထွေးယှက်နွယ်လာသော ယဉ်ကျေးမှုတွေကြောင့် အခုမြင် အခုကြိုက် အခုလက်ထပ်ပေါင်းသင်းနေထိုင်ကြပြီး နှစ်အနည်းငယ်မျှဖြင့် ကွာရှင်းပျက်စဲ လမ်းခွဲလာကြသော အိမ်ထောင်ရှင်များ ပို၍များပြားလာနေခြင်းမှာ ကောင်းမွန်သော မြန်မာတို့၏ ဓလေ့တစ်ခုမဟုတ်ပေ။ ဟိုယခင်အချိန်များဆီက မြန်မာတို့၏ လက်ထပ်မပေါင်းသင်းမီ သုံးနှစ်သုံးမိုး အချိန်ယူလေ့လာကြသော စရိုက်လက္ခဏာများသည် ယနေ့ခေတ်တွင် ပျောက်ကွယ်သွားပြီဟု ဆိုရပေတော့မည်။ ထိုသို့ ပျောက်ကွယ်သွားခြင်းကြောင့်လည်း အိမ်ထောင်ကွဲ ဇာတ်လမ်းများအား နိစ္စဓူဝ မြင်တွေ့ကြားသိနေကြရခြင်းဖြစ်ပေမည်။ ထိုသို့အိမ်ထောင်ကွဲကြခြင်းများတွင် အမျိုးသားများထက် အမျိုးသမီးများမှာ ပို၍ ထိခိုက်နစ်နာဆုံးရှုံးကြရသည်။ အိမ်ထောင်ကွဲ တစ်ခုလပ်ဟူသော ဂုဏ်ပုဒ်ကြီးဖြင့် ပတ်ဝန်းကျင်၏ ထိကပါးရိကပါ ပြုမူခြင်းများခံရသည့်အပြင် နှမသားခြင်း မစာနာတတ်သော အချို့အချို့သောယောကျ်ားသားတို့၏ သွေးတိုးစမ်းခြင်းကိုပါ ခံကြရသည်မဟုတ်ပါလား။ ထို့ကြောင့်လည်း တံခွန်မရှိတဲ့ ဘုရား၊ အလံမရှိတဲ့ ရထား၊ လင်မရှိတဲ့မယား မတင့်တယ်ဟု ရှေးပညာရှိများက မိန့်ဆိုခဲ့ကြခြင်းဖြစ်ပေမည်။ တစ်ပင်လဲမှ တစ်ပင်ထူနိုင်ကြသော်လည်း ထူလိုက်သည့်အခါတိုင်းတွင် မစူးစမ်းမလေ့လာခဲ့ပါက ဒုက္ခလှလှဖြင့်သာ ကြုံတွေ့ရပေမည်။

လွန်ခဲ့သောသုံးနှစ်ခန့်က ကျွန်တော်တို့အိမ်ဘေးမှ မိန်းကလေးတစ်ဦးသည် မိဘမောင်နှမများ တားမြစ်နေသည်ကိုမျက်ကွယ်ပြုပြီး အချစ်ကိုရူးမိုက်စွာကိုးကွယ်၍ သူနှင့်တွေ့ဆုံချစ်ကြိုက်သည်မှာ မကြာသေးသောသူတစ်ဦးနှင့် ခိုးရာလိုက်ပြေးခဲ့သည်။ မိဘမောင်နှမများလည်း မည်သို့မျှမတတ်သာသည့်အဆုံး လက်ခံပေးခဲ့ရသည်။ မိမိဘဝလက်တွဲဖော်အား ကြိုတင်လေ့လာမှုမရှိခဲ့သော ထိုမိန်းကလေးသည် အိမ်ထောင်ရေးသုခထက် အိမ်ထောင်ရေးဒုက္ခများဖြင့်သာ ကြုံတွေ့ရတော့သည်။ သူ၏ဘဝလက်တွဲဖော်သည် သောက်စားမူးယစ်နေသူ ဖြစ်သည့်အပြင် မိန်းမကိစ္စပါ ပွေရှုပ်သူဖြစ်သောကြောင့် အိမ်ထောင်သက်သုံးလမှာပင် စလယ်ဝင်အိုးလေးဖင် မမည်းပါဘဲ ကွာရှင်းပျက်စဲခဲ့ကြတော့သည်။ ပြီးခဲ့သောနှစ်ကလည်း ကျွန်တော့်သူငယ်ချင်းတစ်ဦး အိမ်ထောင်ကွဲဖြစ်ခဲ့သည်။ ထိုသူငယ်ချင်းသည်လည်းသူ၏ မိဘအသိုင်းအဝိုင်းနှင့် နေထိုင်မှုပုံစံကွဲပြားခြားနားသော မိန်းကလေးတစ်ဦးနှင့် လက်ထပ်ပေါင်းသင်းခဲ့သည်။ လင့်ဝတ္တရားကျေပွန်စွာ လုပ်ကိုင်ကျွေးမွေးသော်လည်း ထိုမိန်းကလေးကမူ မယားဝတ္တရားများကိုပင် ကောင်းစွာမသိပေ။ ယောက္ခမချက်ပြုတ်သမျှအား အခန့်သားထိုင်စားသည့်အပြင် ယောကျ်ားလေးအပေါင်းအသင်းတရုန်းရုန်းဖြင့် နေ့စဉ်ရက်ဆက် ဟိုဒီသွားလာရင်း ခင်ပွန်းသည်ရှာဖွေသမျှအား ဖြုန်းတီး၍နေသည်။ ထိုမိန်းကလေး၏အပြုအမူအနေအထိုင်များအား သည်းမခံနိုင်သည့်အဆုံးတွင် သူငယ်ချင်းဖြစ်သူက လမ်းခွဲခဲ့သည်။

ထိုသို့အိမ်ထောင်ကွဲကြရာတွင် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ လမ်းခွဲကြသည်ဟု အလွယ်တကူပြောဆိုနေကြသော်လည်း အဓိကအချက်မှာ ဘဝနှစ်ခုမပေါင်းစပ်မီ အချိန်ယူလေ့လာညှိနှိုင်းမှုမရှိခဲ့ကြခြင်းကြောင့် ဖြစ်သည်။ အခုမြင် အခုကြိုက် အခုလက်ထပ်လာကြခြင်း၏ ဆိုးကျိုးများဟုဆိုရင်လည်း မှားမည်မဟုတ်ပေ။ လွန်ခဲ့သောအချိန်များဆီက မြန်မာတို့၏အိမ်ထောင်ရေးသည် တစ်ဦးကိုတစ်ဦး သုံးနှစ်သုံးမိုး အချိန်ယူလေ့လာ၍ စနစ်တကျတည်ဆောက်ခဲ့ကြသောကြောင့် စလယ်ဝင်အိုးလေးဖင်မည်းရုံမျှမက ပြည်ဝင်အိုးများပါမည်း အရိုးမြေကျသည်အထိ စွဲစွဲမြဲမြဲ မေတ္တာရှိရှိ သစ္စာသိသိတို့ဖြင့် ယုယကြင်နာစွာ ပေါင်းသင်းနေထိုင်နိုင်ခဲ့ကြသည်မဟုတ်ပါလား။ ယခုခေတ်အခါတွင်မူ မေတ္တာမသိ သစ္စာမရှိ စိတ်ခံစားမှုကိုအရင်းတည်ပြီး အိမ်ထောင်ပြုကြတော့ စလယ်ဝင်အိုးလေးဖင်မမည်းခင်ကပင် လမ်းခွဲပျက်စဲနေကြသည်။ ထိုသို့ စလယ်ဝင်အိုးလေး ဖင်မမည်းခင် အိမ်ထောင်ရေးပျက်စီးဆုံးရှုံးမှုများမကြုံကြစေရန် အိမ်ထောင်ပြုကြမည့်ညီငယ်၊ နှမငယ်များအနေဖြင့် မိမိဘဝလက်တွဲဖော်အား အချိန်ယူလေ့လာကြဖို့ တိုက်တွန်းလိုပါသည်။ အိမ်ထောင်ရှင်များအနေဖြင့်လည်း မိမိဘဝလက်တွဲဖော်နှင့် မတိုက်ဆိုင်သော စိတ်သဘောထားများအား မေတ္တာရှေ့ထားညှိနှိုင်းကြ၍ မြန်မာတို့၏ ဂုဏ်ယူစရာကောင်းသော တစ်လင်တစ်မယားစနစ်ကိုကျင့်သုံးရင်း စလယ်ဝင်အိုးလေး ဖင်မည်းရုံမက အရိုးမြေကျသည့်တိုင် သစ္စာရှိစွာ ပေါင်းဖက်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

## တန်ဖိုးရှိသော ဘဝ

ရေပွက်ပမာ ဘဝတာကား
အညာအပွင့် လွန်စွာတင့်လည်း
ကြွေလွင့်သက်ဆင်း မြေသို့နင်း၍
ပျက်ယွင်းရမှာ ဓမ္မတာမို့
ရလာခဏ ဒီဘဝကို
မာနထောင်လွှား မော်မကြွားဘဲ
ပယ်ရှားလောဘ ကင်းဒေါသနှင့်
လောကကောင်းကျိုး ဆောင်သယ်ပိုး၍
တန်ဖိုးရှိစွာ နေထိုင်ပါ။

**ဇော်ဇော်မောင်(ပညာ)**

## ဝေးသူနဲ့ဆွေး နီးသူနဲ့ဝေး

စဉ်လာမပျက် မင်္ဂလာနံနက်
အင်တာနက်က နှုတ်ဆက်တဲ့
ချစ်ဖွယ်ချို ဆိုစကား။
လှစ်ခြွေကာ မပျက်တမ်းပါကွယ့်
ချစ်ဆွေသဟာ မာစေစမ်းချင်လို့
လှမ်းပို့ပန်ကြား။
တစ်နေကုန်အလွမ်းသယ်
ပန်းတယ်လို့ ရှိပါဘူး။
မေတ္တာသီ ပန်းနှယ်ဆွတ်ပါ့
ဖူးညွှတ်ကြည်နူး။
မမောပေါင်ကွယ်
တောတောင်နယ် ဘယ်သို့ခြားလည်း
ဖန်သားထက် တွေ့ဖို့လွယ်
ပြုံးချင်းဖလှယ်ကွန့်မြူး။
ဆုံးသက်မင်
ဖုန်းမျက်နှာပြင် တစ်ချက်ကလေးပါပဲ
ကွာဝေးစေ မိုင်ထောင်သောင်းချီပေါ့
လှမ်းတွေ့ကြည်နူး။
ဒီဆောင်းညမှာဖြင့်
မွေးမေက ပြောရှာတယ်
သားရယ်လာပါကွယ့် အမေ့နား။
ညအခင်း လမင်းသာတယ်
ဖျာခင်းကာ ဖုန်းချပါကွယ့်
လေညင်းကို ရှုက်ဖိုသွင်းရင်း
စကားခွန်းတုံ့ကြွယ်
ပြောစို့ကွယ် ပြန်လှန်စကား။
သားမှာဖြင့်
ဖုန်းမျက်နှာပြင် အပြုံးဓာတ်ဝင်
အဆုံးမသတ်ချင်
မွေးမေပြောစကား ဘယ်မကြား။
ဝေးသူဆီဆွေးပူကာ စကားဆိုရတာနဲ့
နီးသူကို စာနာမထားသလိုပေါ့
သားရယ်က မအား။

**အလင်းရောင်(မြို့သာ)**

## လှိုင်မဟာစည် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

လှိုင်မဟာစည်၏ (၃၉)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မိဂဒါဝုန် ဝိပဿနာသင်တန်း (၁၇)ရက်တရားစခန်းသိမ်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လှိုင်မဟာစည် ယောဂီများ၊ အကျိုးတော်ဆောင်များ၊ ဖြတ်ပိုင်းအကျိုးတော်ဆောင်၊ စုဘူးအလှူရှင်၊ ဝေယျာဝစ္စအလှူရှင်၊ ဓမ္မ မိတ်ဆွေများအားလုံး မပျက်မကွက် (ဆက်ဆက်)ကြွရောက်တော်မူကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်)
၂၂-၁၀-၂၀၁၇ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီတိတိ
(နံနက် ၈ နာရီခွဲအရောက် ကြွရောက်တော်မူကြပါရန်)
ကျင်းပမည့်နေရာ - သာသနာ့မာရ်အောင် ဓမ္မာရုံတော်ကြီး၊ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက် ယောဂီကျောင်းလမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀၊ ၅၂၁၁၀၇

**(သင်တန်းဖြစ်မြောက်ရေးကော်မတီ)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
### အဆောက်အဦများဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ အပ်နှံသော အခြေခံပညာဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ အဆောက်အဦးများ အသစ်ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာဦးစီးဌာန (၁၅)ခု
(ခ) ကုသရေးဦးစီးဌာန (၈)ခု
(ဂ) တိုင်းရင်းဆေးပညာဦးစီးဌာန (၆)ခု

၂။ တင်ဒါလျှောက်လွှာပုံစံများ - ၃-၁၁-၂၀၁၇ ရက်
စတင်ရောင်းချမည့်ရက်/အချိန် - ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၁၁-၂၀၁၇ရက်၊ ၁၆း၃၀နာရီ
တင်ဒါဖွင့်မည်ရက်/အချိန် - ၁၆-၁၁-၂၀၁၇ရက်၊ ၁၀း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-


**ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန**
**ချင်းပြည်နယ်၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈**


**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် E-13/157 တွင်ရှိ မြေကွက်အမှတ်(၁၃၃၈)၊ ပေ(၄၀×၆၀)ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်အမည်ပေါက် ဦးကျင်မောင်(ISN-၅၁၇၁၁၃)ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး စာချုပ်စာတမ်း အထောက်အထားမူရင်းနှင့် ပါမစ်မူရင်းတို့ကို လက်ဝယ်ရယူထားသော ဒေါ်သိင်္ဂီမာ[၁၂/သဃက (နိုင်)၀၄၄၈၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၃၈၇၆၉)**
**အမှတ်(၁၉၀)၊ ရွှေဝါထွန်း(၂)လမ်း၊ ၃၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**







[illegible]

## ပျောက်ဆုံးကြောင်း

ဦးမြတ်ကိုကို[၁၂/တမန(နိုင်)၀၉၅၆၂၆] ပိုင်မော်တော်ယာဉ်၏Custom Statement (KZJ95-0129968)မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၃၀၅၇၇၆၉**

## ပျောက်ဆုံးကြောင်း

HAIL STONE Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်မူရင်းနှင့် ထုတ်ကုန်သွင်းကုန်မူရင်းစာရွက်များမှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၄၀၈၂၅**

## ဒုရဲအုပ်လောင်း(အထူး)၂/၈၇ သင်တန်းဆင်းအရာရှိများ တွေ့ဆုံပွဲဖိတ်ကြားခြင်း

နှစ်(၃၀)မြောက် ပုလဲရတုအထိမ်းအမှတ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်၍ မပျက်မကွက် လာရောက်ကြပါရန် -

ရက်/နေ့ - ၂၂-၁၀-၂၀၁၇(တနင်္ဂနွေနေ့)
နေရာ - ရွှေမန်းကျောင်းတိုက်(သွေးဆေးဘဏ်၊ မင်္ဂလာဈေးအနီး) အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
အချိန် - နံနက် ၉ နာရီ မှ ၁၂ နာရီထိ
(နေ့လယ်စာစီစဉ်ထားပါသည်။)
ဆက်သွယ်ရန် - ဦးသန်းဇွေ ဖုန်း - ၀၁-၉၆၉၀၆၁၄၊ ၀၉၂၅၈၅၆၁၂၅၃
ဦးတင့်လွင် ဖုန်း - ၀၉-၇၉၅၂၆၉၃၈၈
ဦးစိုးဝင်း ဖုန်း - ၀၉-၄၅၂၉၆၆၃၅၃၊ ၀၉-၄၅၀၂၁၅၂၁၃

## မြန်မာနိုင်ငံရဲတပ်ဖွဲ့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်မှာ ၁၃-၁၀-၂၀၁၇ ရက်မှ ၁၄-၁၁-၂၀၁၇ ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၁၅-၁၁-၂၀၁၇ရက်၊ ၁၀း၀၀နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား တစ်စောင်လျှင်(၁၀၀၀၀/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၄၅)၊ ဖြည့်တင်း/ထောက်ပံ့ဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၂၅၁၂သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့**










**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

